Bago Young Clothing ltd. နှင့် စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်မှု

စဉ်	ဆောင်ရွက်သည့် အကြောင်းအရာ	ဆောင်ရွက်သည့် ရက်စွဲ	အကြောင်းပြန်ကြားသည့် ရက်စွဲ	မှတ်ချက်
၁	ကုမ္ပဏီမှ အဆိုပြုချက်တင်ပြခြင်း	၁၅-၇-၂၀၁၉		
၂	အဆိုပြုချက်စိစစ်ရေးအဖွဲ့ အစည်းအဝေး (၂၆/၂၀၁၉)သို့ တင်ပြခြင်း	၅-၈-၂၀၁၉		
၃	ကုမ္ပဏီသို့အဆိုပြုလွှာလက်ခံကြောင်း ပြန်ကြားခြင်း	၆-၈-၂၀၁၉		
၄	အဆိုပြုချက်စိစစ်ရေးအဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက် ပြန်ကြားခြင်း	၆-၈-၂၀၁၉		
၅	လုပ်ငန်းလိုအပ်ချက်အရသယံဇာတ နှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ သဘောထား တောင်းခံခြင်း	၆-၈-၂၀၁၉	၁၉-၈-၂၀၁၉	
၆	စက်မှုဝန်ကြီးဌာနသို့သဘောထား တောင်းခံခြင်း	၆-၈-၂၀၁၉	၂၃-၈-၂၀၁၉	
၇	စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန	၆-၈-၂၀၁၉	၂၉-၈-၂၀၁၉	
၈	ကုမ္ပဏီမှအဆိုပြုချက်ပြန်လည် တင်ပြခြင်းနှင့်ပြင်ဆင်ချက်များ ပေးပို့ခြင်း	၁၆-၈-၂၀၁၉		
၉	ကော်မရှင်အစည်းအဝေး ၁၅/၂၀၁၉ သို့ တင်ပြခြင်း	၁၄-၉-၂၀၁၉		
	စုစုပေါင်းကြာမြင့်ရက်	၆၀ ရက်		

အဆိုပြုချက်စိစစ်ရေးအဖွဲ့၏ ဆွေးနွေးချက်၊ ဆုံးဖြတ်ချက်အပေါ် ဆောင်ရွက်ပြီးစီးမှု

ကုမ္ပဏီအမည် – Bago Young Clothing ltd.

လုပ်ငန်းအမျိုးအစား – CMPစနစ်ဖြင့် အဝတ်အထည် အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်း

PATအကြိမ်/နေ့စွဲ – ၂၆/၂၀၁၉ (၅-၈-၂၀၁၉)

စဉ်	အဆိုပြုချက်စိစစ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်အပေါ် ပြင်ဆင်ရန် အချက်များ	ဆောင်ရွက် ပြီးစီးမှု ပြီး/မပြီး	မှတ်ချက်
၁	မိခင်ကုမ္ပဏီ၏ Profile အား တင်ပြရန်။	ပြီး	
၂	ထပ်ဆင့်ငှားရမ်းခြင်းစာချုပ်အား ပြန်လည်ပြင်ဆင်တင်ပြရန်။	ပြီး	
၃	စက်ပစ္စည်းစာရင်းအား ပြန်လည် ပြင်ဆင် တင်ပြရန်နှင့် ပြည်တွင်းမှ ဝယ်ယူနိုင်သည့် ပစ္စည်းများအား ပြည်တွင်းဝယ် အဖြစ် ပြင်ဆင်ဖော်ပြရန်။	ပြီး	
၄	လျှပ်စစ်ဓါတ်အား ရယူမည့် အစီအစဉ်အား kWh ဖြင့်ဖော်ပြရန် နှစ်စဉ်ဓါတ်အား လိုအပ်ချက်နှင့် လျှပ်စစ်သွယ်တန်းမှုအတွက် Single Line Diagram ရေးဆွဲ တင်ပြရန်။	ပြီး	
၅	ဘွိုင်လာအတွက် လောင်စာ အသုံးပြုမည့် အစီအစဉ်နှင့် Generator များအတွက် လိုအပ်သည့် capacity အား ဖော်ပြရန်။	ပြီး	
၆	အမှန်တကယ် ဆောင်ရွက်မည့် CSR Plan အား ပြင်ဆင် တင်ပြရန်။	ပြီး	
၇	ဖက်စပ်ကုမ္ပဏီ Asia Golden Glory Development Co., Ltd. မှ လုပ်ငန်းလုပ်ကိုင်ခွင့် ရရှိထားသည့် မြေဧက ၁၀၀ အနက်မှ Bago Young Clothing ltd. သို့ ငှားရမ်းမည့် မြေဧကအား လျော့ချရန်နှင့် အဆိုပြုလုပ်ငန်းအတွက် အသုံးပြုမည့် မြေ အထောက်အထားအားတင်ပြရန်။	ခွင့်ပြုမိန့် ရရှိပြီးက ပြင်ဆင် ဆောင်ရွက်သွားမည်ဖြစ် ကြောင်းတင်ပြထားပါသည်။	

ကန့်သတ်

အကြောင်းအရာ။ **ရခိုင်နှုန်း ပြည့်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဖြင့် Bago Young Clothing ltd. တည်ထောင်ကာ CMPစနစ်ဖြင့်အဝတ်အထည် အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုချက်တင်ပြခြင်းကိစ္စ**

၁။	ကုမ္ပဏီအမည်/	– Bago Young Clothing ltd.
	ရင်းနှီးမြှုပ်နှံသူ	– Mr. Wu Yongjie (Chinese)
	ရင်းနှီးမြှုပ်နှံမှုပုံသဏ္ဌာန်	– ရခိုင်နှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု – Jiang Su Chang Jiang Textile Trading Co.,Ltd. (China) 100%
	လုပ်ငန်းအမျိုးအစား	- CMPစနစ်ဖြင့် အဝတ်အထည် အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်း
၂။	တည်နေရာ	- စက္ကူစက်ရုံ(ရေနီ)၊ ရေနီမြို့၊ ရေတာရှည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး
၃။	မြေပိုင်ရှင်	– အမှတ် ၃ အကြီးစား စက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန (မူလမြေပိုင်ရှင်)
	မြေ/အဆောက်အဦ အကျယ်အဝန်း	- ဖက်စပ်ကုမ္ပဏီ Asia Golden Glory Development Co., Ltd. မှ ငှားရမ်းအသုံးပြုခွင့်ရရှိထားသော မြေဧရိယာ ၁၀၀ ဧက အနက် ၃.၉၅ ဧက(၁၆,၀၀၀စတုရန်းမီတာ)နှင့် ယင်းမြေပေါ်ရှိ (၁၀၅၆၀ စတုရန်းမီတာ) အဆောက်အဦ ၁ လုံးအား ထပ်ဆင့်ငှားရမ်းခြင်းဖြစ်ပါသည်။ - ၁ ထပ် RC တစ်လုံး (၂၇၅.၅၉ပေ x ၄၀၅.၅၆ပေ)
	နှစ်စဉ်မြေ/အဆောက်အဦ ငှားရမ်းခ	- US$ ၂၀၀,၀၀၀
	မြေ/အဆောက်အအုံ ငှားရမ်း/ အသုံးပြုခွင့်သက်တမ်း	- ၁၅ နှစ်
၄။	ရင်းနှီးမြှုပ်နှံမှုပြုလုပ်လိုသည့် သက်တမ်း	– ၁၅ နှစ်
၅။	တည်ဆောက်မှုကာလ/ ပြင်ဆင်မှုကာလ	- ၂ နှစ်

ကန့်သတ်

၆။	စုစုပေါင်းမတည်ငွေရင်း	အမေရိကန်ဒေါ်လာ ၃.၉၅၂ သန်း
	ထည့်ဝင်သည့်အမျိုးအစား	- US$ (သန်း)
	ငွေသား	၀.၇၀၀
	စက်ပစ္စည်း(ပြည်ပ)	၃.၂၂၆
	ပရိဘောဂပစ္စည်း(ပြည်တွင်း)	၀.၀၂၆
	စုစုပေါင်း	**၃.၉၅၂**
၇။	ရောင်းချမည့်နည်းစနစ်	- ၁၀၀ % ပြည်ပတင်ပို့ခြင်း
၈။	ထုတ်လုပ်မှုနှင့် CMP လက်ခနှုန်း(ပထမနှစ်)	

	ထုတ်လုပ်မှု Pcs (000)	CMP လက်ခနှုန်း (US$/Pcs)
Men Jacket	၂၆၀	၂.၀၀
Ladies Jacket	၁၈၀	၂.၀၀
Men Trouser	၁၈၀	၁.၅၀
Ladies Trouser	၂၁၀	၁.၄၀
Dress	၄၁၀	၁.၃၀
Skirt	၇၃၀	၀.၉၀
Blouse	၄၀၀	၀.၉၀
Jumpsuit	၂၃၀	၁.၃၀

၉။ အခြားတင်ပြချက်

	ပြည်တွင်း	ပြည်ပ
ဝန်ထမ်းဦးရေ	၁၃၀၂	၂၀
အမြင့်ဆုံးလစာ	ကျပ် ၇၀၀,၀၀၀	US$ ၁,၀၀၀
အနိမ့်ဆုံးလစာ	ကျပ် ၁၅၀,၀၀၀	US$ ၁,၀၀၀

- 1 US$ = ၁၅၂၃ ကျပ်နှုန်းဖြင့် တွက်ချက်ထားပါသည်။
- Jiang Su Chang Jiang Textile Trading Co.,Ltd. ၏ ကုမ္ပဏီ မှတ်ပုံတင်လက်မှတ်အမှတ်-91320000134793712Nနှင့် Business License အား တင်ပြထားပါသည်။

၁၀။	စိစစ်တင်ပြချက်	- ငွေကြေးအထောက်အထားအဖြစ် ICBC Bank တွင် ၂၇-၁၂-၂၀၁၈ ရက်စွဲဖြင့် အမေရိကန် ဒေါ်လာ ၂,၀၀၀,၂၄၈.၆၂ ရှိကြောင်း တင်ပြထားပါသည်။ - မိခင်ကုမ္ပဏီ၏ အထောက်အထားများတင်ပြထားပါသည်။ - Bago Young Clothing Co., Ltd. သည် Juritex Import-Export GMBH နှင့် Bay City Textilhandels GMBH တို့ကြား ချုပ်ဆိုထားသည့် Order Agreement များအား တင်ပြထားပါသည်။ - Asia Golden Glory Development Co., Ltd. နှင့် Bago Young Clothing Co., Ltd. တို့ကြားချုပ်ဆိုမည့် Sub-Lease Agreement အား တင်ပြထားပါသည်။ - ပတ်ဝန်းကျင်ထိန်းသိမ်းရေးစီမံချက်၊ဝန်ထမ်းသက်သာ ချောင်ချိရေးအစီအစဉ်နှင့် မီးဘေးကာကွယ်ရေးဆောင်ရွက်ထားရှိမှု အစီအစဉ်များအားတင်ပြထားပါသည်။ - အဆိုပြုလုပ်ငန်းသည် ဦးစားပေး မြှင့်တင်မည့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် ပါဝင်ပြီး ISIC 1410 တွင် အကျုံးဝင်ပါသည်။ - **ကုန်ကြမ်း**များအား တရုတ်နိုင်ငံမှ တင်သွင်းမည်ဖြစ်ပြီး ထွက်ရှိလာသော အဝတ်အထည်များအား ဥရောပ၊ ဂျာမနီ၊ ကနေဒါနှင့် တရုတ်နိုင်ငံ များသို့ တင်ပို့မည်ဖြစ်ပါသည်။ - **စက်ပစ္စည်း**များအား တရုတ်နိုင်ငံမှ တင်သွင်းမည်ဖြစ်ပါသည်။ - **Crivit, Lupilu and Jack & Jones** စသည့် **Brand** များဖြင့် ထုတ်လုပ်မည် ဖြစ်ပါသည်။ - စက်မှုဝန်ကြီးဌာန၊ အမှတ် ၃ အကြီးစားစက်မှုလုပ်ငန်း ၊ စက္ကူစက်ရုံ(ရေနီ)ရှိ **မြေ၂၀၄၇.၉၆၇ဧကအား လက်ဝါး ကုမ္ပဏီလီမိတက်သို့ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၃၂/၂၀၁၃)၏ ခွင့်ပြုချက်အရ တစ်နှစ်လျှင် ကျပ် ၉၅၀ သန်းဖြင့် (၁-၁၀-၂၀၁၃) ရက်နေ့မှစ၍ (၃၀+၅+၅)နှစ် ငှားရမ်းခွင့်ပြုထား** ပါသည်။

		- လက်ဝါးကုမ္ပဏီလီမိတက် မှ ဖက်စပ် ကုမ္ပဏီ Asia Golden Glory Development Co.,Ltd. ထူထောင်၍ မြေ ၂၀၄၇.၉၆၇ဧက အနက်မှ ၁၀၀ ဧကတွင် အထည်ချုပ်လုပ်ငန်း ဆောင်ရွက်ခွင့် ရရှိထားပြီး မြေငှားသက်တမ်း ၂၆နှစ် ကျန်ရှိပါသည်။ - အမှတ်(၃)အကြီးစား စက်မှုလုပ်ငန်းနှင့် လက်ဝါးကုမ္ပဏီတို့ ချုပ်ဆိုခဲ့သော **ပထမအကြိမ်ပြင်ဆင်ချက် စာချုပ်အရ ခွင့်ပြုမိန့် လုပ်ငန်းလုပ်ကိုင် ခွင့်ပြုထားသော မြေနှင့်အဆောက်အဦများကို လုပ်ငန်းသက်တမ်းကာလအတွင်း ထိုရင်းနှီးမြှုပ်နှံမှု လုပ်ငန်း အတွက်အခြားပုဂ္ဂိုလ်တစ်ဦးဦးအား တစ်ဆင့်ငှားရမ်းခြင်းနှင့် ပေါင်နှံခြင်းစသည်တို့ကို ဆောင်ရွက်မည်ဆိုပါက ကော်မရှင် ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည် ဟုဖော်ပြထားပါသည်။** - အဆိုပြုလုပ်ငန်းအား ဆောင်ရွက်ခွင့် ရရှိပါက စက်မှုဝန်ကြီးဌာနအနေဖြင့် မူလစက်ရုံငှားရမ်းခနှင့် မြေ ဧက ၁၀၀ အတွက်တစ်နှစ်လျှင် မြေငှားရမ်းခ အမေရိကန်ဒေါ်လာ ၈၀,၉၃၇ နှင့်ဖက်စပ်ကုမ္ပဏီ၏ တစ်နှစ်ဝင်ငွေအပေါ် ၀.၁၅ % အား ထပ်မံ ရရှိမည်ဖြစ်ကြောင်းတင်ပြထားပါသည်။ - **စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ** တင်ပြထားသည့် စက်ပစ္စည်းနှင့် ကုန်ကြမ်းပစ္စည်းများ တင်သွင်းခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ထုတ်ပြန်ထားသည့်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်မည်ဆိုပါက **ကန့်ကွက်ရန်မရှိကြောင်း** သဘောထားမှတ်ချက်ပြန်ကြားထားပါသည်။ - **ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနမှ** ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan-EMP) အားပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ် ထုံးလုပ်နည်းပါ အချက်အလက်များနှင့်အညီ အစီရင်ခံစာ ရေးသားတင်ပြရန် သဘောထားပြန်ကြားထားပါသည်။ - **စက်မှုဝန်ကြီးဌာန** မှ အဆိုပြုလုပ်ငန်းအတွက် တင်သွင်းမည့်ကုန်ကြမ်း လိုအပ်ချက် ဇယားတွင် H.S Code အမှတ်များပြန်လည်စိစစ်ရန်နှင့် အဆိုပြု လုပ်ငန်းအပေါ် **ကန့်ကွက်ရန်မရှိကြောင်း** သဘောထားပြန်ကြားထားပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

စာအမှတ်၊မရက-၃/ခ-၀၄၉/၂၀၁၉(၁၇၅)

ရက်စွဲ ၊၂၀၁၉ ခုနှစ် စက်တင်ဘာလ ၅ ရက်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့

တင်ပြသည့် အမှာစာ

အကြောင်းအရာ။ **ရာခိုင်နှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် Bago Young Clothing ltd. တည်ထောင်ကာ CMPစနစ်ဖြင့် အဝတ်အထည် အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုချက်တင်ပြခြင်းကိစ္စ**

၁။ တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ Jiang Su Chang Jiang Textile Trading Co., Ltd. မှ ရာခိုင်နှုန်းပြည့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဖြင့် Bago Young Clothing ltd. တည်ထောင်ကာ စက်မှုဝန်ကြီးဌာနပိုင် အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း၊ စက္ကူစက်ရုံ(ရေနီ)၊ ရေတာရှည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီးရှိ မြေ ၃.၉၅ ဧက (၁၆၀၀၀ စတုရန်း မီတာ)တွင် CMP စနစ်ဖြင့် အဝတ်အထည် အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်းအား ဆောင်ရွက်ခွင့်ပြုပါရန် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ အဆိုပြုချက်တင်ပြလာပါသည်။

၂။ မြေငှားရမ်းခြင်းနှင့်စပ်လျဉ်း၍ စက်မှုဝန်ကြီးဌာနသည် အမှတ် ၃ အကြီးစားစက်မှုလုပ်ငန်း၊ စက္ကူစက်ရုံ(ရေနီ)၏ မြေ ၂၀၄၇.၉၆၇ ဧကအား လက်ဝါးကုမ္ပဏီလီမိတက်သို့ ပြည်ထောင်စု အစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၃၂/၂၀၁၃)၏ ခွင့်ပြုချက်အရ တစ်နှစ်လျှင် ကျပ် ၉၅၀ သန်းဖြင့် (၁-၁၀-၂၀၁၃) ရက်နေ့ မှစ၍ (၃၀+၅+၅)နှစ် ငှားရမ်းခဲ့ပါသည်။ လက်ဝါးကုမ္ပဏီလီမိတက်မှ Asia Golden Glory Development Co.,Ltd. (ဖက်စပ် ကုမ္ပဏီ)သို့ မြေ ၂၀၅၁.၉၇၀ ဧက အနက် မှ ၁၀၀ ဧကကို အထည်ချုပ်လုပ်ငန်း ဆောင်ရွက်ရန် ၈-၁၂-၂၀၁၅ ရက်နေ့တွင် ပထမအကြိမ် ပြင်ဆင်ချက် သဘောတူစာချုပ်ဖြင့် ငှားရမ်းခဲ့ပါသည်။

၃။ Asia Golden Glory Development Co.,Ltd.က ၎င်းငှားရမ်းထားသည့် မြေဧက ၁၀၀ အနက်မှ မြေ ၃.၉၅ဧကနှင့် ယင်းမြေပေါ်ရှိ အဆောက် ၁ လုံးအား Bago Young Clothing ltd. သို့ ထပ်ဆင့်ငှားရမ်း၍ CMPစနစ်ဖြင့် အဝတ်အထည်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် စက်မှုဝန်ကြီးဌာနမှ တစ်ဆင့်တင်ပြလာခြင်းဖြစ်ပါသည်။

၄။ အဆိုပြုချက်နှင့်အတူ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာနနှင့် လက်ဝါး ကုမ္ပဏီလီမိတက် တို့အကြားချုပ်ဆိုထားသည့် မြေ၊ အဆောက်အဦ၊ စက်ပစ္စည်းများအား ငှားရမ်း သည့် သဘောတူစာချုပ်အပေါ် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ပြင်ဆင်ချုပ်ဆိုခဲ့သည့် သဘော တူစာချုပ် (မူကြမ်း)များနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ သဘောထားမှတ်ချက်များအား တင်ပြ ထားပါသည်။ ထို့အပြင် ဖက်စပ်ကုမ္ပဏီ Asia Golden Glory Development Co., Ltd. နှင့် Bago Young Clothing Co., Ltd. တို့ကြား ချုပ်ဆိုမည့် မြေနှင့်အဆောက်အဦ ထပ်ဆင့်ငှားရမ်းခြင်း သဘောတူစာချုပ်၊ မြေဆိုင်ရာအထောက်အထားများနှင့် ထုတ်လုပ်မှုပစ္စည်းနမူနာဓာတ်ပုံများအား ပူးတွဲတင်ပြထားပါသည်။

၅။ မြေငှားသက်တမ်းမှာ ကနဦး ၁၅ နှစ် ဖြစ်ပြီး မြေဧရိယာ ၁၀၀ ဧက အနက် ၃.၉၅ ဧက (၁၆,၀၀၀ စတုရန်းမီတာ)နှင့် ယင်းမြေပေါ်ရှိ (၁၀၅၆၀ စတုရန်းမီတာ) အဆောက်အဦ ၁ လုံး အားငှားရမ်းမည်ဖြစ်ပါသည်။ မြေနှင့် အဆောက်အဦငှားရမ်းခမှာ နှစ်စဉ် အမေရိကန်ဒေါ်လာ ၂၀၀,၀၀၀ ဖြစ်ပြီး ထပ်ဆင့်ငှားရမ်း၍ အဆိုပြုလုပ်ငန်း ဆောင်ရွက်ခွင့်အတွက် စက်မှုဝန်ကြီး ဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၉/၂၀၁၈-၂၀၁၉)မှ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ တင်ပြလျှောက်ထားခွင့်ပြုကြောင်း ဆုံးဖြတ်ခဲ့ပါသည်။

၆။ လုပ်ငန်း စီမံကိန်းကာလမှာ ကနဦး ၁၅ နှစ် ဖြစ်ပြီး တည်ဆောက်ရေး ကာလမှာ ၂ နှစ် ကြာမြင့်မည်ဖြစ်ကြောင်း တင်ပြထားပါသည်။

၇။ လုပ်ငန်း၏ စုစုပေါင်း မတည်ငွေရင်းပမာဏမှာ အမေရိကန်ဒေါ်လာ **၃.၉၅၂** သန်း ဖြစ်ပါသည်။ မတည်ငွေရင်း ထည့်ဝင်မှုများမှာ တစ်ဖက်ပါအတိုင်းဖြစ်ပါသည်-

	US$ သန်း
ငွေသား	၀.၇၀၀
စက်ပစ္စည်း(ပြည်ပ)	၃.၂၂၆
ပရိဘောဂပစ္စည်း(ပြည်တွင်း)	၀.၀၂၆
စုစုပေါင်း	**၃.၉၅၂**

၈။ လုပ်ငန်းဆောင်ရွက်ရန် ပထမနှစ်တွင် ပြည်တွင်းမှ ဝန်ထမ်း ၁၃၀၂ ဦးနှင့် ပြည်ပ ဝန်ထမ်း ၂၀ ဦး ခန့်ထားမည်ဖြစ်ပါသည်။ ပြည်တွင်းဝန်ထမ်းတစ်ဦး၏ အနိမ့်ဆုံးလစာမှာ ကျပ် ၁၅၀,၀၀၀ နှင့် အမြင့်ဆုံးလစာမှာ ကျပ် ၇၀၀,၀၀၀ ဖြစ်ပါသည်။ ပြည်ပဝန်ထမ်းတစ်ဦး၏ လစာမှာ အမေရိကန်ဒေါ်လာ ၁,၀၀၀ ဖြစ်ပါသည်။

၉။ ကုန်ချော အဝတ်အထည်များကို ပြည်ပသို့ ၁၀၀% တင်ပို့မည်ဖြစ်ပြီး ထုတ်လုပ်မှု အရေအတွက်နှင့် ရောင်းဈေးနှုန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

အမျိုးအစား	ထုတ်လုပ်မှု Pcs (000)	CMP လက်ခနှုန်း (US$/Pcs)
Men Jacket	၂၆၀	၂.၀၀
Ladies Jacket	၁၈၀	၂.၀၀
Men Trouser	၁၈၀	၁.၅၀
Ladies Trouser	၂၁၀	၁.၄၀
Dress	၄၁၀	၁.၃၀
Skirt	၇၃၀	၀.၉၀
Blouse	၄၀၀	၀.၉၀
Jumpsuit	၂၃၀	၁.၃၀

၁၀။ အဆိုပြုလုပ်ငန်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာနများမှ အောက်ပါအတိုင်း သဘောထား မှတ်ချက် ပြန်ကြားထားပါသည်-

(က) **စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**မှ တင်ပြထားသည့် စက်ပစ္စည်း နှင့် ကုန်ကြမ်းပစ္စည်းများ တင်သွင်းခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဝန်ကြီးဌာန များမှ ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်မည်ဆိုပါက ကုန်သွယ်မှု ရှုထောင့်မှ **ကန့်ကွက်ရန် မရှိကြောင်း** သဘောထားမှတ်ချက်ပြန်ကြားထားပါသည်။ **နောက်ဆက်တွဲ-(က)**

(ခ) **ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုဌာနဆိုင်ရာ ပူးပေါင်းလုပ်ငန်း အဖွဲ့** မှ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan-EMP)အား ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းပါ အချက် အလက်များနှင့်အညီအစီရင်ခံစာ ရေးသားတင်ပြရန် သဘောထား ပြန်ကြားထား ပါသည်။ **ကုမ္ပဏီမှ သဘောထားမှတ်ချက်နှင့်အညီ လိုက်နာ ဆောင်ရွက်မည် ဖြစ်ကြောင်းတင်ပြထားပါသည်။** **နောက်ဆက်တွဲ(ခ)**

(ဂ) **စက်မှုဝန်ကြီးဌာန** မှ အဆိုပြုလုပ်ငန်းအတွက် တင်သွင်းမည့် ကုန်ကြမ်း လိုအပ်ချက် ဇယားတွင် H.S Code အမှတ်များ ပြန်လည်စိစစ်ရန်နှင့် အဆိုပြု လုပ်ငန်းအပေါ် **ကန့်ကွက်ရန် မရှိကြောင်း** သဘောထားပြန်ကြားထားပါသည်။

ကုမ္ပဏီမှစက်မှုဝန်ကြီးဌာန၏ သဘောထား မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း တင်ပြထားပါသည်။ နောက်ဆက်တွဲ(ဂ)

၁၁။ Bago Young Clothing ltd. ၏ ကုမ္ပဏီ မှတ်ပုံတင်လက်မှတ်နှင့် ငွေကြေးအထောက်အထားအဖြစ် ICBC Bank တွင် ၂၇-၁၂-၂၀၁၈ ရက်စွဲဖြင့် အမေရိကန် ဒေါ်လာ ၂,၀၀၀,၂၄၈.၆၂ ရှိကြောင်း တင်ပြထားပါသည်။

စိစစ်တင်ပြချက်

၁၂။ အောက်ပါအတိုင်းစိစစ်တင်ပြအပ်ပါသည်-

(က) ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ မူဝါဒနှင့်ဥပဒေရေးရာဌာနခွဲမှ ကော်မရှင်ခွင့်ပြုမိန့်နှင့် ဆုံးဖြတ်ချက်(မူကြမ်း)အား ဥပဒေနှင့်ညီညွတ်မှုရှိကြောင်း စိစစ်ပြီးဖြစ်ပါသည်။

(ခ) Corporate Social Responsibility (CSR) အစီအစဉ်၊ မီးဘေးကြိုတင် ကာကွယ်မှု အစီအစဉ်တို့ကိုလည်း တင်ပြထားပါသည်။

(ဂ) ဖက်စပ်ကုမ္ပဏီ ဖြစ်သည့် Asia Golden Glory Development Co.,Ltd. ၏ မြေငှားသက်တမ်းမှာ၂၆ နှစ် ကျန်ရှိပြီး Bago Young Clothing ltd. သို့ ၁၅ နှစ် ထပ်ဆင့်ငှားရမ်းခြင်းဖြစ်၍ မြေငှားသက်တမ်းလုံလောက်မှုရှိပါသည်။

(ဃ) အမှတ်(၃)အကြီးစား စက်မှုလုပ်ငန်းနှင့် လက်ဝါးကုမ္ပဏီတို့ချုပ်ဆိုခဲ့သော ပထမအကြိမ် ပြင်ဆင်ချက်စာချုပ်အရ မူလစာချုပ် အပိုဒ် ၁၅(ဆ) တွင် ခွင့်ပြုမိန့်လုပ်ငန်းလုပ်ကိုင်ခွင့်ပြုထားသော မြေနှင့် အဆောက်အဦများကို လုပ်ငန်းသက်တမ်းကာလအတွင်း ထိုရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအတွက် အခြားပုဂ္ဂိုလ်တစ်ဦးဦးအား တစ်ဆင့်ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ အစုရှယ်ယာ လွှဲပြောင်းခြင်းနှင့် လုပ်ငန်းလွှဲပြောင်းခြင်းတို့ကို ကော်မရှင်ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်ဟု ဖော်ပြထားပါသည်။

(င) အဆိုပြုလုပ်ငန်းအား ဆောင်ရွက်ခွင့် ရရှိပါက စက်မှုဝန်ကြီးဌာန အနေဖြင့် မူလစက်ရုံငှားရမ်းခနှင့် မြေ ဧက ၁၀၀ အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ အမေရိကန်ဒေါ်လာ ၈၀,၉၃၇ နှင့် ဖက်စပ်ကုမ္ပဏီ၏ တစ်နှစ်ဝင်ငွေအပေါ် ဝ.၁၅ % အားထပ်မံရရှိမည်ဖြစ်ပါသည်။

(စ) ဖက်စပ်ကုမ္ပဏီ Asia Golden Glory Development Co., Ltd. မှ လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိထားသည့် မြေဧက ၁၀၀ အနက်မှ Bago Young Clothing ltd. သို့ ငှားရမ်းမည့် မြေ ၃.၉၅ ဧက အား အတွက် မြေဧကလျှော့ချခြင်းအား ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

ဆုံးဖြတ်ရန်အချက်

၁၃။ ရာခိုင်နှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် Bago Young Clothing ltd. မှ CMP စနစ်ဖြင့် အဝတ်အထည် အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်းအား မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုချက်တင်ပြလာခြင်း ကိစ္စနှင့်စပ်လျဉ်း၍ ခွင့်ပြုမိန့်ထုတ်ပေးရန် သဘောတူ-မတူ။

ဥက္ကဋ္ဌ(ကိုယ်စား)
(သန့်စင်လွင်၊ ခေတ္တအတွင်းရေးမှူး)

မိတ္တူကို
ရုံးလက်ခံ

1.Bago Young (MIC memo)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
ဝန်ကြီးရုံး

စာအမှတ် ၊ စက - ၁၄/ ၄ - ၁၂ / ၂၀၁၉ (၁၉)
ရက်စွဲ ၊ ၂၀၁၉ ခုနှစ် ၊ ဩဂုတ်လ ၂၉ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံး

အကြောင်းအရာ။ **သဘောထားမှတ်ချက် ပြန်ကြားပေးပို့ခြင်း**

ရည် ညွှန်း ချက် ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၆ - ၈ - ၂၀၁၉ ရက်စွဲပါစာအမှတ်၊ မရက - ၃/ ခ - ဝ၄၉/ ၂၀၁၉ (၁၂၀)

၁။ တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ Jiang Su Chang Jiang Textile Trading Co.,Ltd သည် ရာခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် Bago Young Clothing Ltd. တည်ထောင်ကာ အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာနပိုင် စက္ကူစက်ရုံ (ရေနီ)၊ ရေတာရှည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီးရှိ မြေဧရိယာ ၁၀၀ ဧကအနက်မှ ၃.၉၅ ဧက (၁၆၀၀၀ စတုရန်းမီတာ) တွင် CMP စနစ်ဖြင့် အဝတ်အထည် အမျိုးမျိုးချုပ်လုပ်ခြင်း လုပ်ငန်းအား ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုတင်ပြလာရာ လုပ်ငန်းအတွက် တင်ပြထားသည့် စက်ပစ္စည်းနှင့်ကုန်ကြမ်းများ တင်သွင်းခြင်းနှင့် စပ်လျဉ်း၍ သဘောထားမှတ်ချက် ပြန်ကြားပေးနိုင်ပါရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ရည်ညွှန်းပါစာဖြင့် အကြောင်းကြားလာပါသည်။

၂။ သို့ဖြစ်ပါ၍ CMP စနစ်ဖြင့် အဝတ်အထည်အမျိုးမျိုးချုပ်လုပ်ခြင်း လုပ်ငန်းအတွက် တင်သွင်းမည့် ပူးတွဲပါ စက်ပစ္စည်းနှင့်ကုန်ကြမ်းပစ္စည်းများ စာရင်းအရ စက်ပစ္စည်းတင်သွင်းမှုနှင့် ပတ်သက်၍ ကန့်ကွက်ရန်မရှိသော်လည်း လိုအပ်သော ကုန်ကြမ်းပစ္စည်း တစ်မျိုးချင်းနှင့် ယှဉ်တွဲ ဖော်ပြထားသည့် HS Code အချို့မှာ ကွဲလွဲမှုများရှိနေပါသဖြင့် ပြန်လည်စိစစ်သင့်ပါကြောင်းနှင့် ကုန်ကြမ်းပစ္စည်းများ တင်သွင်းရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာန၏ သတ်မှတ် လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်၍ ခွင့်ပြုဆောင်ရွက်သွားရန် ဖြစ်ပါကြောင်း ပြန်ကြားအပ်ပါသည်။

ပြည်ထောင်စုဝန်ကြီး ( )
(အောင်စိုး ၊ အမြဲတမ်းအတွင်းဝန်)

မိတ္တူကို

ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန

\\172.16.129.34\Section (1)\2019 Office Letter\8. August\Sub Section-3\DOT -3\Other Ministry (Pyi).docx49

ရင်းနှီးမြှုပ်နှံမှုဌာနဆိုင်ရာပူးပေါင်းလုပ်ငန်းအဖွဲ့
ရန်ကုန်မြို့
စာအမှတ်၊ ၀၀၁/ MIC (OSS)/ ၀၁(၇၃/၁၉)
ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

M.801
19/8/19

အကြောင်းအရာ။ **Bago Young Clothing Ltd. မှ CMP စနစ်ဖြင့် အ၀တ်အထည်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်ခွင့်ပြုပါရန် ကိစ္စနှင့်စပ်လျဉ်း၍ သဘောထားမှတ်ချက် ပြန်ကြားခြင်း**

ရည် ညွှန်းချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၆-၈-၂၀၁၉ ရက်စွဲပါစာအမှတ်၊ မရက-၃/ ခ-၀၄၉/၂၀၁၉ (၁၂၁)

၁။ တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ Jiang Su Chang Jiang Textile Trading Co., Ltd. မှ ရာခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် Bago Young Clothing Ltd. တည်ထောင်ကာအမှတ်- (၃) အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာနပိုင် စက္ကူစက်ရုံ (ရေနီ)၊ ရေတာရှည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီးရှိ မြေဧရိယာ ၁၀၀ ဧက အနက်မှ ၃.၉၅ ဧက (၁၆,၀၀၀.၀၀ စတုရန်းမီတာ) တွင် CMP စနစ်ဖြင့် အဝတ်အထည်အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်းအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းနှင့်စပ်လျဉ်း၍ စိစစ်ပြီး သဘောထားမှတ်ချက် ပြန်ကြားပေးနိုင်ပါရန် ရည်ညွှန်းပါစာဖြင့် အကြောင်းကြားလာပါသည်။

၂။ အဆိုပါပေးပို့လာသော ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အဆိုပြုလွှာအား စိစစ်ရာတွင် အောက်ပါအချက်များကိုလေ့လာတွေ့ရှိရပါသည် -

(က) ပေးပို့လာသော အဆိုပြုလွှာတွင် ကနဦးရင်းနှီးမြှုပ်နှံမှုကာလမှာ (၁၅) နှစ်ဖြစ်ပြီး၊ တည်ဆောက်ရေးကာလမှာ (၂) နှစ် ဖြစ်ကြောင်း၊

(ခ) အဆိုပြုလုပ်ငန်းမှာ စက်မှုဝန်ကြီးဌာန၊ အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်းမှ Lat War Co., Ltd. သို့ ငှားရမ်းထားသော စက္ကူစက်ရုံ (ရေနီ) ရှိ မြေ (၂,၀၄၇.၉၇) ဧကအနက်မှ မြေ (၁၀၀) ဧက ပေါ်တွင် Asia Golden Glory Development Co., Ltd. အမည်ဖြင့် ဖက်စပ်ကုမ္ပဏီတည်ထောင်ပြီး အထည်ချုပ်လုပ်ငန်း ဆောင်ရွက်ရန်အတွက် ဆောက်လုပ်ထားသည့် အကျယ် (၁၀,၅၆၀.၀၀ စတုရန်းမီတာ) ရှိ Building (2) အဆောက်အဦ (၁) လုံးအား ငှားရမ်း၍ CMP စနစ်ဖြင့် အထည်ချုပ်လုပ်ငန်း ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊

(ဂ) အဆိုပြုလုပ်ငန်းမှ အထည်အလိပ်၊ အဝတ်အထည်များနှင့် ဆက်စပ်ပစ္စည်းများအား ထုတ်လုပ်ရောင်းချခြင်းနှင့် ပြည်ပသို့တင်ပို့ ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊

(ဃ) ဝန်ထမ်းများ သက်သာချောင်ချိရေး အစီအစဉ်များ၊ မီးဘေး ကြိုတင်ကာကွယ်ရေး အစီအမံများကိုလည်း ထားရှိ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊

(င) လုပ်ငန်းမှရရှိလာမည့် အသားတင်အမြတ်ငွေ၏ (၂%) ကို လူမှုရေးဆိုင်ရာတာဝန်ခံဆောင်ရွက်မှု (Corporate Social Responsibility-CSR) လုပ်ငန်းများတွင် ထည့်ဝင်အသုံးပြုသွားမည် ဖြစ်ကြောင်း၊

(စ) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ထုတ်ပြန်ထားသော ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံး/လုပ်နည်း၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဖော်ပြပါရှိပါသည်။

၃။ လုပ်ငန်းလည်ပတ် ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါ ပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှုများ ဖြစ်ပေါ်လာနိုင်ကြောင်း လေ့လာသုံးသပ်ရပါသည်-

(က) Bago Young Clothing Ltd. မှ CMP စနစ်ဖြင့် အဝတ်အထည် အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်းအတွက် အဆောက်အဦ ပြုပြင် တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် ထွက်ရှိလာမည့် ဖုန်မှုန့်များ၊ လုပ်ငန်း သုံးယာဉ်/ ယန္တရားများမှ ထွက်ရှိလာမည့် စက်ဆီ၊ ချောဆီ၊ အခိုးအငွေ့များကြောင့် အနီး ပတ်ဝန်းကျင်ရှိ လေထု၊ မြေထုနှင့် ရေထုညစ်ညမ်းမှုဖြစ်ပေါ်စေနိုင်ခြင်း၊

(ခ) တည်ဆောက်ရေးလုပ်ငန်းသုံး ယာဉ်ယန္တယားများနှင့် စက်ပစ္စည်းများမှ ထွက်ရှိလာမည့် စက်ဆီ၊ ချောဆီနှင့် စွန့်ပစ်ပစ္စည်းများကြောင့် ပတ်ဝန်းကျင်ရှိမြေထု၊ ရေထုနှင့် လေထုညစ်ညမ်းခြင်း၊

(ဂ) အလုပ်သမားများ၏ စွန့်ပစ်ပစ္စည်းများနှင့် မိလ္လာအညစ်အကြေးများကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းခြင်း၊

(ဃ) လုပ်ငန်းလည်ပတ်ရာတွင် လိုအပ်သည့် ရေအားစနစ်တကျ ထုတ်ယူသုံးစွဲမှုမရှိခြင်းကြောင့် မြေအောက်ရေ အရည်အသွေးနှင့် မျက်နှာပြင်နိမ့်ကျခြင်း၊

(င) လုပ်ငန်းများဆောင်ရွက်ချိန်တွင် ထွက်ရှိလာမည့် ကုန်ကြမ်းပိတ်စများသည်မြေကြီးထဲတွင်ဆွေးမြေ့ရန် အချိန်ကြာမြင့်သဖြင့် ပတ်ဝန်းကျင် ထိခိုက်ပျက်ဆီးမှု ဖြစ်ပေါ်နိုင်ခြင်း၊ လုပ်ငန်းစဉ်အဆင့်တိုင်းတွင် ထွက်ရှိလာမည့် ပိတ်ဖြတ်စများ၊ အမှုန်အမွှားများကြောင့် ပတ်ဝန်းကျင်လေထုနှင့် မြေထုညစ်ညမ်းမှုများ ဖြစ်ပေါ်နိုင်ခြင်း၊ ပိတ်စဖြတ်ခြင်း၊ ပုံစံညှပ်ခြင်း၊ ချုပ်ခြင်းလုပ်ငန်း အဆင့်များတွင် စက်များအသုံးပြု ဆောင်ရွက်ခြင်းကြောင့် အသံဆူညံနိုင်ခြင်းစသည့် ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုပြဿနာများ ဖြစ်ပေါ်စေနိုင်ပါသည်။

၄။ သို့ဖြစ်ပါ၍ Bago Young Clothing Ltd. မှ CMP စနစ်ဖြင့် အဝတ်အထည် အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းကိစ္စနှင့် စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဆောင်ရွက်ရမည့် လုပ်ငန်းများကို အောက်ပါအတိုင်း သဘောထားမှတ်ချက် ပြန်ကြားအပ်ပါသည် -

(က) အဆိုပြုလုပ်ငန်းများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်၊ လူမှုရေးနှင့် ကျန်းမာရေး ထိခိုက်ပျက်စီးမှုများကို လျော့နည်းစေရန်အတွက် လုပ်ငန်းဆိုင်ရာ အချက်အလက်များကို ပြည့်စုံစွာဖော်ပြပြီး လုပ်ငန်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေမည့် နည်းစနစ်များအား အသုံးပြုရန်နှင့် အဆိုပြုလွှာတွင် ဖော်ပြထားသည့်

လူမှုရေးဆိုင်ရာတာဝန်ခံဆောင်ရွက်မှု (Corporate Social Responsibility - CSR) အတွက် အသားတင်အမြတ်ငွေ၏ (၂%) အား အသုံးပြုခြင်းအပါအဝင် ဆောင်ရွက်ပေးသွားမည့် ကတိကဝတ်များကို တိတိကျကျလိုက်နာ အကောင်အထည်ဖော် ဆောင်ရွက်ရန်။

(ခ) အဆိုပြုလုပ်ငန်းများကြောင့် ပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှုမဖြစ်ပေါ်စေရေး (သို့မဟုတ်) ထိခိုက်မှု အနည်းဆုံးဖြစ်စေသည့် လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ် စွန့်ပစ်ပစ္စည်း/စွန့်ပစ်အရည် စီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြပ်ကြည့်ရှု စစ်ဆေးမည့်အစီအစဉ်၊ ပတ်ဝန်းကျင်ထိခိုက်မှု လျော့ပါးစေရေးဆောင်ရွက်မည့် လုပ်ငန်းများအတွက် သုံးစွဲမည့် ရန်ပုံငွေစသည်တို့ပါဝင်သည့် **ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် (Environmental Management Plan - EMP)** ကို ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းပါ အချက်အလက်များနှင့်အညီ အစီရင်ခံစာရေးသားတင်ပြရန်။

(ဂ) ပြဋ္ဌာန်းထုတ်ပြန်ထားပြီးဖြစ်သော ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ အမျိုးသား ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့်အညီ လိုက်နာ ဆောင်ရွက်ရန်၊

(ဃ) သက်ဆိုင်ရာ တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် လုပ်ငန်းဆောင်ရွက်မည့်နေရာဒေသတွင်နေထိုင်သော ဒေသခံပြည်သူများ၏ဆန္ဒနှင့်သဘောထားများကိုလည်း ရယူ ဆောင်ရွက်ရန်။

(အောင်သူကျော်)
ဒုတိယညွှန်ကြားရေးမှူး
အဖွဲ့ခေါင်းဆောင် (ပတ်ဝန်းကျင်)
ရင်းနှီးမြှုပ်နှံမှုဌာနဆိုင်ရာပူးပေါင်းလုပ်ငန်းအဖွဲ့

မိတ္တူကို

ပြည်ထောင်စုဝန်ကြီးရုံး
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ သစ်တောဦးစီးဌာန
ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့သစ်လုပ်ငန်း
ညွှန်ကြားရေးမှူးချုပ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
ညွှန်ကြားရေးမှူး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး
ညွှန်ကြားရေးမှူး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး
ရုံးလက်ခံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စက်မှုဝန်ကြီးဌာန

စာအမှတ်၊ ၁၅- စမ(၂) ၂၀၁၈-၂၀၁၉(၃၉၁၀)

ရက် စွဲ၊ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ **သဘောထားမှတ်ချက် ပြန်ကြားခြင်း**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၆.၈.၂၀၁၉ ရက်စွဲပါ စာအမှတ်၊ မရက- ၃ / ခ - ၀၄၉ / ၂၀၁၉ (၁၁၉)

၁။ စက်မှုဝန်ကြီးဌာနပိုင် အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ စက္ကူစက်ရုံ(ရေနီ)ရှိ Bago Young Clothing Ltd.မှ ရာခိုင်နှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်ရှိ မြေ(၁၀၀)ကေအနက်မှ (၃.၉၅)ကေ (၁၆၀၀၀ စတုရန်းမီတာ)တွင် CMP စနစ်ဖြင့် အဝတ်အထည် အမျိုးမျိုးချုပ် လုပ်ခြင်းလုပ်ငန်းအား ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းအပေါ် အဆိုပါလုပ်ငန်းတွင် အသုံးပြုမည့်ကုန်ကြမ်းများနှင့် တင်သွင်းမည့် စက်ပစ္စည်းများသည် လုပ်ငန်း သဘာဝနှင့်ကိုက်ညီခြင်းရှိ/မရှိ၊ ထုတ်လုပ်မှုလုပ်ငန်းစဉ်နှင့် လုပ်ငန်းဆောင်ရွက်ခွင့်ပြုရန် သင့်-မသင့်စသည့်အချက်များအပေါ် စက်မှုဝန်ကြီးဌာနအနေဖြင့် ရည်ညွှန်းပါစာဖြင့် ညှိနှိုင်းခဲ့ပါသည်။

၂။ အဆိုပါ ကုမ္ပဏီမှ ဆောင်ရွက်မည့် လုပ်ငန်းများနှင့်ပတ်သက်၍ အောက်ပါအတိုင်း စိစစ်တွေ့ရှိရပါသည်-

(က) အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းရှိ စက္ကူစက်ရုံ(ရေနီ)အား လက်ရှိတွင် Lat War Co.,Ltd. သို့ ငှားရမ်းထားပြီး ၎င်းအနက်(၃.၉၅)ကေအား Bago Young Clothing Ltd.သို့ ငှားရမ်းခွင့်အတွက် လိုအပ်သော ခွင့်ပြုမိန့်များရရှိရန် ဆောင်ရွက်နေဆဲဖြစ်ပါသည်။

(ခ) ကုမ္ပဏီမှ တင်သွင်းမည့် အထည်ချုပ်လုပ်ငန်းသုံး စက်နှင့်စက်ပစ္စည်းများနှင့် အထောက်အကူပြုပစ္စည်း(၃၃)မျိုးတို့မှာ အသစ် (Brand New) ဖြစ်ပြီး တင်သွင်းမည့် ကုန်ကြမ်းလိုအပ်ချက်ဇယားတွင် H.S Code အမှတ်များလွဲမှားနေပါသဖြင့် မှန်ကန်မှုရှိစေရန် ပြန်လည်စိစစ်သင့်ပါသည်။

(ဂ) စက်ပစ္စည်းတန်ဖိုးများမှာ အနီးစပ်ဆုံး မှန်ကန်မှုရှိ၍ စက်နှင့်စက်ပစ္စည်း(၃၃) မျိုးနှင့် ကုန်ကြမ်းပစ္စည်း(၄၄)မျိုးတို့အား တရုတ်နိုင်ငံမှ တင်သွင်းမည် ဖြစ်ပါသည်။

(ဃ) အသုံးပြုမည့် စက်ပစ္စည်းနှင့် ကုန်ကြမ်းများမှာ အဝတ်အထည်အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုရန် အမှန်တကယ်လိုအပ်ကြောင်း စိစစ်တွေ့ရှိရပြီး Energy သုံးစွဲမှုနည်းသော စက်ပစ္စည်းများဖြစ်ရန်နှင့် ထိခိုက်မှုနည်းစေရန် အစီအမံများပါရှိ ရန် လိုအပ်ပါသည်။

(င) တင်သွင်းမည့် မီးစက်များမှာ Efficient ဖြစ်ရန်နှင့် တုန်ခါမှု၊ အသံဆူညံမှုနည်းသော Sound Proof Type မီးစက်များဖြစ်ရန် လိုအပ်ပါသည်။

(စ) အထည်ချုပ်လုပ်ငန်းမှ ထွက်ရှိလာသော စက်ပစ္စည်းများအား ဘေးအန္တရာယ်ကင်းရှင်းစွာ စွန့်ပစ်နိုင်ရေး (သို့မဟုတ်)ပြန်လည်အသုံးချနိုင်ရေး စီစဉ်ဆောင်ရွက်ရန် လိုအပ်ပါသည်။

(ဆ) ထုတ်လုပ်မှုလုပ်ငန်းဆောင်ရွက်ခြင်းအတွက် လူနှင့်သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေးနှင့် စက်ရုံအတွင်း လုပ်သားများ၏ ကျန်းမာရေးစောင့်ရှောက်မှုတို့ကို စနစ်တကျ အစီအမံများရေးဆွဲပြီး ကြပ်မတ်ထိန်းသိမ်းဆောင်ရွက်သင့်ပါသည်။

၃။ သို့ပါ၍ Bago Young Clothing Ltd.မှ CMP စနစ်ဖြင့် အဝတ်အထည် အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်းအား ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းအပေါ် အသုံးပြုမည့် ကုန်ကြမ်းများနှင့် တင်သွင်းမည့် စက်ပစ္စည်းများသည် လုပ်ငန်းသဘာဝနှင့် ကိုက်ညီမှုရှိပြီး ထုတ်လုပ်မှုလုပ်ငန်းစဉ်နှင့် လုပ်ငန်းဆောင်ရွက်ခွင့်ပြုရန်သင့်ပါကြောင်းနှင့် အထက်ပါ လိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်မည်ဆိုပါက ဤဝန်ကြီးဌာနအနေဖြင့် **ကန့်ကွက်ရန်မရှိပါကြောင်း** ပြန်ကြားအပ်ပါသည်။

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)
(ကိုကိုလွင်၊ အမြဲတမ်းအတွင်းဝန်)

မိတ္တူကို

စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန

အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း

ရုံးလက်ခံ

မျှောစာတွဲ

BAGO YOUNG CLOTHING LIMITED

(MANUFACTURING OF GARMENT ON CMP BASIS)

PROPOSAL OF THE PROMOTER

TO MAKE FOREIGN INVESTMENT

IN THE UNION OF MYANMAR

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စက်မှုဝန်ကြီးဌာန

စာအမှတ်၊ ၈- စမ(၂)၂၀၁၈-၂၀၁၉(၃၃၃၆)
ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၉ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ စက္ကူစက်ရုံ(ရေနီ)ရှိ ဖက်စပ်ကုမ္ပဏီမှ ဆောက်လုပ်ထားသော အဆောက်အဦ တစ်လုံးစီအား Bago Young Clothing Ltd. နှင့် Myanmar Sumec Win Win Garments Co.,Ltd. တို့သို့ တစ်ဆင့်ငှားရမ်း၍ CMP စနစ်ဖြင့် အထည်ချုပ်လုပ်ငန်းဆောင်ရွက်ခွင့်ပြုပါရန်ကိစ္စ

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ စက္ကူစက်ရုံ(ရေနီ) ရှိ မြေ (၂,၀၄၇.၉၆၇)ဧကအား Lat War Co.,Ltd. သို့ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၃၂/၂၀၁၃) ၏ ခွင့်ပြုချက်အရ တစ်နှစ်လျှင် ငှားရမ်းခငွေကျပ် (၉၅၀.၀၀၀)သန်း၊ (၃၀+၅+၅)နှစ်ဖြင့် စာချုပ် ချုပ်ဆိုငှားရမ်းဆောင်ရွက်လျက်ရှိပါသည်။

၂။ Lat War Co.,Ltd. အနေဖြင့် စင်ကာပူနိုင်ငံရှိ Hua Chou Investment Pte.,Ltd. နှင့် ပူးပေါင်း၍ Asia Golden Glory Development Co.,Ltd. (AGGD) အမည်ဖြင့် ဖက်စပ်ကုမ္ပဏီ တည်ထောင်ပြီး စက္ကူစက်ရုံ(ရေနီ)ရှိ မြေလွတ်များအနက် မြေ (၁၀၀)ဧကပေါ်တွင် အထည်ချုပ်လုပ်ငန်းဆောင်ရွက်ရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်အမှတ် (၁၀၂၀/၂၀၁၅) အရ တစ်နှစ်လျှင် ငှားရမ်းခ အမေရိကန်ဒေါ်လာ (၈၀,၉၃၇) ဖြင့် မူလငှားရမ်းကာလအတိုင်း ပြင်ဆင်စာချုပ် ချုပ်ဆိုခဲ့ပါသည်။

၃။ အဆိုပါခွင့်ပြုချက်အရ မြေ (၁၀၀)ဧကပေါ်တွင် ဖက်စပ်ကုမ္ပဏီစရိတ်ဖြင့် ဆောက်လုပ်ထားသော (၁၀,၅၆၀) စတုရန်းမီတာရှိ အဆောက်အဦ(၂)လုံးကို Bago Young Clothing Ltd. နှင့် Myanmar Sumec Win Win Garments Co.,Ltd. တို့သို့ အဆောက်အဦ (၁)လုံးစီအား တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ (၂၀၀,၀၀၀) နှုန်းဖြင့် (၁၅)နှစ်စီ တစ်ဆင့်ငှားရမ်း၍ စာချုပ်ပါလုပ်ငန်းများဖြစ်သော CMP စနစ်ဖြင့် အထည်ချုပ်လုပ်ငန်းဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာပါသည်။

၄။ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းနှင့် Lat War Co.,Ltd. တို့ ချုပ်ဆိုခဲ့သော ပထမအကြိမ်ပြင်ဆင်ချက်စာချုပ်အရ မူလစာချုပ်အပိုဒ်၊ ၁၅(ဆ)တွင် "ခွင့်ပြုမိန့်ဖြင့် လုပ်ငန်းလုပ်ကိုင်ခွင့်ပြုထားသော မြေနှင့်အဆောက်အဦများကို လုပ်ငန်းသက်တမ်းကာလအတွင်း ထိုရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအတွက် အခြားပုဂ္ဂိုလ်တစ်ဦးဦးအား တစ်ဆင့်ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ အစုရှယ်ယာ

လွှဲပြောင်းခြင်းလုပ်ငန်းနှင့် လုပ်ငန်း လွှဲပြောင်းခြင်းတို့ကို မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၁၅၊ ပုဒ်မခွဲ (ဃ)အရ ကော်မရှင်၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။ အသုံးပြုခွင့်ပေးခြင်းနှင့် တစ်ဆင့်ငှားရမ်းခြင်းတို့ကို အငှားချထားသူ၏ သဘောတူညီချက်ရရှိမှသာ ဆောင်ရွက်ခွင့်ရှိပြီး အငှားချထားခြင်းခံရသူသည် တစ်ဆင့်ငှားရမ်းခြင်းကိုလည်းကောင်း၊ တစ်ဆင့်ငှားရမ်းသူနှင့် အသုံးပြုခွင့်ပေးခြင်းခံရသူတို့အတွက်လည်းကောင်း တာဝန်ယူရမည်။ အသစ်တည်ဆောက်မည့် အဆောက်အဦနှင့်စက်ပစ္စည်းများအတွက် လက်ကျန်ကာလအသုံးပြုခွင့်ကို အခြေပြု၍ ပြည်တွင်း/ ပြည်ပရှိ ဘဏ်၊ ငွေကြေးအဖွဲ့အစည်းများတွင် အငှားချထားခြင်းခံရသူမှ ငွေချေးငှားခြင်း၊ ပြန်လည်ပေးဆပ်ရန် အာမခံခြင်းတို့ကို ပြုလုပ်နိုင်သော်လည်း ရောင်းချခြင်းမပြုရ" ဟု ဖော်ပြထားပါသည်။

၅။ အဆိုပါလုပ်ငန်းအား ဆောင်ရွက်ခွင့်ရရှိပါက စက်မှုဝန်ကြီးဌာနအနေဖြင့် မူလစက်ရုံငှားရမ်းခနှင့် မြေ (၁၀၀) ကေအတွက် တစ်နှစ်လျှင် မြေငှားရမ်းခ အမေရိကန်ဒေါ်လာ (၈၀,၉၃၇) တို့အပြင် ဖက်စပ်ကုမ္ပဏီ၏ တစ်နှစ်ဝင်ငွေအပေါ် (၀.၁၅%)အား ထပ်မံရရှိမည်ဖြစ်ပါသည်။

၆။ အဆိုပါကိစ္စနှင့်ပတ်သက်၍ စက်မှုဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး အမှတ်စဉ် (၁၉/၂၀၁၈-၂၀၁၉) မှ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ တင်ပြလျှောက်ထားခွင့်ပြုကြောင်း ဆုံးဖြတ်ခဲ့ပါသည်။

၇။ သို့ဖြစ်ပါ၍ Lat War Co.,Ltd. ၏ ဖက်စပ်ကုမ္ပဏီဖြစ်သော Asia Golden Glory Development Co.,Ltd. (AGGD) မှ အထည်ချုပ်လုပ်ငန်းဆောင်ရွက်ရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ရရှိပြီးသော စက္ကူစက်ရုံ(ရေနီ)ရှိ မြေ(၁၀၀)ကေပေါ်တွင် ဖက်စပ်ကုမ္ပဏီမှ ဆောက်လုပ်ထားသော (၁၀,၅၆၀) စတုရန်းမီတာရှိ အဆောက်အဦ(၂)လုံးကို Bago Young Clothing Ltd. နှင့် Myanmar Sumec Win Win Garments Co.,Ltd. တို့သို့ အဆောက်အဦ (၁)လုံးစီအား တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ (၂၀၀,၀၀၀)နှုန်းဖြင့် (၁၅)နှစ်စီ တစ်ဆင့်ငှားရမ်းပြီး စာချုပ်ပါလုပ်ငန်းများဖြစ်သော CMP စနစ်ဖြင့် အထည်ချုပ်လုပ်ငန်းဆောင်ရွက်ခွင့်ပြုပါရန် ကုမ္ပဏီအဆိုပြုလွှာ ပူးတွဲ၍ ညှိနှိုင်းမေတ္တာရပ်ခံအပ်ပါသည်။

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)
(ကိုကိုလွင်၊ အမြဲတမ်းအတွင်းဝန်)

မိတ္တူကို

အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း

OFFICE USE

Asia Golden Glory Development Co., Ltd.

NO.51A, CORNER OF EAST RACE COURSE ROAD AND LAYDAUNGKAN ROAD, TAMWE TOWNSHIP, YANGON, MYANMAR.
Tel : 01-8604627 FAX : 01-8604627

စာအမှတ် ၁၀၁/အေဂျီဂျီဒီ/၂၀၁၉(၁)
ရက်စွဲ။ ။ ၂၀၁၉ခုနှစ်၊ စက်တင်ဘာလ(၆)ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်
ရန်ကုန်တိုင်းဒေသကြီး။

အကြောင်းအရာ။ ။ မြေကေ(၁၀၀)မှ မြေကေ(၇.၉)အား စာရင်းမှလျှော့ချခွင့်ပြုပါရန်တင်ပြခြင်း။

ရည်ညွှန်းချက်။ ။မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏၁၅.၁၀.၂၀၁၅ ရက်စွဲပါ ခွင့်ပြုမိန့်အမှတ် ၁၀၂၀/၂၀၁၅ (ပူးတွဲ)

၁။ စက်မှုဝန်ကြီးဌာန အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း (ယခင်စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း) ပိုင် ရေတာရှည်မြို့နယ်၊ရေနီမြို့ရှိစက္ကူစက်ရုံ(ရေနီ)ကို လက်ဝါးကပ္ပကီလီမိတက်မှ မြေကေ(၂၀၅၁.၉၇)အား နှစ်ရှည် (၃၀+၅+၅)နှစ်ဖြင့် ငှါးရမ်းလုပ်ပိုင်ခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။ အဆိုပါမြေကေအနက်မှ ကျန်းမာရေးဝန်ကြီးဌာန ရေနီ တိုက်နယ်ဆေးရုံသို့ မြေကေ(၄.၀၀၃) အား ပြန်လည်လွှဲပြောင်းပေးခဲ့သဖြင့် လက်ကျန်မြေကေ (၂၀၄၇.၉၆၇) မှ မြေကေ(၁၈၀၀)အား ငှားရမ်းခဲ့ပြီး မြေကေ(၁၀၀)ပေါ်တွင် CMP စနစ်ဖြင့် အထည်ချုပ်လုပ်ငန်း လုပ်ကိုင်ရန် ရည်ညွှန်းပါစာဖြင့် ခွင့်ပြုချက်ရရှိပြီးဖြစ်ပါသည်။

၂။ အဆိုပါ အထည်ချုပ်လုပ်ကိုင်ရန် ခွင့်ပြုမြေကေ(၁၀၀)ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အဦး (၁၀၅၆၀)စတုရန်းမီတာရှိ အဆောက်အဦးတစ်လုံးစီနှင့် မြေ(၃.၉၅)ကေ အကျယ်အဝန်းရှိမြေအား Bago Young Clothing Ltd. နှင့် Myanmar Sumec Win Win Garments Co.,Ltd. တို့အား (၁၅)နှစ်သက်တမ်းရှိစာချုပ်ဖြင့် အထည်ချုပ်လုပ်ကိုင်ရန် ငှားရမ်းမည်ဖြစ်ပါ၍ AGGD ၏ အထည်ချုပ်လုပ်ကိုင်ရန် မူလခွင့်ပြုမြေကေ (၁၀၀)မှ (၇.၉)ကေအားလျှော့ချ၍ အထည်ချုပ်လုပ်ကိုင်ရန်မြေ(၉၂.၁)ကေအဖြစ် ပြောင်းလဲသတ်မှတ်ပေးပါရန်လေးစားစွာ ဖြင့်လျှောက်ထားအပ်ပါသည်။

CMF 7114
6.9.19

6.9.2019

လေးစားစွာဖြင့်

Dr. Khin Maung Aye
Managing Director
Asia Golden Glory Development Co.,Ltd.

Asia Golden Glory Development Co., Ltd.

NO.51A, CORNER OF EAST RACE COURSE ROAD AND LAYDAUNGKAN ROAD, TAMWE TOWNSHIP, YANGON, MYANMAR.

Tel : 01-8604627 FAX : 01-8604627

OFFICE USE

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
အမှတ်(၁)သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

စာအမှတ် ၀၀၁/AGGD/ ၂၀၁၉ (၁)
ရက်စွဲ။ ။ ၂၀၁၉ခုနှစ်၊ ဩဂုတ်လ (၂၃) ရက်။

အကြောင်းအရာ။ ။ ခံဝန်ကတိပေးပို့ခြင်း။

အထက်ပါအကြောင်းအရာနှင့်ပတ်သက်၍ ဖက်စပ်ကုမ္ပဏီ Asia Golden Glory Development Co.,Ltd. မှ လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိထားသော မြေကေ (၁၀၀) အနက်မှ Bago Young Clothing Co.,Ltd. သို့ ငှားရမ်းမည့်မြေကေ(၃.၉၅) အား ၎င်းကုမ္ပဏီ MIC Permit ရရှိပြီးသည်နှင့် မြေကေလျှော့ချခြင်းအား လုပ်ထုံး လုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဝန်ခံကတိပြုပါသည်။

လေးစားစွာဖြင့်

Dr. Khin Maung Aye
Managing Director
Asia Golden Glory Development Co.,Ltd.

006047

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
ငွေလက်ခံရန်အကြောင်းကြားစာ

အမှတ်စဉ်- ၂၇၂   ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ၈ လ ၉ ရက်

အောက်ဖော်ပြပါ လျှောက်ထားသူထံမှ သက်ဆိုင်ရာလျှောက်ထားလွှာအတွက် ဖော်ပြပါ ဝန်ဆောင်ခအားလက်ခံပါရန်နှင့် ငွေရပြေစာမိတ္တူတစ်စောင်ကိုဌာနခွဲသို့ ပေးပို့ပေးပါရန် အကြောင်းကြားအပ်ပါသည်-

၁။ လျှောက်ထားသူ၏ -

(က) အမည် မဇော်ပဉ္စနှင်း

(ခ) နိုင်ငံသားစိစစ်ရေးကတ်အမှတ်/နိုင်ငံကူးလက်မှတ်အမှတ် ၁၂/ဒဂရ(နိုင်)၀၁၂၃၉၈၀၁

(ဂ) နေရပ်လိပ်စာ/ တယ်လီဖုန်း မရမ်းကုန်း / ၀၉-၄၅၄၄၁၁၇၀၆

၂။ ရင်းနှီးမြှုပ်နှံသူ၏ -

(က) အမည် Mr. Wu Yongjie

(ခ) ကုမ္ပဏီအမည် Bago Young Clothing ltd.

(ဂ) လုပ်ငန်းအမျိုးအစား CMP စနစ်ဖြင့် အဝတ်အထည်များ ချုပ်လုပ်သောလုပ်ငန်း

၃။ ပေးသွင်းမည့်ဝန်ဆောင်ခနှင့်စပ်လျဉ်း၍-

(က) လျှောက်ထားလွှာ ပုံစံအမှတ် ပုံစံ (၂)

(ခ) ဝန်ဆောင်ခနှုန်းထား(ဂဏန်းဖြင့်)ကျပ် ၂၀၀၀၀

(စာဖြင့်) ကျပ် နှစ်သောင်း

(ဂ) ငွေအမျိုးအစား (ကျော်ဘက်ပါအတိုင်း)

(သက်ဆိုင်ရာဌာနခွဲမှလက်မှတ်ထိုးပေးပါရန်)

ငွေလက်ခံပေးပါရန်

(ရင်းနှီးမြှုပ်နှံမှုဌာနခွဲ-၂ / ကြီးကြပ်ရေးဌာနခွဲ)

ငွေသွင်းပြီး

ကျပ် ၂၀၀၀၀/- (ကျပ် နှစ်သောင်း တိတိ) ကို လက်ခံရရှိပါသည်။

ငွေစာရင်းဌာနစု

Form 10-3-2015

ပုံစံ (၂)

အဆိုပြုချက်

သို့

ဥက္ကဋ္ဌ

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

စာအမှတ် ၊

ရက်စွဲ ၊၂၀ ခုနှစ်၊ လ ရက်

ကျွန်တော်/ ကျွန်မသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၃၆ နှင့်အညီ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း ရင်းနှီးမြှုပ်နှံမှုပြုလုပ်လိုပါသဖြင့် ခွင့်ပြုပါရန် အောက်ပါ အချက်အလက်များကိုဖော်ပြ၍ လျှောက်ထားအပ်ပါသည်-

၁။ ရင်းနှီးမြှုပ်နှံသူ၏-

(က) အမည် ....

(ခ) အဖအမည် ....

(ဂ) နိုင်ငံသားစိစစ်ရေးကတ်အမှတ်/ ....

နိုင်ငံကူးလက်မှတ်အမှတ် ....

(ဃ) နိုင်ငံသား ....

(င) နေရပ်လိပ်စာ ....

(၁)ပြည်တွင်း ....

(၂) ပြည်ပ ....

(စ) တယ်လီဖုန်း /ဖက်စ် ....

(ဆ) အီးမေးလ်လိပ်စာ ....

(ဇ) ပင်မကုမ္ပဏီအမည် ....

(ဈ) ပင်မကုမ္ပဏီတည်ရှိရာလိပ်စာ ....

(ည) လုပ်ငန်းအမျိုးအစား ....

(ဋ) အဆိုပြုလုပ်ငန်း၏ ထုတ်လုပ်မှုကွင်းဆက်နှင့် ....

အခြားဆက်စပ်လုပ်ငန်းများအပေါ် အကျိုးပြုမှု ....

ပုံစံ (၂)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် ရင်းနှီးမြှုပ်နှံသူ၏ အဆိုပြုချက်

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

စာအမှတ်၊
ရက်စွဲ ၊ ၂၀၁၉ ခုနှစ်၊ လ၊ ရက်။

ကျွန်တော်/ကျွန်မသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ၃၆နှင့်အညီ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း ရင်းနှီးမြှုပ်နှံမှုပြုလုပ်လိုပါသဖြင့်ခွင့်ပြုပါရန်အောက်ပါအချက်အလက်များကိုဖော်ပြ၍လျှောက်ထားအပ်ပါသည်–

၁။ ရင်းနှီးမြှုပ်နှံသူ၏ –

(က) အမည်	Mr.Wu YongJie
(ခ) အဖအမည်	-
(ဂ) နိုင်ငံသားစိစစ်ရေးကတ်အမှတ် နိုင်ငံကူးလက်မှတ်အမှတ်	PP No. E77789275
(ဃ) နိုင်ငံသား	Chinese
(င) နေရပ်လိပ်စာ	
(၁)ပြည်တွင်း	--
(၂)ပြည်ပ	No.404, Block No(4),Hongfuyuan, Nanjing City, Qinhuai District, China.
(စ) တယ်လီဖုန်း/ဖက်စ်	–
(ဆ) အီးမေးလ်လိပ်စာ	-wuyj@sumec.com.cn
(ဇ) ပင်မကုမ္ပဏီအမည်	Jiang Su Chang Jiang Textile Trading Co.,Ltd
(ဈ) ပင်မကုမ္ပဏီတည်ရှိရာလိပ်စာ	Nan Jing City, Chang Jiang Street No.198, 8 Floor.
(ည) လုပ်ငန်းအမျိုးအစား	Textile, clothing and paving, zipper, button sales, production and processing. Import and export business of all kinds of commodities and technologies.
(ဋ) အဆိုပြုလုပ်ငန်း၏ ထုတ်လုပ်မှု ကွင်းဆက်နှင့် အခြားဆက်စပ် လုပ်ငန်းများအပေါ် အကျိုးပြုမှု	–

၂။ ဖက်စပ်ပြုလုပ်၍ရင်းနှီးမြှုပ်နှံလိုပါကရင်းနှီးမြှုပ်နှံသူနှင့်ဖက်စပ်ပြုလုပ်မည့်သူများ၏ –

(က) အမည် --

(ခ) အဖအမည် --

(ဂ) နိုင်ငံသားစိစစ်ရေးကတ်အမှတ် --

နိုင်ငံကူးလက်မှတ်အမှတ်

(ဃ) နိုင်ငံသား --

(င) နေရပ်လိပ်စာ

(၁)ပြည်တွင်း --

(၂)ပြည်ပ --

(စ) ပင်မကုမ္ပဏီအမည် --

(ဆ) ပင်မကုမ္ပဏီတည်ရှိရာလိပ်စာ --

မှတ်ချက်။ အထက်အပိုဒ် ၁နှင့် ၂တို့နှင့် စပ်လျဉ်း၍အောက်ပါအချက်များကိုပူးတွဲတင်ပြရန်–

(၁) ကုမ္ပဏီမှတ်ပုံတင်အထောက်အထားများ (မိတ္တူ)

(၂) နိုင်ငံသားစိစစ်ရေးကတ်အမှတ် (မိတ္တူ) နှင့်နိုင်ငံကူးလက်မှတ် (မိတ္တူ)

(၃) အဆိုပြုလုပ်ငန်းတွင်ပါဝင်လိုသူများ၏ လုပ်ငန်းပိုင်းနှင့်ငွေရေးကြေးရေးဆိုင်ရာအထောက်အထားများ

၃။ ရင်းနှီးမြှုပ်နှံသူကိုယ်တိုင်လျှောက်ထားခြင်းမဟုတ်ပါကလျှောက်ထားသူ၏ –

(က) အမည် --

(ခ) ဆက်သွယ်ရမည့်ပုဂ္ဂိုလ်အမည် ဒေါ်မေသကြိန်

(လျှောက်ထားသူသည်စီးပွားရေးအဖွဲ့ အစည်းဖြစ်ပါက)

မှတ်ချက်။ တရားဝင်ကိုယ်စားလှယ်လွှဲစာပူးတွဲတင်ပြရန်

(ဂ) နိုင်ငံသားစိစစ်ရေးကတ်အမှတ်/ နိုင်ငံကူးလက်မှတ်အမှတ် ၁၁/မအတ(နိုင်)၀၀၁၉၇၄

(ဃ) နိုင်ငံသား မြန်မာ

၃

(င) မြန်မာနိုင်ငံတွင်နေထိုင်သည့် နေရပ်လိပ်စာ — အမှတ်(၅၉)၊ရေကူးတောင်ပိုင်းလမ်း၊(၉)ရပ်ကွက် ၊မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

(စ) တယ်လီဖုန်း/ဖက်စ် — ၀၉-၄၂၁၁၆၇၁၉၂

(ဆ) အီးမေးလ်လိပ်စာ — haiping80@gmail.com

၄။ ရင်းနှီးမြှုပ်နှံမှုပြုလုပ်လိုသည့်လုပ်ငန်းအမျိုးအစား — CMPစနစ်ဖြင့်အဝတ်အထည်အမျိုးမျိုးချုပ်လုပ်ခြင်း လုပ်ငန်း။

၅။ ဖွဲ့စည်းမည့်စီးပွားရေးအဖွဲ့အစည်းပုံသဏ္ဍာန် ---------------------------------------

☑ ရာခိုင်နှုန်းပြည့် ☐ ဖက်စပ်ပြုလုပ်ခြင်း (ဖက်စပ်စာချုပ်မူကြမ်းတင်ပြရန်)
အခြားသဘောတူညီချက်ပုံစံတစ်မျိုးမျိုးဖြင့်ဆောင်ရွက်ခြင်း (စာချုပ်မူကြမ်းတင်ပြရန်)

၆။ အစုရှယ်ယာများစာရင်း

စဉ်	အစုရှယ်ယာရှင်အမည်	နိုင်ငံသား	အစုရှယ်ယာပိုင်ဆိုင်မှု %
1	Jiang Su Chang Jiang Textile Trading Co.,Ltd (Represented By) Mr.Wu YongJie Mr.Cheng Zhong	Incorporated In China Chinese Chinese	100%

၇။ ကုမ္ပဏီဖွဲ့စည်းခြင်းနှင့်သက်ဆိုင်သောအချက်အလက်များ

(က) ကုမ္ပဏီအမျိုးအစား — ၁၀၀ ရာခိုင်နှုန်းနိုင်ငံခြားကုမ္ပဏီ

(ခ) အစုရှယ်ယာအမျိုးအစား — အမေရိကန်ဒေါ်လာ— ၁/-

(ဂ) အစုရှယ်ယာဝင်များကထည့်ဝင်မည့်အစုရှယ်ယာပမာဏ — အမေရိကန်ဒေါ်လာ (၇၅,၀၀၀)

(ဃ) မိခင်ကုမ္ပဏီ၏လုပ်ငန်းဆောင်ရွက်မှုအကျဉ်းချုပ် — အထည်အလိပ်၊ အဝတ်အထည်များနှင့်ဆက်စပ်ပစ္စည်းများအား ထုတ်လုပ်ရောင်းချခြင်း နှင့် ပြည်ပသို့တင်ပို့ခြင်းလုပ်ငန်းများ။

(င) မိခင်ကုမ္ပဏီ၏မတည်ငွေရင်းပမာဏ — အမေရိကန်ဒေါ်လာ (၇၅,၀၀၀)

(စ) မိခင်ကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအတွက် ငွေကြေးထည့်ဝင်နိုင်မှု — အမေရိကန်ဒေါ်လာ ၃.၈၅၁၆ သန်း

(ဆ) မိခင်ကုမ္ပဏီ၏နည်းပညာအတွေ့အကြုံများ — ကိုယ်ပိုင်နည်းပညာစင်တာနှင့်ဝါရင့်ဒီဇိုင်နာများဖြင့် နောက်ဆုံးပေါ်ဖက်ရှင်ရေစီးကြောင်းအတိုင်း ဖောက်သည်လိုအပ်ချက်များအားစိတ်ကျေနပ်သည့် အထိနမူနာများထုတ်လုပ်နိုင်သည့် နှစ် (၂၀)ကျော် နည်းပညာများရှိပါသည်။ (၁၉၉၇ မှ ၂၀၁၉)

၇။ မတည်ငွေရင်းနှင့်သက်ဆိုင်သည့်အချက်အလက်များ-

	US$(သန်းပေါင်း)	
(က) ပြည်တွင်းမှထည့်ဝင်မည့် မတည်ငွေရင်း ပမာဏ/ရာခိုင်နှုန်း		
(ခ) နိုင်ငံခြားမှယူဆောင်လာမည့်မတည်ငွေရင်း ပမာဏ/ရာခိုင်နှုန်း	၃.၉၅၁၆	(၁၀၀%)
စုစုပေါင်း	၃.၉၅၁၆	

(ဂ) အဆိုပြုမတည်ငွေရင်းနှစ်အလိုက်ထည့်ဝင်မည့်အခြေအနေ/ယူဆောင်ရမည့်ကာလ — MIC Permit ရပြီး နောက် (၂) နှစ်အတွင်း

(ဃ) ရင်းနှီးမြှုပ်နှံမှုတန်ဖိုး/ပမာဏ — အမေရိကန်ဒေါ်လာသန်းပေါင်း– ၃.၉၅၁၆/-

(င) ရင်းနှီးမြှုပ်နှံမှုပြုလုပ်လိုသည့်သက်တမ်း — နှစ် (၁၅)

(စ) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတည်ဆောက်မှုကာလသို့မဟုတ်ပြင်ဆင်မှုကာလ — (၂)နှစ်

မှတ်ချက်။ အပိုဒ် ၇(င) နှင့်စပ်လျဉ်း၍ထူးခြားသည့်အခြေအနေရှိပါကနောက်ဆက်တွဲဖြင့်ဖော်ပြပါရန်

၈။ နိုင်ငံခြားမှ ယူဆောင်တင်သွင်းလာမည့်မတည်ငွေရင်း၏ အသေးစိတ်စာရင်း-

	နိုင်ငံခြားငွေ (သန်းပေါင်း)	ညီမျှသည့်ခန့်မှန်းငွေကျပ် (သန်းပေါင်း)
(က)Foreign Curency	0.7000	1,066.100
(ခ)Machinery & Equipment	3.2260	4,913.198
(ဂ)Furniture & Fixture	0.0256	38.988
စုစုပေါင်း	**3.9516**	**6,018.286**

မှတ်ချက်။ အပိုဒ်၈ (ဃ) (င) တို့နှင့်စပ်လျင်း၍အသုံးပြုခွင့်အထောက်အထားများ ပူးတွဲတင်ပြရန်

၁၀။ ပြည်တွင်းမှထည့်ဝင်မည့်မတည်ငွေရင်း၏ အသေးစိတ်စာရင်း-

	နိုင်ငံခြားငွေ (သန်းပေါင်း)	ညီမျှသည့်ခန့်မှန်းငွေကျပ် (သန်းပေါင်း)
(က) Machinery and equipment		
	------------------------	------------------------
စုစုပေါင်း		
	------------------------	------------------------

၁၁။ ချေးငွေနှင့်သက်ဆိုင်သည့်အချက်အလက်များ-

☐ ပြည်တွင်းချေးငွေ ---------------------------- ကျပ်

---------------------------- အမေရိကန်ဒေါ်လာ

☐ ပြည်ပချေးငွေ ---------------------------- အမေရိကန်ဒေါ်လာ

၁၂။ ဆောင်ရွက်မည့်စီးပွားရေးအဖွဲ့အစည်းနှင့်သက်ဆိုင်သောအချက်အလက်များ–

(က) ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့်ဒေသ(များ)/တည်နေရာ — ရေနီမြို့၊ ရေတာရှည်မြို့နယ်၊ တောင်ငူခရိုင် ပဲခူးတိုင်းဒေသကြီး။

(ခ) မြေသို့မဟုတ်မြေနှင့်အဆောက်အအုံနေရာအမျိုးအစားနှင့် အကျယ်အဝန်းလိုအပ်ချက်

(၁) တည်နေရာ — ရေနီမြို့၊ ရေတာရှည်မြို့နယ်၊ တောင်ငူခရိုင် ပဲခူးတိုင်းဒေသကြီး။

(၂) မြေ/အဆောက်အအုံအကျယ်အဝန်း၊ အရေအတွက်

(၃) လက်ရှိပိုင်ဆိုင်သူ

(ကက) အမည်/ကုမ္ပဏီအမည်/ဌာန — စက်မှုဝန်ကြီးဌာန

(ခခ) နိုင်ငံသားစိစစ်ရေးကတ်အမှတ်

(ဂဂ) နေရပ်လိပ်စာ — ရေနီမြို့၊ ရေတာရှည်မြို့နယ်၊ တောင်ငူခရိုင် ပဲခူးတိုင်းဒေသကြီး။

(၄) မြေအမျိုးအစား — အစိုးရ

(၅) မြေငှားဂရန်ခွင့်ပြုကာလ — ---------------------------------------

(၆) ငှားရမ်းမည့်ကာလ — (၁၅) နှစ်

(၇) ငှားရမ်းခနှုန်းထား — အမေရိကန်ဒေါ်လာ ၂၀၀၀၀/–

(ကက) မြေ — ---------------------------------------

(ခခ) အဆောက်အအုံ — ---------------------------------------

(၈) ရပ်ကွက်

(၉) မြို့နယ် — ရေတာရှည်မြို့နယ်

(၁၀) ပြည်နယ်/တိုင်းဒေသကြီး — ပဲခူးတိုင်းဒေသကြီး

(၁၁) ငှားရမ်းမည့်ပုဂ္ဂိုလ်

(ကက) အမည်/ကုမ္ပဏီအမည်/ဌာန — လက်ဝါးကုမ္ပဏီလီမိတက်(ကိုယ်စားပြုသူ)ဦးခင်မောင်အေး

(ခခ) အဖအမည် — ဦးအေးမောင်

(ဂဂ) နိုင်ငံသား — မြန်မာ

(ဃဃ) နိုင်ငံကူးလက်မှတ်အမှတ်/ နိုင်ငံသားစိစစ်ရေးကတ်အမှတ် — ၁၂/ အလန (နိုင်) ၀၀၀၉၀၂

(ငင) နေရပ်လိပ်စာ — အမှတ်–(၉၆)၊ နှင်းဆီကုန်းလမ်း၊ စောရန်ပိုင်အရှေ့ရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

(ဂ) ဆောက်လုပ်မည့်အဆောက်အဦလိုအပ်ချက်

(၁) အဆောက်အဦအမျိုးအစား/အရေအတွက် — (၁)ထပ် RC / (၁)လုံး

(၂) အကျယ်အဝန်း — ၁၀၅၆၀ စတုရန်းမီတာ (၂၇၅.၅၉ ပေ x ၄၇၅.၅၆ ပေ)

(ဃ) နှစ်စဉ်ထုတ်လုပ်မည့်ကုန်ပစ္စည်း/ဝန်ဆောင်မှု နောက်ဆက်တွဲဇယား (၆)

(င) နှစ်စဉ်လျှပ်စစ်ဓါတ်အားလိုအပ်ချက်

(စ) နှစ်စဉ်ရေလိုအပ်ချက်

မှတ်ချက်။ ။အပိုဒ် ၁၂(ခ)နှင့်စပ်လျဉ်း၍အောက်ပါအချက်များပူးတွဲတင်ပြရန် -

(၁) မြေပိုင်ဆိုင်မှု/မြေငှားရန်အထောက်အထား(စက်မှုဇုန်မှအပ)နှင့်မြေပုံ

(၂) မြေငှားစာချုပ်(မူကြမ်း)

၁၃။ ငွေကြေးပိုင်ဆိုင်မှုနှင့်ပတ်သက်၍အသေးစိတ်ဖော်ပြချက်-

(က) အမည်/ကုမ္ပဏီအမည် Jiang Su Chang Jiang Textile Trading Co.,Ltd

(ခ) နိုင်ငံသားစိစစ်ရေးကတ်အမှတ်/နိုင်ငံကူးလက်မှတ်အမှတ် 91320000134793712N

(ဂ) ဘဏ်စာရင်းအမှတ် -------------------------------------

(မိခင်နိုင်ငံရှိဘဏ်ထောက်ခံချက်သို့မဟုတ်မိခင်ကုမ္ပဏီ၏ စာရင်းစစ်ပြီးသည့်နှစ်ချုပ်စာရင်းပူးတွဲတင်ပြရန်)

၁၄။ ဆောင်ရွက်မည့်စီးပွားရေးအဖွဲ့အစည်းတွင်လိုအပ်မည့် ဝန်ထမ်းစာရင်း

စဉ်	အဆင့်အတန်း	မြန်မာနိုင်ငံသား	နိုင်ငံခြားသား	စုစုပေါင်း
၁	Quality Control		၇	၇
၂	Warehouse Control		၁	၁
၃	Machine Control		၁	၁
၄	Sewing Line Control		၇	၇
၅	Cutting Control		၁	၁
၆	Finishing&Packing Control		၃	၃
၇	General Manager	၁		၁
၈	Factory Manager	၁		၁
၉	Finance Manager	၁		၁
၁၀	HR Manager	၁		၁
၁၁	Marketing Manager	၂		၂
၁၂	Clerk	၁၀		၁၀
၁၃	Office Staff	၁၅		၁၅
၁၄	Skilled Workers	၃၅၀		၃၅၀
၁၅	Unskilled Worker	၉၀၀		၉၀၀
၁၆	Driver	၆		၆
၁၇	Guard Man	၁၅		၁၅
	စုစုပေါင်း	၁၃၀၂	၂၀	၁၃၂၂

မှတ်ချက်။ ။အောက်ဖော်ပြပါဖော်ပြချက်များပူးတွဲဖော်ပြရန်

(၁) လုပ်သားများ၏ လူမှုဖူလုံရေး၊ သက်သာချောင်ချိမှုဆောင်ရွက်မည့်အစီအမံများ

(၂) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းပြုလုပ်မည့် အစီအမံများ

၁၅။ အဆိုပြုချက်နှင့်အတူအောက်ဖော်ပြပါလျှောက်ထားလွှာများကိုတင်ပြလျှောက်ထားခြင်းရှိ-မရှိဖော်ပြရန်-

- [x] မြေအသုံးပြုခွင့်လျှောက်ထားလွှာ
- [x] အခွန်ကင်းလွတ်ခွင့်သို့မဟုတ်သက်သာခွင့်လျှောက်ထားလွှာ

၁၆။ အဆိုပြုရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအကျဉ်းချုပ်အား နောက်ဆက်တွဲဖြင့်ဖော်ပြရန်။

လျှောက်ထားသူလက်မှတ်

အမည် Mr.Cheng Zhong

ရာထူး ဒါရိုက်တာ

ဌာန/ကုမ္ပဏီတံဆိပ် Bago Young Clothing Ltd

ရက်စွဲ ----------------------

အဆိုပြုရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအကျဉ်းချုပ်(နည်းဥပဒေ ၃၈)

၁။ ရင်းနှီးမြှုပ်နှံမှုတွင်တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အကျိုးစီးပွါးသိသာထင်ရှားစွာပါဝင်သော အခြားပုဂ္ဂိုလ်များ ဖော်ပြရန်–

(က) ရင်းနှီးမြှုပ်နှံသူမှရရှိမည့်အမြတ်ငွေ၏ ၁၀%နှင့်အထက်ကို ပိုင်ဆိုင်ခွင့်ရှိသည့်သို့မဟုတ် ထိန်းချုပ်ခွင့်ရှိသည့် လုပ်ငန်း၏

(၁) အမည် Jiang Su Chang Jiang Textile Trading Co.,Ltd

(၂) ဆက်သွယ်ရမည့်လိပ်စာ Nan Jing City Chang Jiang Street No.198, 8 floor

(၃) မှတ်ပုံတင်အမှတ် 91320000134793712N

(၁) အမည် ပဲခူး ရန်း ကလိုးသင်း လီမိတက်

(၂) ဆက်သွယ်ရမည့်လိပ်စာ အမှတ်– ရေနီမြို့၊ ရေတာရှည်မြို့နယ်၊ တောင်ငူခရိုင်၊ ပဲခူးတိုင်းဒေသကြီး။

(၃) မှတ်ပုံတင်အမှတ် ၁၁၇၅၈၆၄၄၁(၇.၂.၂၀၁၉)

(တစ်ဦးထက်ပိုပါကနောက်ဆက်တွဲဖြင့်ဖော်ပြရန်)

(ခ) ခွင့်ပြုမည့်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဆောင်ရွက်ရာတွင် တိုက်ရိုက်ပါဝင်သည့် လက်အောက်ခံကုမ္ပဏီများရှိလျှင် အဆိုပါကုမ္ပဏီများ၏ အမည်ကိုဖော်ပြရန်–

(၁) –

(၂) –

၂။ ရင်းနှီးမြှုပ်နှံမှု၏ အဓိကတည်နေရာသို့မဟုတ်/ တည်နေရာများ — ရေနီမြို့၊ ရေတာရှည်မြို့နယ်၊ တောင်ငူခရိုင်၊ ပဲခူးတိုင်းဒေသကြီး။

၃။ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပြုလုပ်မည့်ကဏ္ဍနှင့် ဆောင်ရွက်မည့်စီးပွါးရေးလုပ်ငန်းများ ဖော်ပြချက် — CMPစနစ်ဖြင့်အဝတ်အထည်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်း။

၄။ အဆိုပြုထားသောရင်းနှီးမြှုပ်နှံမှုပမာဏ (မြန်မာကျပ်နှင့်အမေရိကန်ဒေါ်လာတို့ဖြင့် ဖော်ပြရန်) — အမေရိကန်ဒေါ်လာသန်းပေါင်း – ၃.၉၅၁၆ ; ကျပ်သန်းပေါင်း – ၆၀၁၈.၂၈၆

၅။ ရင်းနှီးမြှုပ်နှံမှုအကောင်အထည်ဖော်မည့်ခန့်မှန်းအချိန်ဇယား အပါအဝင် အစီအစဉ်ဖော်ပြချက်–

(က) တည်ဆောက်ရေးကာလသို့မဟုတ် ပြင်ဆင်မှုကာလ(နှစ်၊ လတို့ဖြင့်ဖော်ပြရန်) — (၂) နှစ်

(ခ) စီးပွါးဖြစ်စတင်မည့်ကာလ (နှစ်၊ လတို့ဖြင့်ဖော်ပြရန်) — --

၆။ ခန့်ထားမည့်အလုပ်သမားဦးရေ–

(က) ပြည်တွင်း — ၁၃၀၂ ဦး

(ခ) ပြည်ပ(ပညာရှင်/ ကျွမ်းကျင်သူ) — ၂၀ ဦး

၇။ ပြည်ပမှပြည်တွင်းသို့ ယူဆောင်လာမည့် မတည်ရင်းနှီးမြှုပ်နှံမှုများတွင် ငွေသားဖြင့် ယူဆောင်မှုပမာဏ(Capital in-Cash) ရင်းနှီးပစ္စည်း အဖြစ် ယူဆောင်လာမည့် ရင်းနှီးငွေပမာဏ(Capital in-Kinds) တို့အားတိကျစွာခွဲခြား သတ်မှတ်ဖော်ပြပေးရန်(မြန်မာကျပ်နှင့်အမေရိကန်ဒေါ်လာတို့ဖြင့်ဖော်ပြရန်)–

		နိုင်ငံခြားငွေ (သန်းပေါင်း)	ညီမျှသည့်ခန့်မှန်းငွေကျပ် (သန်းပေါင်း)
(က)	ငွေသားဖြင့်ယူဆောင်မှုပမာဏ	၀.၇၂၅၆	၁၁၀၅.၀၈၈
(ခ)	ပစ္စည်းအဖြစ်ယူဆောင်လာမည့် ရင်းနှီးငွေပမာဏ	၃.၂၂၆၀	၄၉၁၃.၁၉၈

မှတ်ချက်။ ။ ရင်းနှီးမြှုပ်နှံသူသည်ရင်းနှီးမြှုပ်နှံမှုနှင့်သက်ဆိုင်သောလျှို့ဝှက်ထိန်းသိမ်းရမည့်သတင်းအချက်အလက်များအားထုတ်ပြန်ခြင်းမှရှောင်ကြဉ်ရန်ကော်မရှင်ထံတင်ပြတောင်းဆိုနိုင်သည်။

ကတိဝန်ခံချက်

အထက်ဖော်ပြပါလျှောက်ထားသူမှပေးအပ်သည့်အချက်အလက်များအားလုံးသည်မှန်ကန်မှုရှိပါကြောင်း အာမခံပါသည်။

ဤအဆိုပြုချက်တွင်ခွင့်ပြုမိန့်ထုတ်ပေးရန်အတွက်ကော်မရှင်မှစိစစ်ရာ၌လိုအပ်သည့်အချက်အလက်များကိုလျှောက်ထားသူက ပေးအပ်ရန် ပျက်ကွက်ပါက အဆိုပြုချက်ကို ငြင်းပယ်ခြင်း သို့မဟုတ် စိစစ်ရာ၌မလိုလားအပ်သည့် နှောင့်နှေးကြန့်ကြာခြင်းတို့ဖြစ်ပေါ်နိုင်ကြောင်း ကောင်းစွာသဘောပေါက်နားလည်ပါသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ချမှတ်မည့်စည်းမျဉ်းစည်းကမ်းများကိုလည်းလိုက်နာမည်ဖြစ်ကြောင်း ဝန်ခံကတိပြုအပ်ပါသည်။

လျှောက်ထားသူလက်မှတ်	(signature)
အမည်	Mr.Cheng Zhong
ရာထူး	ဒါရိုက်တာ
ဌာန/ကုမ္ပဏီတံဆိပ်	Bago Young Clothing Ltd

ရက်စွဲ ----------------------

3

Form (2)

Proposal Form for the Investment to be made in the Republic of the Union of Myanmar

To

Chairman
Myanmar Investment Commission

Reference No.
Date.

I do apply for the permission to make investment in the Republic of the Union ofMyanmar in accordance with the Section 36 of the Myanmar Investment Law by furnishing the following particulars:-

1. The Investor's:-

(a) Name	Mr.Wu YongJie
(b) Father's name	-
(c) ID No./National Registration Card No./Passport No.	PP No. E-77789275
(d) Citizenship	Chinese
(e) Address:	No.404, Block No(4),Hongfuyuan, Nanjing City, Qinhuai District, China.
(i) Address in Myanmar	-
(ii) Residence abroad	-
(f) Phone /Fax	-
(g) E-mail address	wuyj@sumec.com.cn
(h) Name of principle organization	Jiang Su Chang Jiang Textile Trading Co.,Ltd
(i) Principle company's address:	Nan Jing City, Chang Jiang Street No.198, 8 Floor.
(j) Type of Business	Textile, clothing and paving, zipper, button sales, production and processing. Import and export business of all kinds of commodities and technologies.
(k) Proposed investment's supply chain and benefits to the other related businesses	-

2. If the investment business is formed under Joint Venture, partner's:-

(a) Name	--
(b) Father's name	--
(c) ID No./National Registration Card No./Passport No.	------------------------------------
(d) Citizenship	--

(e) Address: --
(i) Address in Myanmar --
(ii) Residence abroad --
(f) Parent company --
(g) Parent company's address --

Note: The following documents need to be attached according to the above paragraph (1) and (2):-

(1) Company registration certificate (copy);
(2) National Registration Card (copy) and passport (copy);
(3) Evidences about the business and financial conditions of the participants of the proposed investment business;

3. If the investor don't apply for permission to make investment by himself/herself, the applicant;

(a) Name Daw May Thingyan
(b) Name of Contact Person --
(if applicant is business organization)
Remark: To submit the official letter of legal representative as attachment
(c) ID No./ National Registration Card No./Passport No. 11/Ma Ah Ta(N)001974
(d) Citizenship --
(၄)	ဒေါ်ခင်မြင့်သီ	ညွှန်ကြားရေးမှူး(ဘဏ္ဍာရေး) ၂၁၀၀၀၀-၂၀၀၀-၂၂၀၀၀၀ လုပ်ငန်း(ရုံးချုပ်)	အဖွဲ့ဝင်
(၅)	ဦးဟန်တင်	ညွှန်ကြားရေးမှူး(ရောင်းချဖြန့်ဖြူးရေး) ၂၁၀၀၀၀-၂၀၀၀-၂၂၀၀၀၀ လုပ်ငန်း(ရုံးချုပ်)	အဖွဲ့ဝင်
(၆)	ဦးသိန်းဝင်း	ညွှန်ကြားရေးမှူး(စီမံခန့်ခွဲရေး) ၂၁၀၀၀၀-၂၀၀၀-၂၂၀၀၀၀ လုပ်ငန်း(ရုံးချုပ်)	အတွင်းရေးမှူး

ဦးဆောင်ညွှန်ကြားရေးမှူး(ကိုယ်စား)
(သိန်းဝင်း၊ညွှန်ကြားရေးမှူး)

စာအမှတ် ၊ ၁၅၀၆(၄)၂၀၁၃/ရေး-၁/၁၄/ ၄၉၃(က)
ရက်စွဲ ၊ ၂၀၁၃ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်

D/Admin data/Order.doc


ရန်ကုန်တိုင်း

မ-၀ ရုံးချုပ်ကြီး ကျွန်ုပ်၏ တစ်နိုင်ငံလုံး ဘဏ်ငွေစာရင်း (၂၈၅၀၀၁၀၀) တင်ပြထားသော ၈.၁.၂၀၁၅ ရက်နေ့ပါ

ဗိုလ်တထောင် (၁၁၈၃) ၁၁၉ ဝယ်ယူပေးအပ်ပြီး ဖြစ်ကြောင်း ဝယ်ယူ၍ ပိုင်ဆိုင်ကြောင်း ထောက်ခံပါသည်။

ဒေါ်သဉ္ဇာအောင်

မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စက်မှုဝန်ကြီးဌာန

စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း

ရုံးအမိန့်စာအမှတ်(ထွေ/၂၁၉-က/၂၀၁၃)

ရက်စွဲ၊ ၂၀၁၃ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်

စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း(ရုံးချုပ်)မှ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များပါဝင်သော စီမံခန့်ခွဲရေးအဖွဲ့ကို ၁၅.၈.၂၀၁၃ ရက်နေ့မှစ၍ ဖွဲ့စည်းလိုက်သည် -

စဉ်	အမည်	ရာထူး/လစာနှုန်း/ဌာန	တာဝန်
(၁)	ဦးရည်မွန်	ဦးဆောင်ညွှန်ကြားရေးမှူး ၂၃၀၀၀၀-၂၀၀၀-၂၄၀၀၀၀ လုပ်ငန်း(ရုံးချုပ်)	ဥက္ကဋ္ဌ
(၂)	ဒေါက်တာစိုးနိုင်	ညွှန်ကြားရေးမှူး(ပစ္စည်းစီမံရေး) ၂၁၀၀၀၀-၂၀၀၀-၂၂၀၀၀၀ လုပ်ငန်း(ရုံးချုပ်)	အဖွဲ့ဝင်
(၃)	ဦးသန်းထွန်း	ညွှန်ကြားရေးမှူး(ထုတ်လုပ်မှုစီမံရေး) ၂၁၀၀၀၀-၂၀၀၀-၂၂၀၀၀၀ လုပ်ငန်း(ရုံးချုပ်)	အဖွဲ့ဝင်
(၄)	ဒေါ်ခင်မြင့်သီ	ညွှန်ကြားရေးမှူး(ဘဏ္ဍာရေး) ၂၁၀၀၀၀-၂၀၀၀-၂၂၀၀၀၀ လုပ်ငန်း(ရုံးချုပ်)	အဖွဲ့ဝင်
(၅)	ဦးဟန်တင်	ညွှန်ကြားရေးမှူး(ရောင်းချဖြန့်ဖြူးရေး) ၂၁၀၀၀၀-၂၀၀၀-၂၂၀၀၀၀ လုပ်ငန်း(ရုံးချုပ်)	အဖွဲ့ဝင်
(၆)	ဦးသိန်းဝင်း	ညွှန်ကြားရေးမှူး(စီမံခန့်ခွဲရေး) ၂၁၀၀၀၀-၂၀၀၀-၂၂၀၀၀၀ လုပ်ငန်း(ရုံးချုပ်)	အတွင်းရေးမှူး

ဦးဆောင်ညွှန်ကြားရေးမှူး(ကိုယ်စား)
(သိန်းဝင်း၊ညွှန်ကြားရေးမှူး)

စာအမှတ် ၊ ၁၅၀၆(၄)၂၀၁၃/ရေး-၁/၁၄/ ၄၈၃(က)
ရက်စွဲ ၊ ၂၀၁၃ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်

D/Admin data/Order.doc

စက်မှုဝန်ကြီးဌာန

စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း

နှင့်

လက်ဝါးကုမ္ပဏီလီမိတက်

တို့

ချုပ်ဆိုသော

စက္ကူစက်ရုံ(ရေနီ) မြေ၊ အဆောက်အဦနှင့် စက်ပစ္စည်းများအား ငှားရမ်းသည့် သဘောတူစာချုပ်

ဤစာချုပ်ကို နေပြည်တော်တွင် ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ (၂၆)ရက်နေ့၌ ဦးဆောင်ညွှန်ကြားရေးမှူး၊ ဦးရည်မွန် ကိုယ်စားပြုသော စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန၊ (နောင်တွင် "အငှားချထားသူ"ဟု ခေါ်တွင်စေပြီး ယင်းစကားရပ်၌ ၎င်းအား ဆက်ခံသူနှင့် ဥပဒေအရ လွှဲအပ်ခြင်းခံရသူများ ပါဝင်သည်)က တစ်ဖက်

နှင့်

ရန်ကုန်တိုင်းဒေသကြီး၊အမှတ်(၉၆)၊နှင်းဆီကုန်းလမ်း၊အလုံမြို့နယ်နေ ဒေါက်တာခင်မောင်အေး နိုင်ငံသားမှတ်ပုံတင်အမှတ် ၁၂/အလန(နိုင်)၀၀၀၉၀၂ မန်နေဂျင်းဒါရိုက်တာ ကိုယ်စားပြုသော လက်ဝါး ကုမ္ပဏီလီမိတက် (နောင်တွင်"အငှားချထားခြင်းခံရသူ" ဟု ခေါ်တွင်စေပြီး ယင်းစကားရပ်၌ ၎င်းအား ဆက်ခံသူများ၊ တရားဝင်ကိုယ်စားလှယ်များနှင့် ဥပဒေအရ လွှဲအပ်ခြင်းခံရသူများ ပါဝင်သည်)က အခြားတစ်ဖက်တို့သည် အောက်ပါစည်းကမ်းချက်များကို သတ်မှတ်၍ နှစ်ဦး သဘောတူ စာချုပ်ချုပ်ဆိုကြပါသည်။

ရည်ရွယ်ချက်

၁။ "အငှားချထားသူ" ပိုင်ဆိုင်သော ပဲခူးတိုင်းဒေသကြီး ၊ ရေတာရှည်မြို့နယ်၊ ရေနီမြို့၊စက္ကူစက်ရုံ (ရေနီ) ကို "အငှားချထားခြင်းခံရသူ"မှ ငှားရမ်းပြီး လက်ရှိ ဘွိုင်လာများအား Gas Burner ပြောင်းလဲ၍ Internal Gas Line သွယ်တန်းခြင်း ၊ 36MW ~ 45MW Power Plant တည်ဆောက်ခြင်း၊ နိုင်ငံခြားသားပညာရှင်များ ခေါ်ယူ၍ စက္ကူနှင့်ပျော့ဖတ်စက်ရုံအား ပြုပြင်မွမ်းမံမှုများ ဆောင်ရွက်ခြင်း၊ Replantation Plan စီမံဆောင်ရွက်ခြင်းနှင့် အထည်ချုပ်လုပ်ငန်း ဆောင်ရွက်ခြင်းလုပ်ငန်းများနှင့် စက္ကူနှင့်ပတ်သက်သော စက်မှုလုပ်ငန်းများအား အထည်အလိပ်နှင့်စက္ကူလုပ်ငန်း အထူးပြုသည့် စက်မှုနယ်မြေ (Industrial Complex) အဖြစ်ထူထောင်၍ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများကို ဖိတ်ခေါ်ဆောင်ရွက်နိုင်ရန် ရည်ရွယ်လျက် ဤစက်ရုံ ငှားရမ်းသည့် သဘောတူစာချုပ် ချုပ်ဆိုခြင်း ဖြစ်ပါသည်။

Office2/YonFanor M8(7-11-12CL01

ကန့်သတ်

အာမခံခြင်းနှင့်ကိုယ်စားပြုခြင်း

၂။ "အငှားချထားသူ"သည် နောက်ဆက်တွဲ (က မှ ဆ ထိ)တွင် အသေးစိတ် ဖော်ပြထားသော စက်ရုံ၊ မြေ၊ အဆောက်အဦနှင့် စက်ပစ္စည်းများကို ပိုင်ဆိုင်သူဖြစ်ပြီး "အငှားချထားခြင်းခံရသူ"သည် စာချုပ် ရည်ရွယ်ချက်ပါ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရန် ငွေကြေးပြည့်စုံပြီး စာချုပ်ပါ လုပ်ငန်းကို လုပ်ကိုင်ခွင့်ရှိသူဖြစ်သည်။ စာချုပ်တွင် လက်မှတ်ရေးထိုးမည့် သူများသည် ဤစာချုပ်တွင် လက်မှတ်ရေးထိုးရန် အခွင့်အာဏာရှိသူများဖြစ်ကြောင်းကို အသီးသီး အာမခံကြပါသည်။

အငှားချထားမည့်ပစ္စည်းများ

၃။ အောက်ပါ "အငှားချထားသူ"ပိုင် စက္ကူစက်ရုံ(ရေနီ)၏ စက်ရုံ၊ မြေ၊ အဆောက်အဦ နှင့် စက်ပစ္စည်းကိရိယာများ၊ ရုံးသုံးပရိဘောဂများနှင့် အခြားပစ္စည်းများကို "အငှားချထားခြင်းခံရသူ"အား ငှားရမ်းမည်ဖြစ်ပါသည် -

(က) စက်ရုံအမည်နှင့်တည်နေရာ - စက္ကူစက်ရုံ(ရေနီ)
ရေနီမြို့၊ ရေတာရှည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

(ခ) မြေ(ဧက) - ၂၀၅၁.၉၇၀ ဧက

- စက်ရုံဧရိယာ - ၁၆၉.၁၃ ဧကမြေပုံကို နောက်ဆက်တွဲ(က)ဖြင့် ဖော်ပြထား
- ဝန်ထမ်းအိမ်ရာ - ၁၄၆.၅၀ ဧက ပါသည်။
- ကုန်ကြမ်းစိုက်ခင်း - ၁၇၃၆.၃၄ ဧက
နှင့်မြေလွတ်

(ဂ) အဆောက်အဦများ - ရုံးနှင့်စက်မှုအဆောက်အဦ(၆၂)လုံး
ဝန်ထမ်းအိမ်ရာ (၂၄၉)လုံး၊ ဂိုဒေါင်(၁၈)လုံး
နောက်ဆက်တွဲ(ခ)ဖြင့် ပူးတွဲဖော်ပြထားပါသည်။
(ဃ) စက်ပစ္စည်းကိရိယာများ - နောက်ဆက်တွဲ(ဂ)ဖြင့်ပူးတွဲဖော်ပြထားပါသည်။
(င) ရုံးသုံးပရိဘောဂများ - နောက်ဆက်တွဲ(ဃ)ဖြင့်ပူးတွဲဖော်ပြထားပါသည်။
(စ) မော်တော်ယာဉ်စာရင်း - နောက်ဆက်တွဲ(င)ဖြင့်ပူးတွဲဖော်ပြထားပါသည်။
(ဆ) ယာဉ်/ယန္တရားစာရင်း - နောက်ဆက်တွဲ(စ)ဖြင့်ပူးတွဲဖော်ပြထားပါသည်။
(ဇ) အခြားပစ္စည်းများ - နောက်ဆက်တွဲ(ဆ)ဖြင့်ပူးတွဲဖော်ပြထားပါသည်။

ငှားရမ်းမည့်အချိန်ကာလ

၄။ ငှားရမ်းမည့် အချိန်ကာလမှာ ကနဦး(၃၀)နှစ်နှင့် သက်တမ်းတိုး(၅)နှစ်(၂)ကြိမ်ဖြစ်၍ ပထမ (၃၀)နှစ် စာချုပ်သက်တမ်းသည် ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ (၁)ရက်နေ့မှ ၂၀၄၃ခုနှစ်၊ စက်တင်ဘာလ (၃၀)ရက်နေ့အထိ ဖြစ်ပါသည်။ သက်တမ်းတိုး (၅)နှစ်(၂)ကြိမ် ဆက်လက်ဆောင်ရွက်ခြင်းအား စာချုပ်ဝင်နှစ်ဦးနှစ်ဖက် ညှိနှိုင်းသဘောတူညီချက်နှင့် စက်မှုဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါသည်။

စာချုပ်သက်တမ်း

၅။ စာချုပ်သက်တမ်းမှာ ကနဦး(၃၀)နှစ်နှင့် သက်တမ်းတိုး(၅)နှစ် (၂)ကြိမ်ဖြစ်၍ ပထမ (၃၀)နှစ် စာချုပ်သက်တမ်းသည် ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ(၁)ရက်နေ့ မှ ၂၀၄၃ ခုနှစ်၊ စက်တင်ဘာလ (၃၀)ရက်နေ့အထိ ဖြစ်ပါသည်။

"အငှားချထားခြင်းခံရသူ"မှ ရင်းနှီးမြှုပ်နှံရန် ရည်မှန်းချက်

၆။ "အငှားချထားခြင်းခံရသူ" သည် စက်ရုံအား ငှားရမ်းပြီး၊ လက်ရှိ Gas Burner ပြောင်းလဲ၍ Internal Gas Line သွယ်တန်းခြင်း၊ 36MW ~ 45MW Power Plant တည်ဆောက်ခြင်း၊ နိုင်ငံခြားသားပညာ ရှင်များခေါ်ယူ၍ စက္ကူနှင့်ပျော့ဖတ်စက်ရုံအား ပြုပြင်မွမ်းမံမှုများ ဆောင်ရွက်ခြင်း၊ Replantation Plan စီမံဆောင်ရွက်ခြင်း၊ အထည်ချုပ်လုပ်ငန်း ဆောင်ရွက်ခြင်း လုပ်ငန်းများဆောင်ရွက်ရန် အနည်းဆုံးရင်းနှီးမြှုပ်နှံမှု စုစုပေါင်းUSD(၇၃.၅)သန်း ရင်းနှီးမြှုပ်နှံရန် ရည်မှန်းပါသည်။

လွှဲပြောင်းပေးမည့်ဝန်ထမ်း

၇။ လွှဲပြောင်းပေးမည့် ဝန်ထမ်းအင်အားမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

စဉ်	လစာနှုန်း	ဦးရေ
(က)	၂၀၀၀၀၀-၂၀၀၀-၂၁၀၀၀၀	၁ ဦး
(ခ)	၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀	၂ ဦး
(ဂ)	၁၆၀၀၀၀-၂၀၀၀-၁၇၀၀၀၀	၆ ဦး
(ဃ)	၁၄၀၀၀၀-၂၀၀၀-၁၅၀၀၀၀	၃၀ ဦး
(င)	၁၂၀၀၀၀-၂၀၀၀-၁၃၀၀၀၀	၇၅ ဦး
(စ)	၈၅၀၀၀-၁၀၀၀-၉၀၀၀၀	၁၄၇ ဦး
(ဆ)	၇၉၀၀၀-၁၀၀၀-၈၄၀၀၀	၁၆၃ ဦး
(ဇ)	၇၃၀၀၀-၁၀၀၀-၇၈၀၀၀	၂၃၁ ဦး
(ဈ)	၆၇၀၀၀-၁၀၀၀-၇၂၀၀၀	၃၅၉ ဦး
(ည)	၆၁၀၀၀-၁၀၀၀-၆၆၀၀၀	၁၉၂ ဦး
(ဋ)	၅၅၀၀၀-၁၀၀၀-၆၀၀၀၀	-
(ဌ)	နေ့စား ၁၇၀၀ိ/-နှုန်း	၃၀ ဦး
	စုစုပေါင်း	၁၂၃၆ ဦး

Office2/Yeni Paper ME(17-11-13,CLD)

၈။ လွှဲပြောင်းပေးမည့် ဝန်ထမ်းများနှင့်ပတ်သက်၍ အောက်ပါစည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်-

(က) စက်ရုံရှိ လွှဲပြောင်းပေးမည့် ဝန်ထမ်းများ၏ ဝန်ထမ်းလစာများကို လစဉ်လစာထုတ်ရက်တွင် ထုတ်ပေးရမည်။

(ခ) ဝန်ထမ်းများ၏ လစာ၊ နှစ်တိုး၊ပင်စင်ထောက်ပံ့ကြေးနှင့် စရိတ်များအား နိုင်ငံတော်၏ ခွင့်ပြုနှုန်းထားများအတိုင်း အငှားချထားခြင်းခံရသူမှ ဆက်လက်ပေးဆောင်ရမည်။ မူရင်းလစာအား နိုင်ငံတော် သတ်မှတ်နှုန်းထားထက် ပို၍မပေးရ။ ဆုကြေးနှင့် စရိတ်များအား အငှားချထားခြင်း ခံရ သူမှ သင့်လျော်သလို ပေးနိုင်သည်။

(ဂ) အကြောင်းအရာတစုံတရာကြောင့် လစာနှုန်းထားများ ပြောင်းလဲခဲ့လျှင် ပြောင်းလဲသည့်နှုန်းထားအတိုင်း ထုတ်ပေးရမည်။

(ဃ) အခါအားလျော်စွာ ရာထူးတိုးမြှင့်ခြင်း၊ နှစ်တိုးတိုးမြှင့်ခံရသော ဝန်ထမ်းများအတွက် တိုးမြှင့်လစာနှင့် နှစ်တိုးကို ခံစားခွင့်ပြုရမည်။

(င) ဝန်ထမ်းများ တာဝန်ခွဲဝေချထားခြင်းဆိုင်ရာ ကိစ္စရပ်များအား "အငှားချထားခြင်းခံရသူ" ၏စီမံမှုဖြင့် ဆောင်ရွက်ရမည်။

(စ) ဝန်ထမ်းများရာထူးတိုးခြင်း၊ အရေးယူအပြစ်ပေးခြင်းနှင့် ဝန်ထမ်းရေးရာကိစ္စရပ်များအား "အငှားချထားခြင်းခံရသူ"၏ တင်ပြချက်ကို နိုင်ငံတော်မှ သတ်မှတ်ထားသည့် ဝန်ထမ်းစည်းမျဉ်းများနှင့်အညီ လုပ်ငန်းမှ စိစစ်ဆောင်ရွက်ပေးရမည်။

(ဆ) ဝန်ထမ်းရေးရာကိစ္စရပ်များနှင့်ပတ်သက်၍ ဝန်ထမ်းများ နစ်နာမှုမရှိစေရေးအတွက် နှစ်ဦးနှစ်ဖက်မှ ညှိနှိုင်းဆောင်ရွက်ရမည်။

(ဇ) စက်ရုံလွှဲပြောင်းသည့်အခါ ပါရှိသော ဝန်ထမ်းများအနက် ရာထူးမှနုတ်ထွက်လိုခြင်း၊ နှစ်ပြည့် (သို့မဟုတ်) သက်ပြည့်အငြိမ်းစားယူခြင်းများရှိပါက "အငှားချထားသူ"ထံ တင်ပြရမည်။

(ဈ) ဝန်ထမ်းများအား တိုးချဲ့ဆောင်ရွက်မည့် လုပ်ငန်းများတွင် ညှိနှိုင်း၍ တာဝန်ပေးအပ်နိုင်သည်။

၅/

(ည) ဝန်ထမ်းများ၏ လူမှုဖူလုံရေးအကျိုးခံစားခွင့် ရရှိရေးအတွက် "အငှားချထားခြင်းခံရသူ" မှ တာဝန်ယူရမည်။

(ဋ) ဝန်ထမ်းများ၏ သက်သာချောင်ချိရေး ကိစ္စများကို "အငှားချထားခြင်းခံရသူ"မှ စီစဉ် ဆောင်ရွက်ပေးရန် တာဝန်ယူရမည်။

(ဌ) ဝန်ထမ်းများအလုပ်ခွင်တွင် မတော်တဆ ထိခိုက်မှု ဖြစ်ပွားပါက "အငှားချထားခြင်းခံရသူ"မှ တာဝန်ယူဆောင်ရွက်ပေးရမည်။

(ဍ) ဝန်ထမ်းများ ရာထူးအနွယ်(Lien) ဆက်လက်ထိန်းသိမ်းထားပြီး ရာထူးတိုးမြှင့်ရန် အချိန်ကျရောက်သည့်အခါ ရာထူးတိုးမြှင့်ခြင်းကိစ္စများကို "အငှားချထားသူ"မှ ဆောင်ရွက်ရမည်။

(ဎ) ဝန်ထမ်းရေးရာကိစ္စများနှင့် ပတ်သက်၍ စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူး ဥက္ကဋ္ဌဖြင့် ဆောင်ရွက်သည့် နောက်ဆက်တွဲတွင်ပါရှိသော စီမံခန့်ခွဲရေးအဖွဲ့မှ တာဝန်ယူဆောင်ရွက်ရမည်။

(ဏ) လုပ်ငန်းတွင် ထိခိုက်နစ်နာမှု မရှိစေရန်အတွက် ဝန်ထမ်းများအား ဤစက်ရုံ၏ ပြင်ပလုပ်ငန်းနေရာများသို့ ပြောင်းရွှေ့ခြင်းကို "အငှားချထားခြင်းခံရသူ"၏ သဘောတူညီမှုဖြင့် ဆောင်ရွက်ရမည်။

(တ) ဝန်ထမ်းအိမ်ယာတွင် လက်ရှိနေထိုင်လျက်ရှိသော ဝန်ထမ်းများအား ဤစက်ရုံ၌ တာဝန်ထမ်းဆောင်နေသော ကာလတွင် ဆက်လက်နေထိုင်ခွင့်ပြုရမည်။ ဝန်ထမ်းအိမ်ရာများ၏ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို "အငှားချထားခြင်းခံရသူ"က တာဝန်ယူဆောင်ရွက်ရမည်။

ငှားရမ်းခနှုန်းထား

၉။ ငှားရမ်းခနှုန်းထားမှာ အပိုဒ်(၃)ပါစက်ရုံမြေ၊ အဆောက်အဦ၊ စက်နှင့်စက်ပစ္စည်းများ အပါအဝင် တစ်နှစ်လျှင် ကျပ် (၉၅၀.၀၀၀)သန်း (ကျပ် ကိုးရာ့ငါးဆယ် သန်းတိတိ) ဖြစ်ပါသည်။

၁၀။ နှစ်ဖက်သဘောတူညီချက်ဖြင့် ငှားရမ်းခ ပြင်ဆင်သတ်မှတ်ခြင်းကို နှစ်စဉ် ပြုလုပ်သွားမည်။ ပြင်ဆင်ခြင်းအား စက်မှုဝန်ကြီးဌာန၊ ပစ္စည်းဝယ်ယူရောင်းချရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ ကော်မတီ၏ အတည်ပြုချက်ဖြင့် ပြင်ဆင်သတ်မှတ်နိုင်သည်။ သို့ရာတွင် ငှားရမ်းခ တိုးခြင်း/လျှော့ခြင်းနှင့် စပ်လျဉ်း၍ ယခင် နောက်ဆုံးငှားရမ်းခ၏ (၁%)ထက်ပိုးပြီး တိုးမြှင့်ခြင်း၊ လျှော့ခြင်း မပြုရ။

၁၁။ စက်ရုံရှိ မြေလွတ်ဧရိယာတွင် အဆောက်အဦများ၊ စက်ရုံများ ဆောက်လုပ်၍ လုပ်ငန်း ပိုးချဲ့ ဆောင်ရွက်ပါက ထပ်မံဆောက်လုပ်အသုံးပြုသည့် မြေအား MIC မှ ခွင့်ပြုသည့်နှုန်းထားအတွင်း ထပ်မံ ဆောက်လုပ်မည့် လုပ်ငန်းအမျိုးအစားအလိုက် နှစ်ဖက်ညှိနှိုင်း၍ ငှားရမ်းခသတ်မှတ်ရမည်ဖြစ်ပါသည်။ သို့ရာတွင် မူလအစီအမံတွင် ပါဝင်သော Power Plant အတွက်မူ ထပ်မံပေးဆောင်ရန် မလိုအပ်ဟု မှတ်ယူရမည်။

ငှားရမ်းခပေးချေခြင်း

၁၂။ "အငှားချထားခြင်းခံရသူ" သည် (၃)လအတွက် ငှားရမ်းခငွေ ကျပ်(၂၃၇.၅၀၀)သန်း (ကျပ် နှစ်ရာ့သုံးဆယ့်ခုနစ်ဒသမငါးသန်း တိတိ)ကို (၃)လ (၁) ကြိမ် (၃)လပြည့်သည့်လ၏ နောက်ဆုံးပတ် အတွင်း ပေးသွင်းရမည်။ ပေးသွင်းရန် ပျက်ကွက်ပါက ဒဏ်ကြေးပေးဆောင်ရမည်။ (၁)လနောက်ကျ လျှင် ငှားရမ်းခ၏(၁%)၊(၂)လနောက်ကျလျှင် ငှားရမ်းခ၏(၂%)၊(၃)လနောက်ကျလျှင် ငှားရမ်းခ၏ (၃%) စသည်ဖြင့် ပေးသွင်းရမည်။

ကြိုတင်စည်းကမ်းသတ်မှတ်ချက်များ

၁၃။ ဤစာချုပ်ပါ စည်ကမ်းသတ်မှတ်ချက်အတိုင်း လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ရာ တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ သက်ဆိုင်ရာအစိုးရဌာန၊အာဏာပိုင်အဖွဲ့အစည်း များထံမှ ရယူရန်လိုအပ်သောအတည်ပြုချက်များ၊ ခွင့်ပြုမိန့်များရရှိပြီးမှသာ လုပ်ငန်းအကောင်အထည် ဖော်ဆောင်ရွက်ရန် သတ်မှတ်ပါသည်။

အငှားချထားခြင်းခံရသူ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၄။ "အငှားချထားခြင်းခံရသူ"၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ငှားရမ်းသည့် မြေ၊ အဆောက်အဦ၊ စက်ပစ္စည်းကိရိယာများ၊ မော်တော်ယာဉ်များ၊ ရုံးသုံးပရိဘောဂများနှင့် အခြားပစ္စည်းများကို နောက်ဆက်တွဲ (က မှ ဆ အထိ) ပါ အတိုင်း ငှားရမ်းဆောင်ရွက်ရမည်။

(ခ) စက်ရုံ၏ စုစုပေါင်း စိုက်ပျိုးမြေဧရိယာ (၁၈၀၀၀)ဧကအနက် ငှားရမ်းသည့် စက်ရုံမြေ ဧရိယာ (၂၀၅၁.၉၇)ဧက တွင် စိုက်ပျိုးမြေဧရိယာ (၁၉၀၀)ဧက ပါဝင်ပြီးဖြစ်၍ စိုက်ပျိုး မြေဧရိယာ (၁၆၁၀၀) ဧက ကျန်ရှိပါသည်။ အဆိုပါ စိုက်ပျိုးမြေဧရိယာ (၁၆၁၀၀)ဧက ကိုငှားရမ်းမည်ဆိုပါက ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၊ မြေလွတ်မြေရိုင်းစီမံခန့်ခွဲရေး ကော်မတီမှ ချမှတ်ပြဋ္ဌာန်းထားသော နှစ်တိုနှစ်ရှည်ငှားရမ်းခနှုန်းထား/ အခွန်အခများ အပါအဝင်၊ လုပ်ငန်း၏မူလရင်းနှီးမြှုပ်နှံထားမှု စိုက်ခင်းကုန်ကျစရိတ်ကိုပါ ထည့်သွင်း၍ သီးခြားစာချုပ်ချုပ်ဆိုဆောင်ရွက်ရမည်ဖြစ်ပါသည်။

(ဂ) အဆိုပါ စိုက်ပျိုးမြေဧရိယာ (၁၆၁၀၀)ဧကတွင် စိုက်ပျိုးထားရှိပြီးဖြစ်သော စက္ကူနှင့် ပျော့ဖတ်ထုတ်လုပ်ရေးအတွက် မရှိမဖြစ်လိုအပ်သည့် ကုန်ကြမ်းများဖြစ်သော ဝါး၊ သစ် နှင့် အခြားစက္ကူထုတ်လုပ်နိုင်သည့် ကုန်ကြမ်း အဖြစ်အသုံးပြုသော အပင်အမျိုး မျိုးကို ထိန်းသိမ်းစောင့်ရှောက်ရန်၊ ခေတ်မီနည်းပညာဖြင့် ထပ်မံစိုက်ပျိုးရန်၊ မခေတ်မီမျိုးပွား နည်းဖြင့်လိုအပ်သည့် ပျိုးခင်းများထူထောင်ရန် "အငှားချထားခြင်းခံရသူ"မှ တာဝန်ယူ စီမံခန့်ခွဲရမည်။

(ဃ) စက်ရုံကို လက်ခံသည့်နေ့တွင် စက်အရန်ပစ္စည်းများကို "အငှားချထားခြင်းခံရသူ" မှ အသုံးပြုမည်ဆိုပါက နှစ်ဖက်သို့နိုင်း တန်ဖိုးသင့်၍ သတ်မှတ်ကာလအတွင်း "အငှားချထားသူ" သို့ ပေးချေရမည်။

(င) စက်ရုံကိုလွှဲပြောင်းချိန်တွင်ကျန်ရှိမည့် ကုန်ချော၊ ကုန်ကြမ်းများကို "အငှားချထားခြင်း ခံရသူ" မှ ကာလပေါက်ဈေးအရ ဈေးနှုန်းညှိနိုင်း၍ သတ်မှတ်ကာလအတွင်း ပေးချေရန် သဘောတူမည်ဖြစ်ပြီး အရောင်းအဝယ်စာချုပ် သီးခြားချုပ်ဆိုဆောင်ရွက်မည်ဖြစ်သည်။

(စ) ငှားရမ်းခွင့်ရရှိထားသော စက္ကူစက်ရုံ(ရေနီ) မြေနှင့် အဆောက်အဦတွင် ကနဦး တင်ပြ ထားသော လုပ်ငန်းများအပြင် ဥပဒေနှင့် မငြိစွန်းသည့် အခြားလုပ်ငန်းများကို တိုးချဲ့ လုပ်ကိုင်လိုပါက "အငှားချထားသူ"သို့ ညှိနိုင်းဆောင်ရွက်ခွင့်ရှိသည်။

(ဆ) ငှားရမ်းခွင့်ရယူထားသော ရှိပြီးစက်ရုံနှင့်ပစ္စည်းများအား ပေါင်နှံခြင်း၊ ရောင်းချခြင်း (သို့မဟုတ်)တနည်းနည်းဖြင့် လွှဲပြောင်းပေးခြင်း၊ အသုံးပြုခွင့်ပေးခြင်းတို့ကို မပြုလုပ်ရ။ အသစ်တည်ဆောက်မည့် အဆောက်အဦနှင့် စက်ပစ္စည်းများအတွက် လက်ကျန်ကာလ အသုံးပြုခွင့်ကို အခြေပြု၍ ပြည်တွင်း ၊ ပြည်ပရှိ ဘဏ်၊ ငွေကြေးအဖွဲ့အစည်းများတွင် "အငှားချထားခြင်းခံရသူ" မှ ငွေချေးငှားခြင်း၊ ပြန်လည်ပေးဆပ်ရန် အာမခံခြင်း တို့ကို ပြုလုပ်နိုင်သော်လည်း ပေါင်နှံခြင်း၊ ရောင်းချခြင်း ၊ လွှဲပြောင်းခြင်း မပြုလုပ်ရ။

(ဇ) စက္ကူစက်ရုံ(ရေနီ)၏ အဆောက်အဦနှင့် စက်ပစ္စည်းကိရိယာများကို လိုအပ်သည့် မွမ်းမံ ပြင်ဆင်မှုများ ဆောင်ရွက်ရမည်။

(ဈ) တိုးချဲ့လုပ်ကိုင်မည့် ကုန်ထုတ်လုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများအတွက် လိုအပ် သည့် စက်ပစ္စည်းအသစ်များ တပ်ဆင်ခြင်းနှင့်အဆောက်အဦအသစ်များ ဆောက်လုပ်ရန် ရှိပါက "အငှားချထားသူ"နှင့် ညှိနိုင်း ဆောင်ရွက်ရမည်။

Office2/Yeni Paper M8(7-11-13.CLO)

ကန့်သတ်

(ည) စက်ရုံအား စတင်ငှားရမ်းမည့် အချိန်မှစ၍ စက်ရုံနှင့်ပတ်သက်သည့် ဌာနအလိုက် စာရွက်စာတမ်းများ၊စာရင်းဇယားများအားလုံးအား အစစ်ဆေးခံနိုင်ရေးနှင့်အခြားလိုအပ်သည်များ ဆောင်ရွက်နိုင်ရန် စနစ်တကျ ထိန်းသိမ်းဆောင်ရွက်ရမည်။

(ဋ) အငှားချထားသည့် ပစ္စည်းအားလုံးကို လျော်ကန်သင့်မြတ်သော သတိ၊ ဝီရိယဖြင့် ကောင်းမွန်စွာ ထိန်းသိမ်းထားပြီးလိုအပ်သော ပြင်ဆင်မွမ်းမံမှုအားလုံးကို ပြုလုပ်ရမည်။ အကယ်၍ အဆိုပါပစ္စည်းများအားလုံးဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ မီးလောင်ခြင်း၊ မြေငလျင်လှုပ်ခြင်း၊ လေမုန်တိုင်းကျရောက်ခြင်း၊ ရေကြီးခြင်း၊ ရုန်းရင်းဆန်ခတ်မှု ဖြစ်ပေါ်ခြင်း(သို့) အခြား မလွှဲရှောင်နိုင်သည့် အကြောင်းကရာများကြောင့် ပျက်စီးသွား၍ ဆက်လက်အသုံးပြုရန် မသင့်လျော်ပါက "အငှားချထားသူ"အား ဤစာချုပ်ကို ရပ်စဲပေးရန် (သို့) အသုံးပြုရန် သင့်လျော်သည့် ကျန်ရှိနေသည့် အစိတ်အပိုင်းအတွက် ငှားရမ်းခကို အချိုးကျလျှော့ပေါ့ပေးရန် အမြန်ဆုံးအကြောင်းကြားရမည်။ သို့ရာတွင် အငှားချထားသည့်ပစ္စည်းများ၏ ပျက်စီးဆုံးရှုံးခြင်းဖြစ်ပေါ်ရခြင်းမှာ "အငှားချထားခြင်းခံရသူ" ၏ မှားယွင်းသော လုပ်ဆောင်ချက်၊ သင့်လျော်သလိုဆောင်ရွက်ရန် ပျက်ကွက်ခြင်း (သို့) ပေါ့လျော့ခြင်းကြောင့် ဖြစ်ပွားပါက "အငှားချထားခြင်းခံရသူ"သည် ဤအပိုဒ်ပါ အခွင့်အရေးကို ရယူခံစားနိုင်ခွင့် မရှိသည့်အပြင် ယင်းပစ္စည်းများအား နဂိုမူလအခြေအနေသို့ ရောက်ရှိအောင် ပြန်လည်ပြင်ဆင်မွမ်းမံရသည့် ကုန်ကျစရိတ်အားလုံးကို ပေးချေရမည်။

(ဌ) အငှားချထားသည့်စက်ရုံ၏ အခြေအနေများကိုစစ်ဆေးရန်လိုအပ်ပါက"အငှားချထားသူ" က နည်းလမ်းတကျ လုပ်ကိုင်ခွင့်ပေးအပ်သော ကိုယ်စားလှယ်များကိုဝင်ရောက် စစ်ဆေးခွင့်ပြုရမည်။

(ဍ) အငှားချထားသည့် စက်ရုံတွင် အသုံးပြုသော လျှပ်စစ်၊ ရေ၊ တယ်လီဖုန်းနှင့် ဆက်သွယ်ရေးဆိုင်ရာ အသုံးပြုကြေးနှင့် အခွန်အခများအား သတ်မှတ်ရက်အတွင်း အချိန်မီပေးဆောင်ရမည်ဖြစ်ပြီး၊ ပေးဆောင်ထားသည့် ပြေစာအထောက်အထား မိတ္တူများအား "အငှားချထားသူ"ထံ လစဉ်ပေးပို့ရမည်။

(ပ) အငှားချထားသည့် စက်ရုံ၏ကုန်ထုတ်လုပ်မှုအတွက် လိုအပ်သည့် လျှပ်စစ်နှင့် သဘာဝဓာတ်ငွေ့အတွက် ကျသင့်ငွေများအား သက်ဆိုင်ရာဝန်ကြီးဌာန၏ သတ်မှတ်နှုန်းထားအတိုင်း ပေးချေရမည်။

(ဏ) အငှားချထားသည့် စက်ရုံအတွက် အလုံးစုံအာမခံကို မြန်မာ့အာမခံလုပ်ငန်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ထားရှိရမည်ဖြစ်ပြီး အာမခံသက်တမ်းကျော်လွန်မှု မရှိစေရေး တာဝန်ယူဆောင်ရွက်ရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပြည်ထောင်စုရှေ့နေချုပ်ရုံး

နေပြည်တော်

စာအမှတ်၊ ၂(၅) ၃ - ၉၂ / နပတ(ဗာဝ၂

ရက်စွဲ၊ ၂၀၁၃ ခုနှစ် ၊ အောက်တိုဘာလ ၂၈ ရက်

အကြောင်းအရာ။ စက်မှုဝန်ကြီးဌာန၊ စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ စက္ကူစက်ရုံ(ရေနီ) အား လက်ဝါးကုမ္ပဏီလီမိတက်သို့ ငှားရမ်းရန်ချုပ်ဆိုမည့် စာချုပ် (မူကြမ်း) အပေါ် သဘောထားမှတ်ချက်တောင်းခံခြင်းကိစ္စ

ရည် ညွှန်း ချက် ။ စက်မှုဝန်ကြီးဌာန ၊ စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း၏ ၁-၁၀-၂၀၁၃ ရက်စွဲပါစာအမှတ်၊ ၁၅၀၆(၁-စမ) ၂၀၁၃ /ရေနီ / ၇၈၆

၁။ စက်မှုဝန်ကြီးဌာန၊ စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ စက္ကူစက်ရုံ(ရေနီ)အား တစ်နှစ်လျှင် ငှားရမ်းခကျပ်သန်း (၉၅၀) ဖြင့် လက်ဝါးကုမ္ပဏီလီမိတက်သို့ နှစ်(၃၀) ငှားရမ်းရန်အတွက် စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်းနှင့် လက်ဝါးကုမ္ပဏီလီမိတက်တို့ ချုပ်ဆိုမည့်စာချုပ် (မူကြမ်း) အပေါ် သဘောထားမှတ်ချက်ပေးပါရန် ရည်ညွှန်းချက်ပါစာဖြင့် မေတ္တာရပ်ခံလာသော ကိစ္စဖြစ်ပါသည်။

။ ရည်ညွှန်းစာနှင့်အတူပေးပို့လာသောစာချုပ်(မူကြမ်း)ကို ဥပဒေရှုထောင့် မှလေ့လာစိစစ် ပြီးအောက်ပါအတိုင်းတစ်ပေါင်းတည်း သုံးသပ် အကြံပြုအပ်ပါသည်-

(က) စာချုပ်(မူကြမ်း) အပိုဒ် ၃၅ အငှားချထားမည့် ပစ္စည်းများတွင်စက်ရုံ၊ မြေ၊ အဆောက်အဦနှင့် စက်ပစ္စည်းကရိယာများ၊ ရုံးသုံးပရိဘောဂများနှင့် အခြားပစ္စည်းများကို ငှားရမ်းမည်ဖြစ်ကြောင်းဖော်ပြထား၍ စာချုပ် ခေါင်းစဉ်ကို "စက္ကူစက်ရုံ(ရေနီ)မြေ၊ အဆောက်အဦနှင့် စက်ပစ္စည်းများငှားရမ်းသည့် သဘောတူစာချုပ်" ဟုပြင်ဆင်ပေးလိုက်ပါသည်

လှည့်ရန်

(ခ) စာချုပ်(မူကြမ်း) အပိုဒ် ၂ ၊ ၃နှင့် ၁၃(က) တို့တွင် စက်ရုံ၊ မြေ၊ အဆောက်အဦနှင့် စက်ပစ္စည်းကရိယာများ၊ ရုံးသုံးပရိဘောဂများနှင့် အခြားပစ္စည်းများကို နောက်ဆက်တွဲ (ကမှ ဆ)အထိဖော်ပြထားကြောင်းပါရှိသော်လည်း စာချုပ်(မူကြမ်း)တွင် နောက်ဆက်တွဲ(င) မှာ ပူးတွဲပါရှိလာခြင်းမရှိသဖြင့် ဌာနမှပြန်လည်စိစစ်ရန်ဖြစ်ပါသည်။ငှားရမ်းသည့်စက်ရုံတည်နေရာပြမြေပုံသည် သက်ဆိုင်ရာမြေစာရင်းဦးစီးဌာနက တရားဝင်ရေးဆွဲသောမြေပုံဖြစ်ရန်လိုအပ်ပါသည်၊

(ဂ) စာချုပ်(မူကြမ်း) အပိုဒ် ၃ အောက်ဆုံးရှိစာပိုဒ်၌ "အပိုဒ်(ခ) နှင့်ပတ်သက်၍ ငှားရမ်းမြေ ၂၀၅၁.၉၇၀ဧကတွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည့်မြေဧရိယာချန်လှပ်၍ကျန်ရှိသည့် မြေလွတ်ဧရိယာကိုသာ ဆက်လက်ငှားရမ်းမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။ သို့ပါ၍စာချုပ်(မူကြမ်း)၌ အမှန်တကယ် ငှားရမ်းမည့် မြေဧရိယာအတိအကျကိုသာ ဖော်ပြရန်လိုအပ် ပါသည်၊

(ဃ) စာချုပ်(မူကြမ်း) အပိုဒ် ၄ပါ ငှားရမ်းမည့်အချိန်ကာလသည်အပိုဒ် ၅ပါ စာချုပ် သက်တမ်းနှင့် ကိုက်ညီရန် လိုအပ်ပါ သည်၊

(င) စာချုပ်(မူကြမ်း) အပိုဒ် ၆ အငှားချထားခြင်းခံရသူမှ ရင်းနှီးမြှုပ်နှံရန်ရည်မှန်းချက်၌ 36 MW to 54 MW power Plant တည်ဆောက်ခြင်းဟုဖော်ပြပါရှိပါသည်။ဥပဒေအရပုဂ္ဂလိကနှင့် သမဝါယမ တို့အားသတ်မှတ်ခွင့်ပြုသော လျှပ်စစ်ဓါတ်အားထုတ်လုပ်ရေးလုပ်ငန်းမှအပ အခြားလျှပ်စစ်ဓါတ်အားထုတ်လုပ်ရေးလုပ်ငန်းသည် နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများဥပဒေပုဒ်မ-၃ အရ အစိုးရကသာ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည့် စီးပွားရေးလုပ်ငန်းဖြစ်ရာ ယင်းဥပဒေအရ အစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာ ဖြင့်ထုတ်ပြန်သော ခွင့်ပြုမိန့်ရယူရန်လိုအပ်ကြောင်း ဖော်ပြအပ်ပါသည်။

(စ) စာချုပ် (မူကြမ်း) အပိုဒ် ၈၊အပိုဒ်ခွဲ ၈(ဃ) တွင် "စီမံခန့်ခွဲရေးအဖွဲ့"ဟု ဖော်ပြထား၍ "စီမံခန့်ခွဲရေးအဖွဲ့" နှင့်စပ်လျဉ်း၍ပြီး စာချုပ်(မူကြမ်း)၌ ပူးတွဲဖော်ပြထားခြင်းမရှိသဖြင့် ဌာနမှပြန်လည်စိစစ်သင့်ပါသည်၊

(ဆ) စာချုပ်(မူကြမ်း)ငှားရမ်းခပေးချေခြင်း အပိုဒ် ၃၂ တွင် အငှားချထားသူသည် (၃)လအတွက် ငှားရမ်းခကျသင့်ငွေကို (၃)လတစ်ကြိမ်၊ (၃)လပြည့်သည့်လ၏ နောက်ဆုံးအပတ်အတွင်း ပေးသွင်းရမည်ဟု ဖော်ပြထားရာ လုပ်ငန်းဆောင်ရွက်ပြီးမှ ငှားရမ်းခရယူသည့်သဘောဖြစ်နေ၍ ဌာနမှ စဉ်းစားသင့်ပါသည်၊

(ဇ) ထို့ပြင် အဆိုပါအပိုဒ် ၁၂တွင် ငှားရမ်းခပေးသွင်းရန် ပျက်ကွက်ပါက ဒဏ်ကြေးပေးဆောင်ရမည်ဖြစ်ပြီး ဒဏ်ကြေးသည် ငှားရမ်းခ၏ ၅ ရာခိုင်နှုန်း ထက်မပိုစေရဟု ဖော်ပြထားပါသည်။ ငှားရမ်းခပေးသွင်းရန်ပျက်ကွက်မှုအပြင် နောက်ကျပေးသွင်းမှုအပေါ်တွင်လည်း ကာလသတ်မှတ်၍ ဒဏ်ကြေးတွက်ချက်ပေးဆောင်ရန် စည်းကမ်းချက်အား ထည့်သွင်းဖော်ပြသင့်ပါသည်၊

(ဈ) စာချုပ်(မူကြမ်း) အပိုဒ် ၁၃၊ အပိုဒ်ခွဲ(ခ)တွင် အငှားချထားသည့် စက်ရုံတွင် တပ်ဆင်မှုများ၊ ပုံစံပြောင်းလဲမှုများ၊ စက်ပစ္စည်းအသစ်ဖြည့်စွက်တပ်ဆင်မှုများနှင့် တိုးချဲ့ဆောက်လုပ်မှုများအား လိုအပ်သလိုဆောင်ရွက်နိုင်ကြောင်း ဖော်ပြထားရာ ဌာနမှ လက်ခံနိုင်ခြင်းရှိ မရှိပြန်လည်စိစစ်သင့်ပါသည်၊

(ည) စာချုပ်(မူကြမ်း) အပိုဒ် ၁၃၊ အပိုဒ်ခွဲ (ပ)တွင် ဖော်ပြထားသောကိစ္စရပ်များမှာ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းနှင့် သက်ဆိုင်သဖြင့် ယင်းစည်းကမ်းချက်များအစား အလားတူစာချုပ်များတွင် အသုံးပြုသည့် "ပြန်လည်လွှဲပြောင်းပေးအပ်ခြင်း"စာပိုဒ်အား မင်နီဖြင့် ရေးသားပေးလိုက်ပါသည်၊

(ဋ) စာချုပ်(မူကြမ်း) စာချုပ်သက်တမ်းတိုးခြင်း အပိုဒ် ၁၉တွင်စာချုပ်သက်တမ်း ကုန်ဆုံးခါနီးကျမှသာ စာချုပ်သက်တမ်းတိုးမြှင့်လိုသည့်ကာလ၊ တိုးမြှင့်လိုသည့်အကြိမ်များအား ညှိနှိုင်းသတ်မှတ်ရန်ဖော်ပြထားရာ စာချုပ်မချုပ်ဆိုမီကပင်စာချုပ်ဝင်နှစ်ဖက်ညှိနှိုင်းသတ်မှတ်ပြီးထည့်သွင်းဖော်ပြရန် လိုအပ်ပါသည်၊

(ဌ) စာချုပ်(မူကြမ်း) အကျိုးသက်ရောက်သည့်နေ့ အပိုဒ် ၂၄တွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ခွင့်ပြုချက်ရယူရန် ဖော်ပြထားခြင်းမရှိကြောင်း တွေ့ရှိရပါသဖြင့် ဌာနမှ ပြန်လည်စိစစ်ရန်လိုအပ်ပါသည်၊

(ဍ) စာချုပ်(မူကြမ်း)အပိုဒ် ၂၈ စာချုပ်ရပ်စဲခြင်းခေါင်းစဉ်အောက်သို့ အပိုဒ် ၂၈ပါ— "စာချုပ်ဝင် တစ်ဖက်ဖက်မှ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဆောင်ရွက်ရန် သို့မဟုတ် လိုက်နာရန်ပျက်ကွက်ခြင်းကြောင့် အကြောင်းကြား စာပေးပို့၍ အကြောင်း ကြားစာပါ(--------)ကာလအတွင်း လိုက်နာမှုမရှိလျှင်"ဟူသောစည်းကမ်း ချက်အား ရွှေ့ပြောင်းဖော်ပြသင့်သည်ဟု သဘောရရှိပါသည်။ ဌာန၏ လိုအပ်ချက်နှင့် ကိုက်ညီမှုရှိ မရှိ ပြန်လည်စိစစ်သင့်ပါသည်၊

(ဎ) စာချုပ်(မူကြမ်း)တွင် မပါရှိသော ကြိုတင်စည်းကမ်းသတ်မှတ်ချက်များ စာပိုဒ်အား မင်နီဖြင့် ရေးသားပေးလိုက်ပါသည်၊

(ဏ) စာချုပ်(မူကြမ်း)တွင် လုပ်ငန်းအာမခံရယူခြင်းနှင့်စပ်လျဉ်း၍ စာပိုဒ်အား ဖော်ပြထားခြင်းမရှိကြောင်း တွေ့ရှိရပါသည်။ သို့ပါ၍ လုပ်ငန်းအာမခံရယူရန် သင့် မသင့် ဌာနအနေဖြင့် စဉ်းစားသင့်ပါသည်၊

(တ) စာချုပ်(မူကြမ်း)ပါ ကွက်လပ်များကို စာချုပ်လက်မှတ်မထိုးမီ ဖြည့်စွက်ပြီး ဖြစ်ရန်လိုအပ်ပါသည်၊

(ထ) လိုအပ်သောနေရာများ၌ မင်နီဖြင့် ပြင်ဆင်၊ ဖြည့်စွက်ပေးလိုက်ပါသည်။

၃။ တံဆိပ်ခေါင်းအက်ဥပဒေပုဒ်မ ၉ အရ တံဆိပ်ခေါင်းခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်မရရှိသေးလျှင် တံဆိပ်ခေါင်းအက်ဥပဒေအရ ကျသင့်သောတံဆိပ်ခေါင်းခွန်ကို မြေအငှားချထားခြင်းခံရသူများက ထမ်းဆောင်ရမည်ဖြစ်ပါသည်။

၄။ ဤစာချုပ်(မူကြမ်း)ကို ပြည်ထောင်စုရှေ့နေချုပ်ဥပဒေနှင့်အညီဥပဒေကြောင်းအရသာ ဥပဒေအကြံဉာဏ်ပေးခြင်းဖြစ်ပါသည်။ ဥပဒေရေးရာမဟုတ်သည့် စီမံရေးရာ၊ ဘဏ္ဍာရေးရာ၊ ကျွမ်းကျင်မှုဆိုင်ရာကိစ္စရပ်များကို ဤရုံးအနေဖြင့်မှတ်ချက်ပေးရန်မရှိပါကြောင်းနှင့် ယင်းကိစ္စရပ်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ကျွမ်းကျင်သူများနှင့် ဆွေးနွေးညှိနှိုင်းရန် အကြံပြုပါသည်။

၅။ လက်ဝါးကုမ္ပဏီလီမိတက်သည် ဥပဒေအရတရားဝင်ဖွဲ့စည်းထားသည့်ကုမ္ပဏီ ဟုတ်၊ မဟုတ် ၊စာချုပ်ပါလုပ်ငန်းများကို လုပ်ကိုင်နိုင်ခွင့်နှင့် လုပ်ကိုင်နိုင်စွမ်းရှိ၊ မရှိ ငွေကြေးအင်အားပြည့်စုံမှုရှိ၊ မရှိ စာချုပ်တွင် လက်မှတ်ရေးထိုးမည့်သူသည် တရားဝင်လွှဲအပ်ခြင်းခံရသူများ ဟုတ် မဟုတ် စသည်တို့ကို ကြိုတင် စိစစ်ရန်လိုအပ်မည်ဖြစ်ပါ သည်။

၆။ စာချုပ် (မူကြမ်း)ကို လက်မှတ်ရေးထိုးချုပ်ဆိုပြီးပါက မှတ်တမ်းတင်ထားနိုင်ရန်အတွက် ဤရုံးသို့ မိတ္တူ (၃) စောင်ပေးပို့ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)

(မေသီလင်း၊ ညွှန်ကြားရေးမှူး)

ဦးဆောင်ညွှန်ကြားရေးမှူး

စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထဲရေးဝန်ကြီးဌာန

ဝန်ကြီးရုံး

စာအမှတ်၊ ပထရ/ ၂-၃ (၈၂၃)/ ထောက် ၂

ရက် စွဲ၊ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် Asia Golden Glory Development Company Limited မှ CMP စနစ်ဖြင့် အထည်ချုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုတင်ပြလာခြင်းကိစ္စ

ရည်ညွှန်းချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၆-၇-၂၀၁၅) ရက်စွဲပါစာအမှတ်၊ ရက-၃/ န-၁၀၇၃/ ၂၀၁၅(၈၇၇)

၁။ ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် Asia Golden Glory Development Company Limited မှ CMP စနစ်ဖြင့် အထည်ချုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခွင့်ပြုပါရန် စက်မှုဝန်ကြီးဌာနမှ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ အဆိုပြုတင်ပြခဲ့ခြင်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၀/၂၀၁၅) ကြိမ်မြောက် အစည်းအဝေးတွင် "Asia Golden Glory Development Company Limited မှ CMP စနစ်ဖြင့် အထည်ချုပ်ခြင်းလုပ်ငန်းအား မြေအသုံးချမှု မူဝါဒသုံးသပ်ရေးလုပ်ငန်းကော်မတီသို့ အခြေအနေမေးမြန်းစုံစမ်းရန်အတွက် ခေတ္တဆိုင်းငံ့ထားရန်နှင့် ပြည်ထဲရေးဝန်ကြီးဌာနမှ စိစစ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ မေးမြန်းရန်" ဆုံးဖြတ်ခဲ့ပါကြောင်း၊ အစည်းအဝေးဆုံးဖြတ်ချက်ကို သိရှိနိုင်ပါရန် ရည်ညွှန်းပါစာဖြင့် အကြောင်းကြားခဲ့ပါသည်။

၂။ အဆိုပါကိစ္စနှင့်ပတ်သက်ပြီး အောက်ပါအတိုင်း စိစစ်တွေ့ရှိရပါသည်-

(က) စက္ကူစက်ရုံ(ရေနီ)၏ မူလမြေဧရိယာ (၂၁၃၀.၇၂) ဧကအနက်မှ အမှတ်(၅) စစ်အခြေခံလေ့ကျင့်ရေးတပ်သို့ လွှဲပြောင်းပေးရမည့် မြေဧရိယာ (၇၈.၇၅)ဧက၊ ရေနီတိုက်နယ်ဆေးရုံအတွက် ပြန်လည်စွန့်လွှတ်ပေးရသည့် မြေဧရိယာ (၄.၀၀)ဧက၊ စုစုပေါင်းမြေဧရိယာ (၈၂.၇၅)ဧကဖြစ်သဖြင့် စက္ကူစက်ရုံ(ရေနီ)မှ လက်ဝါးကုမ္ပဏီလီမိတက်သို့ လွှဲပြောင်းငှားရမ်းထားသည့် ကျန်ရှိမြေဧရိယာမှာ (၂၀၄၇.၉၇)ဧက ဖြစ်ကြောင်း၊

(ခ) စက်မှုဝန်ကြီးဌာန၊ စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်းကြီးကြပ်မှုရှိ စက္ကူစက်ရုံ(ရေနီ)အား (၂၈-၁၁-၂၀၁၃) ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃၂/၂၀၁၃)၏ သဘောတူခွင့်ပြုချက်အရ လက်ဝါးကုမ္ပဏီ လီမိတက်သို့ (၁-၁၀-၂၀၁၃) ရက်နေ့မှစ၍ (၃၀ + ၅ + ၅)နှစ် ငှားရမ်းဆောင်ရွက် ခွင့်ရပြီးဖြစ်ကြောင်း၊

(ဂ) အဆိုပါလက်ဝါးကုမ္ပဏီလီမိတက်မှ စင်္ကာပူနိုင်ငံရှိ Huachu Investment Pte Ltd. နှင့် အကျိုးတူပူးပေါင်း၍ "Asia Golden Glory Development Co; Ltd (AGGD) ဖက်စပ်ကုမ္ပဏီတည်ထောင်ပြီး၊ စက္ကူစက်ရုံ(ရေနီ)ဝန်းအတွင်းရှိ မြေလွတ်ဧရိယာ(၁၀၀)ဧကပေါ်တွင် အမေရိကန်ဒေါ်လာ သန်း(၆၀) ထပ်မံရင်းနှီး မြှုပ်နှံ၍ ပထမအဆင့် အထည်ချုပ်စက်ရုံတည်ဆောက်ခြင်း၊ ဒုတိယအဆင့် စက္ကူနှင့် စားသောက်ကုန်လုပ်ငန်းအပေါ် အခြေပြုသည့် စက်မှုလုပ်ငန်းများအပြင် လျှပ်စစ် မီတာအား ထုတ်လုပ်ခြင်းလုပ်ငန်းတို့ကို တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊

(ဃ) မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(ခ)တွင် **ရင်းနှီးမြှုပ်နှံသူ၏ အခွင့်အရေးများ နှင့်ပတ်သက်၍ "နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားကုမ္ပဏီ တစ်ခုခုနှင့် ဖက်စပ်လုပ်ငန်းတည်ထောင်လုပ်ကိုင်လိုပါက နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုဥပဒေနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိခြင်း"** ဟု ပြဋ္ဌာန်းထားပါကြောင်း။

၃။ သို့ဖြစ်ပါ၍ လက်ဝါးကုမ္ပဏီလီမိတက်နှင့် စင်္ကာပူနိုင်ငံရှိ Huachu Investment Pte Ltd. နှင့် အကျိုးတူပူးပေါင်း၍ "Asia Golden Glory Development Co; Ltd (AGGD) ဖက်စပ်ကုမ္ပဏီတည်ထောင်ဆောင်ရွက်မည့် မြေနေရာသည် လက်ဝါးကုမ္ပဏီလီမိတက်သို့ ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ငှားရမ်းဆောင်ရွက်လျက်ရှိသော မြေဧရိယာ (၂၀၄၇.၉၇)ဧက အတွင်း ပါဝင်သောမြေနေရာဖြစ်ခြင်း၊ လက်ဝါးကုမ္ပဏီလီမိတက်သို့ ငှားရမ်းခြင်းမပြုမီကာလ စက်မှုဝန်ကြီးဌာနအနေဖြင့် လ/န ၃၉ ခွင့်ပြုမိန့်ရယူပြီး ဥပဒေနှင့်အညီ တရားဝင်မြေသိမ်း/မြေလွှဲများ ဆောင်ရွက်ခဲ့ပြီးဖြစ်ခြင်း၊ အဆိုပါမြေအတွင်းရှိ လယ်မြေ (၁၆၈.၁၉)ဧကအတွက် တောင်သူ(၇၁)ဦး ကိုလည်း မြေယာလျော်ကြေးများ ပေးအပ်ခဲ့ပြီးဖြစ်ခြင်း၊ ကုမ္ပဏီမှ လက်ရှိအကောင်အထည်ဖော် ဆောင်ရွက်မည့် မြေဧရိယာ(၁၀၀)ဧက၏ မူလမြေအမျိုးအစားမှာ မြေလွတ်၊ မြေရိုင်းအမျိုးအစား ဖြစ်သဖြင့် မြေယာအရှုပ်အရှင်းပြဿနာကင်းရှင်းခြင်း၊ ဖက်စပ်အကျိုးတူလုပ်ငန်း အကောင်အထည်ဖော်

ဆောင်ရွက်မည့် လက်ဝါးကုမ္ပဏီသည် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၁၆ အရ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိခြင်းတို့ကြောင့် မြေအသုံးချမှုနှင့်စပ်လျဉ်း၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ၊ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေများနှင့်အညီ ခွင့်ပြုနိုင်ပါကြောင်း ညှိနှိုင်းပြန်ကြားအပ်ပါသည်။

ပြည်ထောင်စုဝန်ကြီး (ကိုယ်စား)
(ပြိုင်ချို၊ ဒုတိယအမြဲတမ်းအတွင်းဝန်)

မိတ္တူကို

စက်မှုဝန်ကြီးဌာန

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

မျှော/ လက်ခံ/ စာတွဲ

ကန့်သတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စက်မှုဝန်ကြီးဌာန

အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း

(ယခင်စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း)

နှင့်

လက်ဝါးကုမ္ပဏီလီမိတက်တို့ ချုပ်ဆိုသော

စက္ကူစက်ရုံ(ရေနီ)မြေ၊ အဆောက်အဦနှင့် စက်ပစ္စည်းများအား

ငှားရမ်းသည့် သဘောတူစာချုပ်အပေါ်

ပထမအကြိမ် ပြင်ဆင်ချက်သဘောတူစာချုပ်

ရက်စွဲ၊ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ လ (၈) ရက်

ကန့်သတ်

D;Daw Htar Htar Win /Yeni Ammendment(19-12-2014)Attorney General

၁၅။ ဤပထမအကြိမ် ပြင်ဆင်ချက် သဘောတူစာချုပ်အား ၂၀၁၅ခုနှစ် ဒီဇင်ဘာ လ ၈ ရက် နေ့တွင် "အငှားချထားသူ" နှင့် "အငှားချထားခြင်းခံရသူ" တို့ အောက်ပါ အသိသက်သေများ ရှေ့မှောက်တွင် သဘောတူလက်မှတ်ရေးထိုးကြပါသည်-

အငှားချထားသူ(ကိုယ်စား)	အငှားချထားခြင်းခံရသူ(ကိုယ်စား)
ဦးသန့်စင်	ဒေါက်တာခင်မောင်အေး
ဦးဆောင်ညွှန်ကြားရေးမှူး	၁၂/အလန(နိုင်)၀၀၀၉၀၂
အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း	မန်နေဂျင်းဒါရိုက်တာ
(ယခင်စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း)	လက်ဝါးကုမ္ပဏီလီမိတက်

အသိသက်သေများ

၁။ ဒေါက်တာစိုးနိုင်	၁။ ဦးမင်းဉာဏ်(ခ)ဦးကျော်ကျော်
အထွေထွေမန်နေဂျာ	၆/မအရ(နိုင်)၀၆၅၄၂၈
(နည်းပညာဖွံ့ဖြိုးရေးဌာန)	အမှတ်၇၈၅ မဟာဗန္ဓုလလမ်း
အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း	လမ်းမတော်မြို့နယ်၊ရန်ကုန်မြို့
(ယခင်စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း)	

၂။ ဦးသန်းထွန်း
အထွေထွေမန်နေဂျာ
(အရည်အသွေးထိန်းသိမ်းရေးဌာန)
အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း
(ယခင်စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း)

၂။ ဦးသင်းမောင်အေး
၁၂/အလန(နိုင်)၀၀၀၉၀၄
အမှတ်(၉၆)၊နှင်းဆီကုန်းလမ်း
အလုံမြို့နယ်၊ ရန်ကုန်မြို့

၃။ ဒေါ်ခင်ခင်ချို
အထွေထွေမန်နေဂျာ
(ဘဏ္ဍာရေးဌာန)
အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း
(ယခင်စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း)

လျှို့ဝှက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စက်မှုဝန်ကြီးဌာန

စာအမှတ်၊ ၂၂ - စမ(၂)၂၀၁၃-၂၀၁၄(၅၅၀၀)
ရက်စွဲ၊ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်

အကြောင်းအရာ။ စက္ကူစက်ရုံ(ရေနီ)အား ငှားရမ်းဆောင်ရွက်ရေးကိစ္စ

စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်းကြီးကြပ်မှုရှိ စက္ကူစက်ရုံ(ရေနီ)အား လက်ဝါးကုမ္ပဏီလီမိတက်သို့ တစ်နှစ်လျှင် ငွေကျပ်(၉၅၀.၀၀)သန်း၊ (၃၀ နှစ် + ၅ နှစ် + ၅ နှစ်)သက်တမ်းဖြင့် ငှားရမ်းဆောင်ရွက်ခွင့်ပြုပါရန် အမှာစာတင်ပြချက်နှင့်စပ်လျဉ်း၍ ၂၈.၁၁.၂၀၁၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ်(၃၂/၂၀၁၃)မှ သဘောတူကြောင်း ဆုံးဖြတ်ခဲ့ခြင်းအားသိရှိနိုင်ပါရန် ၎င်းအမှာစာမိတ္တူကို ပူးတွဲပေးပို့အပ်ပါသည်။

26.12.13

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)
(သွင်မြင့်မောင်၊ ညွှန်ကြားရေးမှူးချုပ်)

ဦးဆောင်ညွှန်ကြားရေးမှူး
စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း

27.12.13

DSSS

လျှို့ဝှက်

စက်မှုဝန်ကြီးဌာန

အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း

အမိန့်အာဏာ

၁။ ပြည်ထောင်စုအစိုးရအဖွဲ့၏ (၂၈.၁၁.၂၀၁၃)ရက်နေ့တွင် ကျင်းပပြုလုပ်သော အစည်းအဝေး အမှတ်စဥ် (၃၂/၂၀၁၃)၏ ခွင့်ပြုချက်ဖြင့် စက္ကူစက်ရုံ(ရေနီ) အား ငှားရမ်းဆောင်ရွက်ရန် သဘောတူ ဆုံးဖြတ်ချက်အရလည်းကောင်း၊

၂။ စက်မှုဝန်ကြီးဌာန၏ (၁၂.၉.၂၀၁၃)ရက်နေ့တွင် ကျင်းပပြုလုပ်သော ပစ္စည်းဝယ်ယူရောင်းချရေး နှင့် ဘဏ္ဍာရေးဆိုင်ရာကော်မတီအစည်းအဝေးအမှတ်စဥ် (၁၁/၂၀၁၃-၂၀၁၄)မှ စက္ကူစက်ရုံ(ရေနီ) အား ငှားရမ်းဆောင်ရွက်ရန် သဘောတူဆုံးဖြတ်ချက်အရ လည်းကောင်း၊

၃။ ပြည်ထောင်စုအစိုးရအဖွဲ့၊ စီးပွားရေးရာကော်မတီ အစည်းအဝေးအမှတ်စဥ်၊ ၂၅/၂၀၁၄ (၂၅. ၇.၂၀၁၄) ၊ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၄ခုနှစ် ဩဂုတ်လ(၁၉) ရက်နေ့စွဲပါစာအမှတ်၊ ၅၄(၁)/ ၇/ သမ္မတရုံး၏ ငှားရမ်းဆောင်ရွက်ရန်သဘောတူ ဆုံးဖြတ်ချက်အရလည်းကောင်း၊

၄။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏(၁၅.၁၀.၂၀၁၅)ရက်စွဲပါ ခွင့်ပြုမိန့်အမှတ်၊ ၁၀၂၀ / ၂၀၁၅ ၏ စက္ကူစက်ရုံ(ရေနီ) အား ငှားရမ်းဆောင်ရွက်ရန်သဘောတူ ဆုံးဖြတ်ချက် အရလည်းကောင်း၊

ဤစာချုပ်ကို အထက်ဖော်ပြပါဆုံးဖြတ်ချက်များအရ စက္ကူစက်ရုံ(ရေနီ) ငှားရမ်းခြင်း သဘောတူ စာချုပ်အပေါ် ပထမအကြိမ် ပြင်ဆင်ချက်သဘောတူစာချုပ်အား(၈.၁၂.၂၀၁၅)ရက်နေ့တွင် လက်မှတ် ရေးထိုးခြင်းဖြစ်ပါသည်။

သန့်စင်

ဦးဆောင်ညွှန်ကြားရေးမှူး

ရက်စွဲ၊ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ (၈)ရက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စက်မှုဝန်ကြီးဌာန

စာအမှတ် ၊ ၃၇-စမ(၁) ၂၀၁၃-၂၀၁၄ (၁၉၆၈)
ရက်စွဲ ၊ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်

အကြောင်းအရာ ။ **အစည်းအဝေးမှတ်တမ်းပေးပို့ခြင်း**

၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ(၁၂)ရက်နေ့တွင် ကျင်းပသော စက်မှုဝန်ကြီးဌာန၊ စီမံခန့်ခွဲရေး ကော်မတီအစည်းအဝေးအမှတ်စဉ် (၁၂/၂၀၁၃-၂၀၁၄) ၊ ပစ္စည်းဝယ်ယူရောင်းချရေးနှင့်ဘဏ္ဍာရေး ဆိုင်ရာကော်မတီအစည်းအဝေး အမှတ်စဉ်(၁၁/၂၀၁၃-၂၀၁၄) နှင့် အဆောက်အဦကော်မတီ အစည်း အဝေးအမှတ်စဉ်(၉/၂၀၁၃-၂၀၁၄)တို့၏ အစည်းအဝေးမှတ်တမ်းကို ဤစာနှင့်အတူ ပူးတွဲပေးပို့အပ် ပါသည်။

(သွင်မြင့်မောင်)
ညွှန်ကြားရေးမှူးချုပ်

ဖြန့်ဝေခြင်း
ညွှန်ကြားရေးမှူးချုပ်
စက်မှုညွှန်ကြားရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်
စက်မှုစီမံကိန်းဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်
စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန
ဦးဆောင်ညွှန်ကြားရေးမှူး
အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
ဦးဆောင်ညွှန်ကြားရေးမှူး
အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း
ဦးဆောင်ညွှန်ကြားရေးမှူး
အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း
ဦးဆောင်ညွှန်ကြားရေးမှူး
အထည်အလိပ်လုပ်ငန်း

စဉ်	အကြောင်းအရာ	ဆောင်ရွက်
၄၇။	**အစီအစဉ်(၄၇)။ ထုတ်ပိုးပစ္စည်းစက်ရုံ(အမရပူရ)၏ မြေနေရာအား Win & Win Co.,Ltd သို့ BOT စနစ်ဖြင့် နှစ်ရှည် နှစ်(၃၀)ငှားရမ်းရန်အတွက် စာချုပ် ချုပ်ဆိုခွင့်ပြုပါရန် တင်ပြခြင်း** စက်မှုနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူး ဦးရည်မွန်မှ အမှာစာပါ ကိစ္စကို ရှင်းလင်းတင်ပြပါသည်။ အထက်ပါကိစ္စကို ဆွေးနွေးပြီး အောက်ပါအတိုင်း ဆုံးဖြတ်ပါသည်- **ဆုံးဖြတ်ချက်** မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်၊ အမှတ်(၆၁၃)၊ နန်းတော်ရာကွင်းရှိ ထုတ်ပိုးပစ္စည်းစက်ရုံ(အမရပူရ)ပိုင် မြေ (၁၇.၁၇)ဧကအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်နှင့်အညီ Win & Win Co.,Ltd သို့ BOT စနစ်ဖြင့် ဟိုတယ်လုပ်ငန်းဆောင်ရွက်ရန် (၃၀)နှစ် ငှားရမ်းနိုင်ရေးအတွက် စာချုပ်ချုပ်ဆို ဆောင်ရွက်ခွင့်ပြုရန်နှင့် လိုအပ်သည်များကို လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျဆက်လက်ဆောင်ရွက်ရန်။	စက္ကူ/အိမ်း
၄၈။	**အစီအစဉ်(၄၈)။ စက္ကူစက်ရုံ(ရေနီ)အား ငှားရမ်းနိုင်ရေးအတွက် တင်ဒါစိစစ်ရွေးချယ်မှုတွင် အောင်မြင်သော လက်ဝါးကုမ္ပဏီနှင့် လုပ်ထုံးလုပ်နည်းနှင့်အညီ စာချုပ်ချုပ်ဆို ခွင့်ပြုပါရန် တင်ပြခြင်း** စက်မှုနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူး ဦးရည်မွန်မှ အမှာစာပါ ကိစ္စကို ရှင်းလင်းတင်ပြပါသည်။ အထက်ပါကိစ္စကို ဆွေးနွေးပြီး အောက်ပါအတိုင်း ဆုံးဖြတ်ပါသည်- **ဆုံးဖြတ်ချက်** (က) စက္ကူစက်ရုံ(ရေနီ)အား အထည်အလိပ်လုပ်ငန်း၊ ဆေးဝါးနှင့်စားသောက်ကုန် လုပ်ငန်းနှင့် စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်းလက်အောက်ရှိ စက်ရုံအလုပ်ရုံများအတွက် စိစစ်ရွေးချယ်သတ်မှတ်ရေးအဖွဲ့မှ တင်ဒါစနစ်ဖြင့် စိစစ်ရွေးချယ်ပေးသည့် လက်ဝါးကုမ္ပဏီသို့ တစ်နှစ်လျှင် စက်ရုံငှားရမ်းခငွေကျပ် (၉၅၀.၀၀၀)သန်းဖြင့် ငှားရမ်းခွင့်ပြုရန်နှင့် ငှားရမ်းမှုစာချုပ် အမြန်ဆုံးချုပ်ဆိုနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျဆက်လက်ဆောင်ရွက်ရန်။ (ခ) အဆိုပါ စက်ရုံအတွက် အရင်းကြေကာလကို တွက်ချက်၍ ပြည်ထောင်စုဝန်ကြီးရုံးသို့ ပြန်လည်တင်ပြရန်။	စက္ကူ/အိမ်သုံး

လျှို့ဝှက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စက်မှုဝန်ကြီးဌာန

စာအမှတ်၊ ၂၃-စမ(၂)၂၀၁၄-၂၀၁၅(၂၅၁၁)

ရက်စွဲ၊ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်

အကြောင်းအရာ။ စက္ကူစက်ရုံ(ရေနီ)တွင် အထည်ချုပ်စက်ရုံနှင့် ဆက်စပ်လုပ်ငန်းများတိုးချဲ့ဆောင်ရွက်မည့်ကိစ္စ

ရည် ညွှန်း ချက်။ နိုင်ငံတော်သမ္မတရုံး၏ ၁၉.၈.၂၀၁၄ ရက်စွဲပါစာအမှတ်၊ ၅၄(၁)/၇/သမ္မတရုံး

စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်းရှိ စက္ကူစက်ရုံ(ရေနီ)အား ငှားရမ်းဆောင်ရွက်လျက်ရှိသော လက်ဝါးကုမ္ပဏီလီမိတက်မှ စင်္ကာပူနိုင်ငံ Huachu Investment Pte Ltd.နှင့် ဖက်စပ်ကုမ္ပဏီတည်ထောင်၍ အထည်ချုပ်စက်ရုံနှင့် ဆက်စပ်လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ခွင့်ပြုပါရန် ၂၅.၇.၂၀၁၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ စီးပွားရေးရာကော်မတီ အစည်းအဝေးအမှတ်စဉ်(၂၅/၂၀၁၄)သို့ တင်ပြခဲ့ခြင်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရန်အချက်များကို ရည်ညွှန်းချက်ပါစာဖြင့် အကြောင်းကြားလာခြင်းအား သိရှိဆောင်ရွက်နိုင်ရန် ၎င်းစာမိတ္တူနှင့် အမှာစာမိတ္တူတို့ကို ပူးတွဲပေးပို့အပ်ပါသည်။

၂၅.၈.၁၄

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)

(လှမိုး၊ ရုံးအဖွဲ့မှူး)

ဦးဆောင်ညွှန်ကြားရေးမှူး

စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း

လျှို့ဝှက်

လျှို့ဝှက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး

စာအမှတ်၊ ၅၄(၁)/၇/သမ္မတရုံး
ရက်စွဲ၊ ၂၀၁၄ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်

သို့

စက်မှုဝန်ကြီးဌာန

အကြောင်းအရာ။ စက္ကူစက်ရုံ (ရေနီ) တွင် အထည်ချုပ်စက်ရုံနှင့် ဆက်စပ်လုပ်ငန်းများအား တိုးချဲ့ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းကိစ္စ

ရည် ညွှန်း ချက်။ ယင်း၏ ၁၅ - ၇ - ၂၀၁၄ ရက်စွဲပါစာအမှတ်၊ ၂၃ - စမ (၂) ၂၀၁၄-၂၀၁၅ (၁၆၇၂)

စက်မှုဝန်ကြီးဌာန၊ စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်းရှိ စက္ကူစက်ရုံ (ရေနီ) အား ငှားရမ်းဆောင်ရွက်လျက်ရှိသော လဲက်ဝါးကုမ္ပဏီလီမိတက်မှ စင်ကာပူနိုင်ငံ Huachu Investment Pte Ltd နှင့် ဖက်စပ်ကုမ္ပဏီတည်ထောင်၍ အထည်ချုပ်စက်ရုံနှင့် ဆက်စပ်လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ခွင့်ပြုပါရန် ရည်ညွှန်းစာဖြင့် တင်ပြလာခြင်းအား အောက်ပါအတိုင်းဆောင်ရွက်သွားရန် အကြောင်းကြားအပ်ပါသည်-

(၁) နိုင်ငံတော်ငွေအပြင် ချေးငွေများနှင့်ပါ လုပ်ငန်းဆောင်ရွက်ထားသည့် စက်ရုံတစ်ရုံဖြစ်သဖြင့် မူလစက္ကူစက်ရုံအတိုင်း စက်စွမ်းအားပြည့်လည်ပတ်ပြီး ကုန်ထုတ်လုပ်ရန်၊

(၂) စက္ကူစက်ရုံကို မထိခိုက်စေဘဲ အထည်ချုပ်စက်ရုံ ဆောက်လုပ်မည့် မြေနေရာအား လိုအပ်သလောက်သာ ငှားရမ်းရန်၊

(၃) လျှပ်စစ်ထုတ်လုပ်ဖြန့်ဖြူးမှု ဆောင်ရွက်၍မရနိုင်သဖြင့် ဆောင်ရွက်ခြင်းမပြုရန်၊

(၄) စာချုပ်ချုပ်ဆိုဆောင်ရွက်မည်ဆိုပါကလည်း မြေနေရာမပါဘဲ စာချုပ်ချုပ်ဆိုနိုင်ရေး ဆောင်ရွက်ရန်။

ညွှန်ကြားရေးမှူးချုပ်

မိတ္တူကို

သမ္မတဦးစီးရုံး
ဒုတိယသမ္မတဦးစီးရုံးများ
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
သမ္မတရုံးဝန်ကြီးဌာန(၃)
သမ္မတရုံးဝန်ကြီးဌာန(၅)
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

14Ulay/July 29\54-2 Doc

လျှို့ဝှက်

ပုံစံ (၂)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်
ခွင့်ပြုမိန့်

ခွင့်ပြုမိန့်အမှတ် ၁၀၂၀ / ၂၀၁၅ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေ ပုဒ်မ ၁၃၊ ပုဒ်မခွဲ(ခ) အရ ဤခွင့်ပြုမိန့်ကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်က ထုတ်ပေးလိုက်သည် -

(က) ရင်းနှီးမြှုပ်နှံသူ/ကမကထပြုသူအမည် MR. WU CHI CHIU

(ခ) နိုင်ငံသား CHINESE

(ဂ) နေရပ်လိပ်စာ FLAT E, 3/F, YAT TIEN MANSION, TAIKOOSHING, HONG KONG

(ဃ) ပင်မအဖွဲ့အစည်းအမည်နှင့်လိပ်စာ HUA CHOU INVESTMENTS PTE LTD., NO. 9 BATTERY ROAD, #15-01 STRAITS TRADING BUILDING, SINGAPORE 049910

(င) ဖွဲ့စည်းရာအရပ် SINGAPORE

(စ) ရင်းနှီးမြှုပ်နှံသည့်လုပ်ငန်းအမျိုးအစား CMP စနစ်ဖြင့် အထည်ချုပ်လုပ်ခြင်းလုပ်ငန်း

(ဆ) ရင်းနှီးမြှုပ်နှံသည့်အရပ်ဒေသ(များ) ရေနီမြို့အနီး၊ ရေတာရှည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

(ဇ) နိုင်ငံခြားမတည်ငွေရင်း ပမာဏ အမေရိကန်ဒေါ်လာ ၁၈.၀၀ သန်း

(ဈ) နိုင်ငံခြားမတည်ငွေရင်းယူဆောင်လာရမည့်ကာလ ကော်မရှင်ခွင့်ပြုမိန့်ရရှိပြီး ၅နှစ်အတွင်း

(ည) စုစုပေါင်း မတည်ငွေရင်းပမာဏ(ကျပ်) အမေရိကန်ဒေါ်လာ ၂၂.၅၀ သန်းနှင့် ညီမျှသော မြန်မာကျပ်ငွေ (အမေရိကန်ဒေါ်လာ ၁၈.၀၀ သန်း အပါအဝင်)

(ဋ) တည်ဆောက်မှုကာလ ၃ နှစ်

(ဌ) ရင်းနှီးမြှုပ်နှံမှုခွင့်ပြုသည့် သက်တမ်း ၃၀ နှစ်

(ဍ) ရင်းနှီးမြှုပ်နှံမှုပုံစံ ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု

(ဎ) မြန်မာနိုင်ငံတွင် ဖွဲ့စည်းမည့် ကုမ္ပဏီအမည် ASIA GOLDEN GLORY DEVELOPMENT COMPANY LIMITED

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

Form (2)

THE REPUBLIC OF THE UNION OF MYANMAR

1394 ာ

15.10.2015

The Myanmar Investment Commission

PERMIT

Permit No. 1020 / 2015 Date 15th October 2015

This Permit is issued by the Myanmar Investment Commission according to the section 13, sub - section (b) of the Republic of the Union of Myanmar Foreign Investment Law-

(a) Name of Investor/Promoter MR. WU CHI CHIU

(b) Citizenship CHINESE

(c) Address FLAT E, 3/F, YAT TIEN MANSION, TAIKOOSHING, HONG KONG

(d) Name and Address of Principal Organization HUA CHOU INVESTMENTS PTE LTD., NO.9 BATTERY ROAD, # 15-01 STRAITS TRADING BUILDING SINGAPORE 049910

(e) Place of Incorporation SINGAPORE

(f) Type of Investment Business MANUFACTURING OF GARMENT ON CMP BASIS

(g) Place (s) at which Investment is permitted YENI, YAE TAR SHAE TOWNSHIP, BAGO REGION

(h) Amount of Foreign Capital US $ 18.00 MILLION

(i) Period for Foreign Capital brought in WITHIN FIVE YEARS FROM THE DATE OF ISSUANCE OF MIC PERMIT

(j) Total amount of capital (Kyat) EQUIVALENT IN KYAT OF US $ 22.50 MILLION (INCLUDING US $ 18.00 MILLION)

(k) Construction period 3 (THREE) YEARS

(l) Validity of investment permit 30 YEARS

(m) Form of investment JOINT VENTURE

(n) Name of Company incorporated in Myanmar ASIA GOLDEN GLORY DEVELOPMENT COMPANY LIMITED

Chairman

Myanmar Investment Commission

1394-a
15.10.2015

REPUBLIC OF THE UNION OF MYANMAR
MYANMAR INVESTMENT COMMISSION
No.(1), Thitsar Road, Yankin Township, Yangon

Our ref : DICA-3/FI-1173/2015(1394-a) Tel: 01-658128
Date : 15th October 2015 Fax: 01-658141

Subject: **Decision of the Myanmar Investment Commission on the Proposal for "Manufacturing of Garment on CMP Basis" under the name of "Asia Golden Glory Development Company Limited"**

Reference: Asia Golden Glory Development Company Limited dated on (18.2.2015)

1. The Myanmar Investment Commission, at its meeting (10/2015) held on (5-6-2015), had approved the proposal for investment in "Manufacturing of Garment on CMP Basis" under the name of "Asia Golden Glory Development Company Limited" submitted as a joint venture by Hua Chou Investments Pte Ltd. (80%) from Singapore and Lat War Company Limited (20%) from the Republic of the Union of Myanmar.

2. Hence, the "Permit" is herewith issued in accordance with Chapter VII, section 13(b) of the Foreign Investment Law and Chapter VIII, Rule 49 of the Foreign Investment Rules relating to Foreign Investment Law. Terms and conditions to the "Permit" are stated in the following paragraphs.

3. The permitted duration of the project shall be 30(thirty) years commencing from the date of signing of the Lease Agreement for land and buildings and extendable for another 5(five) years in 2(two) times by mutual agreement between Lat War Company Limited and Asia Golden Glory Development Company Limited.

4. The annual rent for the factory land and buildings shall be US $ 969,387.00 (United States Dollar nine hundred and sixty-nine thousand, three hundred and eighty-seven only); additional land measuring 100 acres shall be US $ 80,937.00 (United States Dollar eighty thousand, nine hundred and thirty-seven only) calculated at the rate of US $ 0.20 per square meter per year (or US $ 809.372 per acre per year). The total annual rent of the factory land and buildings shall be US $ 1,050,324.00 (United States Dollar one million, fifty thousand, three hundred and twenty-four only). The rate of rent on factory land and buildings including

additional land shall be reviewed on every 5(five) years by mutual consent between the Lat War Company Limited and Asia Golden Glory Development Company Limited and shall not be more than 10% of the preceding annual rent.

5. In issuing this "Permit," the Commission has granted the following exemptions and reliefs as per Chapter XII, section 27(a), (h), (i) and (k) of Foreign Investment Law. Other exemptions and reliefs under section 27 shall have to be applied upon the actual performance of the project;

(a) As per section 27(a), income tax exemption for a period of five consecutive years including the year of commencement on commercial production;

(b) As per section 27(h), exemption or relief from customs duty or other internal taxes or both on machinery. equipment, instruments, machinery components, spare parts and materials used in the business, which are imported as they are actually required for use during the period of construction of business;

(c) As per section 27(i), exemption or relief from customs duty or other internal taxes or both on raw materials imported for production for the first three-year after the completion of construction of business;

(d) As per section 27(k), exemption or relief from commercial tax on the goods produced for export.

6. Asia Golden Glory Development Company Limited shall have to sign the Lease Agreement for land and buildings with Lat War Company Limited. Hua Chou Investments Pte. Ltd. shall have to sign the Joint Venture Agreement with Lat War Company Limited. After signing such Agreements, each of (5) copies shall have to be forwarded to the Commission.

7. Asia Golden Glory Development Company Limited in consultation with the Department of Company Registration, Directorate of Investment and Company Administration shall have to be registered. After registration, (5) copies each of Certificate of Incorporation, Memorandum of Association and Articles of Association shall have to be forwarded to the Commission.

8. Asia Golden Glory Development Company Limited shall use its best efforts for timely realization of works stated on the proposal. If none of such work has been

commenced within one year from the date of issue of this "Permit", it shall become null and void.

9. Asia Golden Glory Development Company Limited has to abide by Chapter X, Rule 58 and 59 of the Foreign Investment Rules for construction period.

10. As per Chapter X, Rule 61 of the Foreign Investment Rules, extension of construction period shall not be allowed more than twice except it is due to unavoidable events such as natural disasters, instabilities, riots, strikes, emergency of State condition, insurgency and outbreak of wars.

11. As per Chapter X, Rule 63 of the Foreign Investment Rules, if the Asia Golden Glory Development Company Limited cannot construct completely in time the construction period or extension period, the Commission will have to withdraw the permit issued to the investor and there is no refund for the expenses of the project.

12. The commercial date of operation shall be reported to the Commission.

13. Asia Golden Glory Development Company Limited shall endeavour to meet the targets for production and export stated on the proposal as the minimum target.

14. The Commission approves periodical appointments of foreign experts and technicians from abroad as per proposal and also in accordance with Chapter XI, section 24 and section 25 of the Foreign Investment Law. Asia Golden Glory Development Company Limited has to follow the existing Labour Laws for the recruitment of staffs and labours in accordance with Chapter XIII, Rule 84 of the Foreign Investment Rules.

15. In order to evaluate foreign capital and for the purpose of its registration in accordance with the provisions under Chapter XV, section 37 of the Foreign Investment Law, it is compulsory to report as early as possible in the following manner:-

(a) the amount of foreign currency brought into Myanmar, attached with the necessary documents issued by the respective bank where the account is opened and defined under Chapter XVI. Rule 134 and 135 of the Foreign Investment Rules;

(b) the detailed lists of the type and value of foreign capital defined under Chapter I, section 2(i) of the Foreign Investment Law, other than foreign currency.

16. Whenever Asia Golden Glory Development Company Limited brings in foreign capital defined under Chapter I, section 2(i) of the Foreign Investment Law, other than foreign currency in the manner of paragraph 15(b) mentioned above, the Inspection Certificate endorsed and issued by an internationally recognized Inspection Firm with regard to quantity, quality and price of imported materials shall have to be attached.

17. Asia Golden Glory Development Company Limited has the right to make account transfer and expend the foreign currency from his bank account in accordance with Chapter XVI, Rule 136 of the Foreign Investment Rules and for account transfer of local currency generated from the business to the local currency account opened at the bank by a citizen or a citizen-owned business in the Union and right to transfer back the equivalent amount of foreign currency from the foreign currency bank account of a citizen or citizen-owned business by submitting the sufficient document in accordance with Chapter XVII, Rule 145 of the Foreign Investment Rules.

18. Asia Golden Glory Development Company Limited shall report to the Commission for any alteration in the physical and financial plan of the project. Cost overrun, over and above the investment amount pledged in both local and foreign currency shall have to be reported as early as possible.

19. Asia Golden Glory Development Company Limited shall be responsible for the preservation of the environment at and around the area of the project site. In addition to this, it shall carry out as per instructions made by Ministry of Environmental Conservation and Forestry in which to conduct Environmental Management Plan (EMP) which describe the measure to be taken for preventing, mitigation and monitoring significant environmental impacts resulting from the implementation and operation of proposed project or business or activity. It has to prepare and submit and perform activities in accordance with this EMP and abide by the environmental policy, Environmental Conservation Law and other environmental related rules and procedures.

20. After getting permit from Myanmar Investment Commission, Asia Golden Glory Development Company Limited shall have to be registered at the Directorate of Industrial Supervision and Inspection.

21. Asia Golden Glory Development Company Limited shall have to abide by the Fire Services Department's rules, regulations, directives and instructions. Moreover, fire prevention measures shall have to undertake such as water storage tank, fire extinguishers and provide training to use the fire fighting equipment and also to appoint the fire safety officer.

22. Payment of principal and interest of the loan (if any) as well as payment for import of raw materials and spare parts etc., shall only be made out of export earning (CMP charges) of Asia Golden Glory Development Company Limited.

23. Asia Golden Glory Development Company Limited in consultation with Myanma Insurance shall effect such types of insurance defined under Chapter XII. Rule 79 and 80 of the Foreign Investment Rules.


(Zay Yar Aung)
Chairman

Asia Golden Glory Development Company Limited

cc: 1. Office of the Government of the Republic of the Union of Myanmar
2. Ministry of Home Affairs
3. Ministry of Foreign Affairs
4. Ministry of Environmental Conservation and Forestry
5. Ministry of Electric Power
6. Ministry of Immigration and Population
7. Ministry of Industry
8. Ministry of Commerce
9. Ministry of Finance
10. Ministry of National Planning and Economic Development
11. Ministry of Labour, Employment and Social Security
12. The Union Central Bank of Myanmar
13. Office of the Bago Region Government
14. Director General, Directorate of Investment and Company Administration

15. Director General. Directorate of Industrial Supervision and Inspection
16. Director General , Department of Urban & Housing Development
17. Director General, Customs Department
18. Director General, Internal Revenue Department
19. Director General, Directorate of Trade
20. Director General. Immigration and National Registration Department
21. Director General, Directorate of Labour
22. Director General, Department of Environmental Conservation
23. Director General, Fire Services Department
24. Managing Director, Myanma Foreign Trade Bank
25. Managing Director, Myanma Investment and Commercial Bank
26. Managing Director, Myanma Insurance
27. Managing Director, Myanma Electric Power Enterprise
28. Chairman, Republic of the Union of Myanmar Federation of Chambers of Commerce and Industry(UMFCCI)





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စက်မှုဝန်ကြီးဌာန

အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း(ယခင်စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း)

နှင့်

လက်ဝါးကုမ္ပဏီလီမိတက်တို့ ချုပ်ဆိုထားသော

စက္ကူစက်ရုံ(ရေနီ)မြေ၊ အဆောက်အဦနှင့် စက်ပစ္စည်းများအား

ငှားရမ်းသည့် သဘောတူစာချုပ်အပေါ်

ပထမအကြိမ် ပြင်ဆင်ချက်သဘောတူစာချုပ်

ဤ ပြင်ဆင်ချက် သဘောတူစာချုပ်ကို ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာ လ(၈)ရက်နေ့တွင် နေပြည်တော်ရှိ ဦးသန့်စင်၊ဦးဆောင်ညွှန်ကြားရေးမှူး ကိုယ်စားပြုသော အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း(ယခင်စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း)(နောင်တွင် "အငှားချထားသူ" ဟုခေါ်ဆိုမည်ဖြစ်ပြီး ယင်းစကားရပ်၌၎င်းအား ဆက်ခံသူများ နှင့် ဥပဒေအရ လွှဲအပ်ခြင်းခံရသူများ ပါဝင်သည်။) က တစ်ဖက်နှင့် ဒေါက်တာခင်မောင်အေး နိုင်ငံသားမှတ်ပုံတင်အမှတ်၊၁၂/အလန(နိုင်)၀၀၀၉၀၂ ကိုယ်စားပြုသော လက်ဝါးကုမ္ပဏီလီမိတက်၊ အမှတ်(၉၆)၊ နှင်းဆီကုန်းလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး(နောင်တွင်"အငှားချထားခြင်း ခံရသူ"ဟု ခေါ်ဆိုမည်ဖြစ်ပြီး ယင်းစကားရပ်၌ ၎င်းအားဆက်ခံသူများ တရားဝင်ကိုယ်စားလှယ်များ၊ဥပဒေအရ လွှဲအပ်ခြင်းခံရသူများပါဝင်သည်။) က အခြားတစ်ဖက်တို့သည်-

(က) ပဲခူးတိုင်းဒေသကြီး၊ရေတာရှည်မြို့နယ်၊ရေနီမြို့စက္ကူစက်ရုံ(ရေနီ)ကို "အငှားချထားခြင်းခံရသူ" မှငှားရမ်းပြီး လက်ရှိ ဘွိုင်လာများအား Gas Burner ပြောင်းလဲ၍ Internal Gas Line သွယ်တန်းခြင်း၊ 36MW ~ 45MW Power plant တည်ဆောက်ခြင်း၊ နိုင်ငံခြားသားပညာရှင်များခေါ်ယူ၍ စက္ကူနှင့်ပျော့ဖတ်စက်ရုံအားပြုပြင်မွမ်းမံမှုများ ဆောင်ရွက်ခြင်း၊ Replantation Plan စီမံဆောင်ရွက်ခြင်း၊


ကန့်သတ်


အထည်ချုပ်လုပ်ငန်း ဆောင်ရွက်ခြင်းလုပ်ငန်းများနှင့် စက္ကူနှင့် ပတ်သက်သော စက်မှုလုပ်ငန်းများအား အထည်အလိပ်နှင့်စက္ကူလုပ်ငန်း အထူးပြုသည့် စက်မှုနယ်မြေ (Industrial Complex) အဖြစ်ထူထောင်၍ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများကို ဖိတ်ခေါ်ဆောင်ရွက်နိုင်ရန် ရည်ရွယ်လျက် ပြည်ထောင်စုအစိုးရအဖွဲ့၏ (၂၈.၁၁.၂၀၁၃)ရက်စွဲပါခွင့်ပြုချက်အမှတ်(၃၂/၂၀၁၃)အရ ဤစက်ရုံငှားရမ်းသည့် သဘောတူစာချုပ်ကို ၂၀၁၃ခုနှစ်၊ စက်တင်ဘာလ(၂၆)ရက်နေ့တွင် နှစ်ဦးသဘောတူစာချုပ်(နောင်တွင်မူလစာချုပ်ဟုခေါ်ဆိုမည်ဖြစ်ပါသည်။) ချုပ်ဆို၍ လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

(ခ) ယင်းသို့ လုပ်ငန်းဆောင်ရွက်ရာတွင် မူလစာချုပ်၏ "စက်ရုံရှိ စက်ရုံပြင်ပ မြေဧရိယာတွင် အဆောက်အဦများ၊စက်ရုံများ ဆောက်လုပ်၍ လုပ်ငန်းတိုးချဲ့ဆောင်ရွက်ပါက ထပ်မံ ဆောက်လုပ်အသုံးပြုသည့် မြေအား MIC မှ ခွင့်ပြု သည့်နှုန်းထားအတွင်း ထပ်မံ ဆောက်လုပ်မည့် လုပ်ငန်းအမျိုးအစားအလိုက် နှစ်ဖက်ညှိနှိုင်း၍ ငှားရမ်းခ သတ်မှတ်ရမည်ဖြစ်ပါသည်။သို့ရာတွင် မူလ အစီအမံတွင် ပါဝင်သော Power Plant အတွက်မူ ထပ်မံပေးဆောင်ရန် မလိုအပ်ဟု မှတ်ယူရမည်" ဟု ထည့်သွင်းချုပ်ဆို ထားပါသည်။

(ဂ) ၎င်းမြေ၊ စက်ရုံပြင်ပမြေဧရိယာနေရာပေါ်တွင် လက်ဝါးကုမ္ပဏီလီမိတက် အနေဖြင့် စင်္ကာပူနိုင်ငံရှိ Hua Chou Investment Pte Ltd. နှင့် ဖက်စပ်ကုမ္ပဏီ(AGGD) Asia Golden Glory Development Co.,Ltd တည်ထောင်ပြီး အမေရိကန်ဒေါ်လာသန်း(၆၀) ရင်းနှီးမြှုပ်နှံ၍ စက်ရုံမြေ ဧရိယာ (၁၀၀)ဧကတွင် ပထမအဆင့်အနေဖြင့် အထည်ချုပ်စက်ရုံ တည်ဆောက်သွားမည် ဖြစ်ပြီး၊ ဒုတိယအဆင့်အနေဖြင့်ကျန်မြေဧရိယာ(၁၈၀၀)ခန့်တွင် အထည်လုပ်ငန်း၊ စက္ကူလုပ်ငန်းနှင့် စားသောက်ကုန်အပေါ် အခြေပြုသည့် စက်မှုလုပ်ငန်းများအပြင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်းများ ဆက်လက် လုပ်ကိုင်ဆောင်ရွက်လိုပါသည်။ သို့ပါ၍ စက်ရုံမြေ လွတ်ဧရိယာပေါ်တွင် ဖော်ပြပါ လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် စာချုပ်ပြင်ဆင်ချုပ်ဆိုရန် အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း (ယခင် စက္ကူနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း)မှ သဘောတူခဲ့ပြီး စက်မှုဝန်ကြီးဌာန၊ ပစ္စည်းဝယ်ယူရောင်းချ

<u>ကန့်သတ်</u>





ရေးနှင့် ဘဏ္ဍာရေးဆိုင်ရာကော်မတီ၏အစည်းအဝေးအမှတ်စဉ်(၆/၂၀၁၄-၂၀၁၅)မှ သဘောတူခဲ့သဖြင့် ဆက်လက်၍ တင်ပြခဲ့ရာ နိုင်ငံတော်သမ္မတရုံးမှ (၁၉-၈-၂၀၁၄) ရက်စွဲပါစာအမှတ် ၅၄(၁)/၇/သမ္မတရုံးဖြင့် အောက်ပါအချက်များအတိုင်း ဆောင်ရွက်သွားရန် အကြောင်းကြားခဲ့ပါသည်-

(၁) နိုင်ငံတော်ငွေအပြင် ချေးငွေများနှင့်ပါ လုပ်ငန်းဆောင်ရွက်ထားသည့် စက်ရုံတစ်ရုံဖြစ်သဖြင့် မူလစက္ကူစက်ရုံအတိုင်း စက်စွမ်းအားပြည့် လည်ပတ်ပြီး ကုန်ထုတ်လုပ်ရန်၊

(၂) စက္ကူစက်ရုံကို မထိခိုက်စေဘဲ အထည်ချုပ်စက်ရုံ ဆောက်လုပ်မည့် မြေနေရာအား လိုအပ်သလောက်သာ ငှားရမ်းရန်၊

(၃) လျှပ်စစ်ထုတ်လုပ်ဖြန့်ဖြူးမှု ဆောင်ရွက်၍ မရနိုင်သဖြင့် ဆောင်ရွက်ခြင်း မပြုရန်၊

(၄) စာချုပ်ချုပ်ဆို ဆောင်ရွက်မည်ဆိုပါကလည်း မြေနေရာမပါဘဲ စာချုပ်ချုပ်ဆိုနိုင်ရေး ဆောင်ရွက်ရန်၊

(ဃ) ထပ်မံ၍ လက်ဝါးကုမ္ပဏီအနေဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုကို ပထမအဆင့်အနေဖြင့် စက်ရုံ၏ ထုတ်လုပ်မှုလုပ်ငန်းများအတွက် အဓိကထား အသုံးပြုဆောင်ရွက်သွားမည်ဖြစ်ပြီး ဒုတိယအဆင့်အနေဖြင့် ထုတ်လုပ်မှုမှ ပိုလျှံလာသော လျှပ်စစ်ဓာတ်အားကို နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၌ အကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် National Grid ပေါ်သို့ တင်ပို့ရောင်းချခွင့်ပြုပါရန် တင်ပြမှုအပေါ် နိုင်ငံတော်သမ္မတရုံး၏ (၁-၁၀-၂၀၁၄)ရက်စွဲပါ စာအမှတ်၊ ၅၄(၁)/၇/ သမ္မတရုံး ဖြင့် "စက္ကူစက်ရုံ(ရေနီ)သို့ Gas ပေးထားခြင်းသည် စက္ကူထုတ်ရန်အတွက်သာဖြစ်၍ အခြားနည်းမသုံးရန်၊ လျှပ်စစ်ကိစ္စသည် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အလုပ်သာဖြစ်၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့်သာ လုပ်စေရန်" ဟု ညွှန်ကြားထားပါသည်။

(င) ဤ ပြင်ဆင်ချက်သဘောတူစာချုပ်အား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံး၏ (၁၅.၁၀.၂၀၁၅)ရက်စွဲပါ ခွင့်ပြုမိန့်အမှတ်၊ ၁၀၂၀/၂၀၁၅ ဖြင့် ခွင့်ပြုခဲ့ပါသည်။

<u>ကန့်သတ်</u>





(စ) စက်မှုဝန်ကြီးဌာန၏ ၂၆.၃.၂၀၁၅ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်(၁၃၄/၂၀၁၄-၂၀၁၅)အရ အထည်အလိပ်လုပ်ငန်းနှင့် စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း တို့ကို ပူးပေါင်း၍ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း အဖြစ်ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။

သို့ပါ၍ မူလစာချုပ်အပိုဒ် (၂၇)အရ စာချုပ်ဝင် နှစ်ဦးနှစ်ဖက်တို့သည် မူလစာချုပ်ကို ပြင်ဆင်သည့် ဤပြင်ဆင်ချက် သဘောတူစာချုပ်ကို အောက်ပါ သဘောတူညီချက်များနှင့် အညီ ချုပ်ဆိုရခြင်းဖြစ်ပါသည် -


၁။ မူလစာချုပ်၏ လွှဲပြောင်းပေးမည့် ဝန်ထမ်းခေါင်းစဥ်အား ပြင်ပဝန်ထမ်းစည်းကမ်း ချက်ဖြင့် လွှဲပြောင်းပေးမည့် ဝန်ထမ်းဟုပြင်ဆင်ရမည်။ မူလခေါင်းစဥ်အောက်ရှိ အပိုဒ်(၇)အား ပယ်ဖျက်၍ အောက်ပါစာပိုဒ်ဖြင့် အစားထိုးပြင်ဆင်ရမည်-

ပြင်ပဝန်ထမ်းစည်းကမ်းချက်ဖြင့် လွှဲပြောင်းပေးမည့် ဝန်ထမ်း

၇။ ပြင်ပဝန်ထမ်း စည်းကမ်းချက်ဖြင့် လွှဲပြောင်းပေးမည့် ဝန်ထမ်းအင်အားမှာ ယခု လက်ရှိ လစာနှုန်းဖြင့် အောက်ပါ အတိုင်းဖြစ်ပါသည် -

စဥ်	လစာနှုန်း	လူဦးရေ
(က)	၃၄၀၀၀၀-၄၀၀၀-၃၆၀၀၀၀	၃ ဦး
(ခ)	၃၁၀၀၀၀-၄၀၀၀-၃၃၀၀၀၀	၂ ဦး
(ဂ)	၂၈၀၀၀၀-၄၀၀၀-၃၀၀၀၀၀	၁၉ ဦး
(ဃ)	၂၅၀၀၀၀-၄၀၀၀-၂၇၀၀၀၀	၄၄ ဦး
(င)	၁၉၅၀၀၀-၂၀၀၀-၂၀၅၀၀၀	၁၁၁ ဦး
(စ)	၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀	၁၄၃ ဦး
(ဆ)	၁၆၅၀၀၀-၂၀၀၀-၁၇၅၀၀၀	၂၁၁ ဦး
(ဇ)	၁၅၀၀၀၀-၂၀၀၀-၁၆၀၀၀၀	၃၁၂ ဦး
(ဈ)	၁၃၅၀၀၀-၂၀၀၀-၁၄၅၀၀၀	၁၇၈ ဦး
(ည)	၁၂၀၀၀၀-၂၀၀၀-၁၃၀၀၀၀	- ဦး
(ဋ)	နေ့စား ၃၀၀၀ဝ/နှုန်း	- ဦး
	စုစုပေါင်း	၁၀၂၃ ဦး

<u>ကန့်သတ်</u>



၂။ မူလစာချုပ်ပါ လွှဲပြောင်းပေးမည့် ဝန်ထမ်းခေါင်းစဉ်အောက်ရှိ အပိုဒ်(၈)နှင့်၄င်း၏ အပိုဒ်ခွဲ (က)အားပယ်ဖျက်၍ အောက်ပါစာပိုဒ်ဖြင့် အစားထိုးပြင်ဆင်ရမည်-

၈။ ပြင်ပဝန်ထမ်းစည်းကမ်းချက်ဖြင့် လွှဲပြောင်းပေးမည့် ဝန်ထမ်းများနှင့် ပတ်သက်၍ အောက်ပါစည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်-

၈(က) စက်ရုံရှိပြင်ပဝန်ထမ်းစည်းကမ်းချက်ဖြင့် လွှဲပြောင်းပေးမည့်ဝန်ထမ်းများ၏ ဝန်ထမ်းလစာများကို လစဉ်လစာထုတ်ရက်တွင် ထုတ်ပေးရမည်။

၃။ မူလစာချုပ်၏ ငှားရမ်းခနှုန်းထား ခေါင်းစဉ်အောက်တွင် အပိုဒ်(၁၂)၊ အပိုဒ်ခွဲ (က)(ခ)(ဂ) အဖြစ် အောက်ပါစာပိုဒ်များဖြင့် ထပ်မံဖြည့်စွက်ရမည် -


၁၂။ စက်ရုံရှိ စက်ရုံပြင်ပမြေဧရိယာတွင် အဆောက်အဦများ၊ စက်ရုံများ ဆောက်လုပ်၍ လုပ်ငန်းတိုးချဲ့ဆောင်ရွက်မှုအတွက် ငှားရမ်းခနှုန်းထားတို့မှာ အောက်ပါအတိုင်း ဖြစ်ပါသည် -


၁၂(က) မူလစာချုပ်ပါ စက်ရုံပိုင်ဧရိယာစုစုပေါင်း(၂၀၅၁.၉၇၀)ဧကအနက် စက်ရုံဧရိယာ (၁၄၁.၃၅)ဧက၊ ရေသန့်စက်ရုံဧရိယာ(၇.၄၄)ဧက၊ ဝန်ထမ်းအိမ်ရာ (၁၄၆.၅) ဧကနှင့် ကျန်စိုက်ခင်းမြေ(၁၇၅၆.၆၈)ဧက တို့ဖြစ်ပြီး အဆိုပါ ဧရိယာများအနက်မှ စက်ရုံ ဧရိယာ(၁၄၁.၃၅)ဧကကို ဖယ်နှုတ်ပြီး ဝန်ထမ်းအိမ်ရာနှင့် ရေသန့်စက်ရုံများအပါအဝင် ကျန်(၁၉၁၀.၆၂)ဧက (၁၉၀၀ဧကခန့်)ပေါ်တွင် ပထမအဆင့်အနေဖြင့် မြေဧက (၁၀၀) တွင် အထည်ချုပ်စက်ရုံ တည်ဆောက်သွားမည်ဖြစ်ပြီး၊ ဒုတိယအဆင့်အနေဖြင့် ကျန်မြေဧရိယာ (၁၈၀၀)ဧကခန့်တွင် အထည်လုပ်ငန်း၊ စက္ကူလုပ်ငန်း နှင့် စားသောက်ကုန်အပေါ် အခြေပြုသည့် စက်မှုလုပ်ငန်းများ အကောင် အထည်ဖော် ဆောင်ရွက်သွားရန် ဖြစ်ပါသည်။

၁၂(ခ) ဤ ပြင်ဆင်စာချုပ်၏ အပိုဒ်(ဂ)ပါ လုပ်ငန်းများအနက် ပထမအဆင့် ဖြစ်သော မြေဧက(၁၀၀)ပေါ်တွင် အထည်ချုပ်လုပ်ငန်း ဆောင်ရွက်ရန် အတွက် ငှားရမ်းခနှုန်းထားမှာ တစ်နှစ်လျှင် 1 m^2 လျှင် (0.2)USD နှုန်းဖြင့် မြေဧက (၁၀၀)အတွက် (80937.00) USD (အမေရိကန်ဒေါ်လာ ရှစ်သောင်းကိုးရာသုံးဆယ့်ခုနှစ်)ဖြစ်ပါသည်။

၁၂(ဂ) ထို့အပြင် ဖက်စပ်ကုမ္ပဏီ(Asia Golden Glory Development Co.,Ltd)၏ တစ်နှစ်ဝင်ငွေ၏ (၀.၁၅)% အား အငှားချထားခြင်းခံရသူမှ ပေးဆောင်ရမည်။

ကန့်သတ်





၄။ မူလစာချုပ်၏ ငှားရမ်းခပေးချေခြင်း ခေါင်းစဉ်အောက်ရှိ အပိုဒ်(၁၂)အား ပယ်ဖျက်၍ အပိုဒ်(၁၃) အပိုဒ်ခွဲ(က)(ခ)(ဂ)အဖြစ် အောက်ပါ စာပိုဒ်များဖြင့် ဖြည့်စွက်ရမည် -

၁၃(က) "အငှားချထားခြင်းခံရသူ"သည် (၃)လအတွက် မူလစာချုပ် ငှားရမ်းခနှုန်းထား ခေါင်းစဉ်အောက်ရှိ အပိုဒ်(၉)ပါ ငှားရမ်းခနှုန်းထားအရ ငှားရမ်းခငွေ ကျပ်(၂၃၇.၅၀၀)သန်း (ကျပ် နှစ်ရာသုံးဆယ့်ခုနစ်ဒသမငါးသန်း တိတိ)ကို (၃)လ တစ်ကြိမ် (၃)လပြည့်သည့်လ၏ နောက်ဆုံးပတ်အတွင်း ပေးသွင်းရမည်။ ပေးသွင်းရန် ပျက်ကွက်ပါက ဒဏ်ကြေးပေးဆောင်ရမည်။ (၁)လ နောက်ကျလျှင် ငှားရမ်းခ၏(၁)%၊ (၂)လနောက်ကျလျှင် ငှားရမ်းခ၏(၂)%၊ (၃)လနောက်ကျလျှင် ငှားရမ်းခ၏(၃)% စသည်ဖြင့် ပေးသွင်းရမည်။

၁၃(ခ) အပိုဒ် ၁၁(က)ပါ ပထမအဆင့်ဖြစ်သော မြေဧက(၁၀၀)ပေါ်တွင် အထည်ချုပ် လုပ်ငန်း ဆောင်ရွက်ရန်အတွက် ငှားရမ်းခ တစ်နှစ်လျှင် (80937.00) USD (အမေရိကန်ဒေါ်လာ ရှစ်သောင်းကိုးရာသုံးဆယ့်ခုနှစ်)ဖြင့် စာချုပ်ချုပ်ဆိုပြီး ငှားရမ်းခကျသင့်ငွေကို (၃)လတစ်ကြိမ် ပထမလ၏ (၁၅)ရက် အတွင်း ပေးဆောင်ရမည်။ (၃) လပြည့်ပြီး ပေးသွင်းရန် ပျက်ကွက်ပါက နောက်ကျဒဏ်ကြေး အဖြစ် နောက်ကျသည့်ရက်များ အတွက် (၁)လ နောက်ကျပါက ပေးသွင်းရမည့် သတ်မှတ်ချက်ဖြစ်သော ငှားရမ်းခ (၃)လ အတွက် ကျသင့်ငွေ၏(၀.၅%) ကို အခြေခံ၍ တွက်ချက်ပေးဆောင်ရမည်။ နောင်လာမည့်နှစ်များတွင် ငှားရမ်းခအား (၂)နှစ် တစ်ကြိမ်ပြန်လည်သုံးသပ်၍ ငှားရမ်းခတန်ဘိုး၏ (၂)%မှ (၅)%အတွင်း နှစ်ဖက် ညှိနှိုင်းဆောင်ရွက်ရမည်။

၁၃(ဂ) ဖက်စပ်ကုမ္ပဏီ (Asia Golden Glory Development Co.,Ltd)၏ တစ်နှစ်ဝင်ငွေအား သိရှိနိုင်ရန် "အငှားချထား ခြင်းခံရသူ"၏ စာရင်းစစ်အဖွဲ့မှ နှစ်စဉ်စစ်ဆေးသော Financial Report အား နှစ်စဉ် အငှားချထားသူထံသို့ တင်ပြရမည်ဖြစ်ပြီး၊ Financial Report အား လုပ်ငန်း၏စီမံခန့်ခွဲရေးအဖွဲ့မှ စစ်ဆေးအတည်ပြု ပြီးနောက် (၃)လ အတွင်း ဖက်စပ်ကုမ္ပဏီ(Asia Golden Glory Development Co.,Ltd)ဝင်ငွေ ၏ (၀.၁၅)% ကိုပေးသွင်းရန်၊ လိုအပ်ပါက လုပ်ငန်း၏စာရင်းစစ် အဖွဲ့သို့ စစ်ဆေးအတည်ပြုမှု ပြုလုပ် ရမည်။

၅။ မူလစာချုပ်၏ ကြိုတင်စည်းကမ်းသတ်မှတ်ချက်များ ခေါင်းစဉ်အောက်ရှိ အပိုဒ်(၁၃)အား အပိုဒ်(၁၄)အဖြစ် ပြောင်းလဲပြင်ဆင်ရမည်။

<u>ကန့်သတ်</u>

၆။ မူလစာချုပ်၏ အငှားချထားခြင်းခံရသူ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ ခေါင်းစဉ်အောက်ရှိ အပိုဒ်(၁၄)အား အပိုဒ်(၁၅)အဖြစ်ပြောင်းလဲပြင်ဆင်ပြီး အပိုဒ်ခွဲ(ဆ)အား ပယ်ဖျက်ပြီး အောက်ပါစာပိုဒ်ဖြင့် အစားထိုးရမည် -

၁၅(ဆ) ငှားရမ်းခွင့်ရရှိထားသော မြေနေရာအား ပေါင်နှံခြင်း၊ ရောင်းချခြင်း (သို့မဟုတ်) တစ်နည်းနည်းဖြင့် လွှဲပြောင်းပေးခြင်း မပြုလုပ်ရ၊ '' ခွင့်ပြုမိန့်ဖြင့် လုပ်ငန်းလုပ်ကိုင်ခွင့်ပြုထားသော မြေနှင့် အဆောက်အဦများကို လုပ်ငန်းသက်တမ်းကာလအတွင်း ထိုရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအတွက် အခြားပုဂ္ဂိုလ်တစ်ဦးဦးအား တစ်ဆင့်ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ အစုရှယ်ယာလွှဲပြောင်းခြင်းလုပ်ငန်းနှင့် လုပ်ငန်း လွှဲပြောင်းခြင်းတို့ကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ(၁၅)၊ ပုဒ်မခွဲ(ဃ)အရ ကော်မရှင်၏ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။ '' အသုံးပြုခွင့်ပေးခြင်း နှင့် တစ်ဆင့်ငှားရမ်းခြင်းတို့ကို အငှားချထားသူ၏ သဘောတူချက် ရရှိမှသာ ဆောင်ရွက်ခွင့်ရှိပြီး၊ အငှားချထားခြင်းခံရသူသည် တစ်ဆင့်ငှားရမ်းခြင်းကို လည်းကောင်း၊ တစ်ဆင့်ငှားရမ်းသူနှင့်အသုံးပြုခွင့် ပေးခြင်းခံရသူတို့အတွက်လည်းကောင်း တာဝန်ယူရမည်။ အသစ်တည်ဆောက်မည့် အဆောက်အဦနှင့်စက်ပစ္စည်းများအတွက် လက်ကျန်ကာလ အသုံးပြုခွင့်ကိုအခြေပြု၍ပြည်တွင်း၊ ပြည်ပရှိဘဏ်၊ ငွေကြေးအဖွဲ့အစည်းများတွင် အငှားချထားခြင်းခံရသူမှ ငွေချေးငှားခြင်း၊ ပြန်လည်ပေးဆပ်ရန် အာမခံခြင်းတို့ကို ပြုလုပ်နိုင်သော်လည်း ရောင်းချခြင်း မပြုလုပ်ရ။

၇။ မူလစာချုပ်၏ အငှားချထားခြင်းခံရသူ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ ခေါင်းစဉ်အောက်တွင် အပိုဒ်(၁၄)အား အပိုဒ်(၁၅)အဖြစ်ပြောင်းလဲပြင်ဆင်ပြီး အပိုဒ်ခွဲ(ရ)အဖြစ် အောက်ပါစာပိုဒ်ဖြင့် ထပ်မံဖြည့်စွက်ရမည် -

၁၅(ရ) အငှားချထားခြင်းခံရသူသည် စင်္ကာပူနိုင်ငံရှိ Hua Chou Investment Pte Ltd နှင့် ဖက်စပ်ကုမ္ပဏီထူထောင်၍ အမေရိကန်ဒေါ်လာ သန်း(၆၀) ရင်းနှီးမြှုပ်နှံ၍ ယခု ပြင်ဆင်စာချုပ်ပါ ဆောင်ရွက်မည့် မြေနေရာအား ပထမအဆင့်အနေဖြင့် အထည်ချုပ်စက်ရုံ၊ ဒုတိယအဆင့်အနေဖြင့် အထည်လုပ်ငန်း၊စက္ကူလုပ်ငန်းနှင့် စားသောက်ကုန် လုပ်ငန်းအပေါ်အခြေပြုသည့် စက်မှုလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ရာ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မခွဲ ၁၆(စ)၌ “နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားကုမ္ပဏီတစ်ခုခုနှင့်ဖက်စပ်လုပ်ငန်း တည်ထောင်လုပ်ကိုင်လိုပါက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိကြောင်း” ပြဋ္ဌာန်းထားပါသဖြင့် အငှားချထားခြင်းခံရသူနှင့် ၎င်း၏ ဖက်စပ်ကုမ္ပဏီတို့သည် ထိုဥပဒေ ပုဒ်မ၁၆(စ)အရ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရန် လိုအပ်ပါသည်။

၈။ မူလစာချုပ်၏ အပိုဒ်(၁၅)မှ(၃၁)အထိအား အပိုဒ်(၁၆)မှ(၃၂)အဖြစ် အစီအစဥ်အတိုင်း ပြောင်းလဲပြင်ဆင်ရမည်။

၉။ မူလစာချုပ်၏ အပိုဒ်(၃၂)အားပယ်ဖျက်၍ အာမခံထားရှိခြင်း ခေါင်းစဥ် အပိုဒ်(၃၃)အဖြစ် အောက်ပါ စာပိုဒ်ဖြင့် အစားထိုးရမည်-

အာမခံထားရှိခြင်း

၃၃။ အငှားချထားခြင်းခံရသူသည် တစ်နှစ်ငှားရမ်းခ၏ ၁၀%နှင့်ညီမျှသော တန်ဖိုးအား လုပ်ငန်းဆောင်ရွက်မှုအာမခံ (Performance Bank Guarantee)အဖြစ် မြန်မာ့စီးပွားရေးဘဏ်၊ဘဏ်ခွဲ(၃)ရန်ကုန်မြို့(သို့မဟုတ်)မြန်မာ့စီးပွားရေးဘဏ်(နေပြည်တော်)တွင် အပ်နှံထားရှိ၍ ထားရှိမှုမှတ်တမ်းအား အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း (ယခင်စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း)တွင်သိမ်းဆည်းထားရှိရမည်။"အငှားချထားခြင်းခံရသူ" သည် စာချုပ်ပါစည်းကမ်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ပါက "အငှားချထားသူ"အနေဖြင့် အဆိုပါလုပ်ငန်းဆောင်ရွက်မှုအာမခံအား နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းနိုင်သည်။ အဆိုပါ လုပ်ငန်းဆောင်ရွက်မှုအာမခံအား ဤစာချုပ်အကျိုးသက်ရောက်သည့်နေ့မှ စ၍ (၄၅)ရက် အတွင်းပေးဆောင်ရမည်။

၁၀။ မူလစာချုပ်တွင် ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်ခြင်း ခေါင်းစဥ်အား အပိုဒ်(၃၄)အဖြစ် အောက်ပါစာပိုဒ်ဖြင့် ထပ်မံဖြည့်စွက်ရမည်-

ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်ခြင်း

၃၄။ အငှားချထားခြင်းခံရသူသည်(၃)လတစ်ကြိမ်ပေးချေရမည့် ငှားရမ်းခ၏ (၅%)နှင့်ညီမျှသောတန်ဖိုးအားကုန်သွယ်လုပ်ငန်းခွန်အဖြစ်(၃)လပြည့်တိုင်း ပြည်တွင်းအခွန်များဦးစီးဌာန၊ နေပြည်တော်(သို့မဟုတ်)ရန်ကုန်မြို့တွင် ပေးဆောင်ပြီး ပေးဆောင်မှုမှတ်တမ်းအား အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း (ယခင်စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း) တွင် သိမ်းဆည်းထားရှိရမည်။ သို့ဖြစ်ပါ၍ အခွန်အကောက်ဆိုင်ရာဥပဒေအရ ပေးဆောင်ရမည့် အခွန်များအား "အငှားချထားခြင်းခံရသူ" မှ ပေးသွင်းရပါမည်။

၁၁။ မူလစာချုပ်၏အပိုဒ်(၃၃)(၃၄)အား အပိုဒ်(၃၅)(၃၆)အဖြစ် အစီအစဥ်အတိုင်းပြောင်းလဲပြင်ဆင်ရမည်။

၁၂။ ဤ ပထမအကြိမ် ပြင်ဆင်ချက် သဘောတူစာချုပ်သည် ၂၀၁၅ခုနှစ် ဒီဇင်ဘာ လ ၈ ရက်နေ့မှစ၍အကျိုးသက်ရောက်မှု ရှိစေရမည်။

၁၃။ ဤ ပထမအကြိမ် ပြင်ဆင်ချက် သဘောတူစာချုပ်ပါ စည်းကမ်းချက်များမှအပ မူလစာချုပ်ပါ ကျန်စည်းကမ်းချက်များမှာ ပြောင်းလဲမှုမရှိဘဲ ဆက်လက်၍ အကျိုးသက်ရောက်မှု ရှိစေရမည်။

၁၄။ ဤ ပထမအကြိမ် ပြင်ဆင်ချက် သဘောတူစာချုပ်သည် မူလစာချုပ်၏ တစ်စိတ်တစ်ဒေသဖြစ်သည်။

ရှိခံ ၂၃၇၂ / ၁၁.၁၂.၁၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပြည်ထောင်စုရှေ့နေချုပ်ရုံး

နေပြည်တော်

စာအမှတ်၊ ၂(၅) ၁၄ - ၁၆၈ /နပတ (၁၀၅၆)

ရက်စွဲ၊ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်

အကြောင်းအရာ။ စက္ကူစက်ရုံ(ရေနီ)အား Lat War Co., Ltd သို့ ငှားရမ်းခဲ့မှုအပေါ် လုပ်ငန်းတိုးချဲ့မှုအတွက် စာချုပ်ချုပ်ဆိုနိုင်ရေး သဘောထားမှတ်ချက်တောင်းခံ ခြင်းကိစ္စ

ရည်ညွှန်းချက်။ စက်မှုဝန်ကြီးဌာန၊ စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း၏ ၉-၁၀-၂၀၁၄ ရက်စွဲပါ စာအမှတ်၊ ၁၅၀၆ (၁-စမ) ၂၀၁၄/ ၂၃၈/ ၁၃၅၅

၁။ စက်မှုဝန်ကြီးဌာန၊ စက္ကူနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း(ဌာန)သည် ၎င်းလက်အောက်ရှိ စက္ကူစက်ရုံ (ရေနီ)အား Lat War Co., Ltd (ကုမ္ပဏီ) သို့ ၁-၁၀-၂၀၁၃ ရက်နေ့မှစ၍ (၁)နှစ်ငှားရမ်းခ (၉၅၀)ကျပ်သန်းဖြင့် ကာလ(၃၀+၅+၅)နှစ်ငှားရမ်းခဲ့ကြောင်း၊ စာချုပ်အပိုဒ်(၁၁)တွင် ဖော်ပြငှားရမ်းခဲ့သည့် မြေ(၂၀၅၁.၉၇၀)ဧကမှ မြေလွတ် (၁၉၀၀)ဧကပေါ်တွင် အထည်ချုပ်စက်ရုံနှင့်ဆက်စပ်လုပ်ငန်းများတိုးချဲ့ဆောင်ရွက်နိုင်ရေးအတွက် Lat War Co., Ltd အနေဖြင့် စင်္ကာပူနိုင်ငံရှိ Huachu Investment Pte Ltd နှင့်ဖက်စပ်၍ Asia Golden Glory Development Co., Ltd (AGGD) အားတည်ထောင်ပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရန်အတွက် မည်သို့စာချုပ်ချုပ်ဆိုဆောင်ရွက်သွားသင့်ကြောင်း အကြံပြုပြန်ကြားပေးနိုင်ပါရန် ရည်ညွှန်းချက်ပါစာဖြင့် မေတ္တာရပ်ခံလာသောကိစ္စဖြစ်ပါသည်။

၂။ ရည်ညွှန်းစာနှင့် ၎င်းနှင့်အတူ ပူးတွဲပေးပို့လာသော စာချုပ်(မိတ္တူ)နှင့်စာရွက်စာတမ်းများကို လေ့လာရာ အောက်ပါအတိုင်း တွေ့ရှိရပါသည် -

(က) စက္ကူနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း(ဌာန)နှင့် လက်ဝါးကုမ္ပဏီလီမိတက် (ကုမ္ပဏီ)တို့သည် စက္ကူစက်ရုံ(ရေနီ)မြေ၊ အဆောက်အဦနှင့် စက်ပစ္စည်းများအားငှားရမ်းသည့် သဘောတူစာချုပ် (သဘောတူစာချုပ်)ကို ၂၆-၉-၂၀၁၃

(ဂ) စာချုပ်ပြင်ဆင်ခြင်းနှင့်စပ်လျဉ်း၍ မူလစာချုပ်အပိုဒ် ၂၇ တွင် "စာချုပ်ပါ စည်းကမ်းချက်များကို ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်းနှင့် ထပ်မံဖြည့်စွက်ခြင်း ပြုလုပ်လိုပါက "အငှားချထားသူ" နှင့် "အငှားချထားခြင်းခံရသူ" တို့၏ နှစ်ဦးနှစ်ဖက် တရားဝင်စာဖြင့် သဘောတူညီချက်ရရှိမှသာ ပြုလုပ်ရမည်။" ဟုဖော်ပြထားပါသည်။ သို့ပါ၍ စာချုပ်(မူကြမ်း)စာချုပ်ဝင်အပိုဒ်အောက်၌ မူလစာချုပ်အပိုဒ် ၂၇ တွင် ဖော်ပြထားချက်အရ ယခုပြင်ဆင်ချက်သဘောတူ စာချုပ်ချုပ်ဆိုရခြင်းဖြစ်ပါသည်ဆိုသောအချက်အား ဖော်ပြရန်လိုအပ်ပါသည်။

(ဃ) စာချုပ်(မူကြမ်း) အပိုဒ် ၁ ပါမူလစာချုပ်၏ အပိုဒ် ၁၁ အား ပယ်ဖျက်၍ အစား ထိုးပြင်ဆင်မည့်အပိုဒ် ၁၁၊ အပိုဒ်ခွဲ (က)၌ "စက်ရုံရှိမြေကွက်ဧရိယာ (၁၉၀၀) ဧက" ဟူ၍ဖော်ပြထားပါသည်။ မူလစာချုပ်အပိုဒ် ၃ အငှားချထားမည့်ပစ္စည်း များ၊ အပိုဒ်ခွဲ (ခ)မြေ(ဧက)၌ စက်ရုံဧရိယာ-၁၆၉.၁၃ ဧက၊ ဝန်ထမ်းအိမ်ရာ- ၁၄၆.၅၀ ဧက၊ ကုန်ကြမ်းစိုက်ခင်းနှင့်မြေလွတ်-၁၇၃၆.၃၄ ဧကဟူ၍ ဖော်ပြ ထားပါသည်။ သို့ပါ၍ မြေလွတ်ဧရိယာနှင့်စပ်လျဉ်း၍ မူလစာချုပ်တွင် ဖော်ပြ ထားသောမြေလွတ်ဧရိယာနှင့်တူညီခြင်းမရှိဟုယူဆ၍ဌာနအနေဖြင့် မြေလွတ် ဧရိယာဖော်ပြမှုအား ပြန်လည်စိစစ်ရန်နှင့် မူလစာချုပ်ပါမြေလွတ်ဧရိယာ ပြောင်းလဲခြင်းဖြစ်ပါက မူလစာချုပ်အပိုဒ်ခွဲ ၃(ခ)အား ပြင်ဆင်ရန် လိုအပ် မည်ဖြစ်ပါသည်။

(င) စာချုပ်(မူကြမ်း) အပိုဒ် ၁ ပါ မူလစာချုပ်၏ အပိုဒ် ၁၁ အား ပယ်ဖျက်၍ အစားထိုးပြင်ဆင်မည့် အပိုဒ် ၁၁၊ အပိုဒ်ခွဲ (က)၌ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းကို ပထမအဆင့်၊ ဒုတိယအဆင့်နှင့် တတိယအဆင့်ဟူ၍ အဆင့်(၃)ဆင့်ခွဲ၍ ဆောင်ရွက်မည်ဖြစ်ကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရ ပါသည်။ သို့ပါ၍ ထိုသို့အဆင့် ၃ ဆင့်ခွဲ၍ ဆောင်ရွက်ရာ၌ မည်သည့်အဆင့်

သည် မည်သည့်နေ့ရက်၊ အချိန်ကာလမှစတင်ကြောင်း ဖော်ပြထားခြင်း မရှိသဖြင့် အဆင့်လိုက် စတင်အကောင်အထည်ဖော်မည့် နေ့ရက်များဖော်ပြ သင့်ပါသည်၊

(စ) စာချုပ်(မူကြမ်း) အပိုဒ် ၁ ပါမူလစာချုပ်၌ အစားထိုးပြင်ဆင်မည့် အပိုဒ် ၁၁၊ အပိုဒ်ခွဲ (ခ)၌ "ဤပြင်ဆင်စာချုပ်၏ အပိုဒ် (ဂ)ပါလုပ်ငန်းများ" ဟု ရည်ညွှန်းဖော်ပြထားပါသည်။ ယခုပြင်ဆင်စာချုပ်၏ အပိုဒ် (ဂ)သည် နိဒါန်း/ ရည်ရွယ်ချက်ကိုဖော်ပြသော စာပိုဒ်ဖြစ်ပြီး စည်းကမ်းချက်အပိုဒ်မဟုတ်သဖြင့် လုပ်ငန်းအဆင့်အလိုက်ဆောင်ရွက်မှုများကို စည်းကမ်းချက် တစ်ရပ်အနေဖြင့် သီးခြားခေါင်းစဉ်ဖြင့် မူလစာချုပ်၌ ဖြည့်စွက်ဖော်ပြရန် လိုအပ်ပါသည်၊

(ဆ) စာချုပ်(မူကြမ်း) အပိုဒ် ၁ ပါ မူလစာချုပ်၏ ငှားရမ်းခနှုန်းထား ခေါင်းစဉ် အောက်ရှိ အပိုဒ် ၁၁ အားပယ်ဖျက်၍ အစားထိုးပြင်ဆင်မည့် အပိုဒ် ၁၁၊ အပိုဒ်ခွဲ(ခ)၌ "အသုံးပြုသောမြေဧကအလိုက် ထပ်ဆောင်းပေးရမည့်ငွေနှင့် စပ်လျဉ်း၍ အသားတင်အမြတ်ငွေပေးဆောင်ရမည်ဖြစ်ကြောင်း ဖော်ပြထား ပါသည်။ သို့ပါ၍ အသားတင်အမြတ်ငွေမရရှိခဲ့ပါက ဌာနမှ ရရန်ရှိသည့်ငွေမှာ ရရှိမည်မဟုတ်သည်ကို ကြိုတင်သတိပြုသင့်ပါသည်၊

(ဇ) စာချုပ်(မူကြမ်း)အပိုဒ်၁ပါမူလစာချုပ်၌ အစားထိုးပြင်ဆင်မည့် အပိုဒ် ၁၁၊ အပိုဒ်ခွဲ ၁၁(ဂ)တွင် အသားတင်အမြတ်ငွေ၏ (1%)ကို ပြုစုတင်ပြရမည့် ကာလနှင့်ပေးသွင်းရမည့် ကာလတို့ကို ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။ အသားတင်အမြတ်ငွေမည်မျှရရှိကြောင်း ဌာနမှသိရှိနိုင်သည့်နည်းလမ်းကို လည်း ဌာနမှစဉ်းစား၍ စာချုပ်တွင်ထည့်သွင်းသင့်ပါသည်။ ထို့ပြင် မူလ စာချုပ်ပါငှားရမ်းခပေးသွင်းခြင်း စည်းကမ်းချက်နှင့်ညီညွတ်မှုရှိစေရေး ဌာနမှ တာဝန်ယူစိစစ်ရန်ဖြစ်ပါသည်၊

(ဈ) စာချုပ်(မူကြမ်း)အပိုဒ်၄၌ မူလစာချုပ်တွင် မပါဝင်သော "အာမခံထားရှိခြင်း" ခေါင်းစဉ်အား အပိုဒ် (၃၃) အဖြစ် ထပ်မံဖြည့်စွက်လိုက်သည်ဟုဖော်ပြပြီး "အငှားချထားခြင်းခံရသူသည် တစ်နှစ်ငှားရမ်းခ၏ ၁၀% နှင့်ညီမျှသော တန်ဖိုးအား လုပ်ငန်းဆောင်ရွက်မှုအာမခံ (Performance Bank Guarantee) အဖြစ် မြန်မာ့စီးပွားရေးဘဏ်တွင် အပ်နှံထားရှိ၍ ------------" ဟူသော စည်းကမ်းချက်အား ဖော်ပြထားသည်ကိုတွေ့ရှိရပါသည်။ မူလစာချုပ်၌ "အာမခံထားရှိခြင်း" ခေါင်းစဉ်မပါဝင်သော်လည်း အပိုဒ် ၃၂ တွင် "လုပ်ငန်း အာမခံသူသည် ၎င်းပိုင်ဆိုင်သော မရွှေ့မပြောင်းနိုင်သောပစ္စည်းများ၏ စာရွက်စာတမ်းများကို အာမခံအဖြစ် လုပ်ငန်းသို့ ပေးပို့ထားရှိရမည်" ဟူ၍ ဖော်ပြထားသဖြင့် ဌာနအနေဖြင့် ပြန်လည်စိစစ်ရန် လိုအပ်ပါသည်၊

(ည) စာချုပ်(မူကြမ်း) အပိုဒ် ၆ ပါ မူလစာချုပ်၌ ထပ်မံဖြည့်စွက်မည့် အပိုဒ် ၃၇ တွင် ဖော်ပြထားသောစည်းကမ်းချက်သည် မူလစာချုပ်၏ "စာချုပ်ပြင်ဆင်ခြင်း" ခေါင်းစဉ်အောက်တွင် ဖော်ပြထားသောစည်းကမ်းချက်နှင့် တူညီနေသည်ကိုတွေ့ရှိရပါသည်။ ယခုစာချုပ်(မူကြမ်း)မှာ မူလစာချုပ်၏အစိတ်အပိုင်းတစ်ရပ်ဖြစ်သောကြောင့် စည်းကမ်းချက်များ မထပ်စေရေးအတွက် ထပ်မံဖြည့်စွက်မည့် အပိုဒ် ၃၇ အား ပယ်ဖျက်ရန်ဖြစ်ပါသည်၊

(ဋ) လက်ဝါးကုမ္ပဏီလီမိတက် အနေဖြင့် မူလစာချုပ်ပါ မြေနှင့်စက်ရုံအား တစ်ခြားကုမ္ပဏီသို့ တစ်ဆင့်ငှားရမ်းမည်ဆိုပါက မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံ မှုဥပဒေပုဒ်မ ၁၅ ၌ ရင်းနှီးမြှုပ်နှံသူ၏တာဝန်များအား ပြဋ္ဌာန်းထားပြီး ယင်း၏အပိုဒ်ခွဲ(ဃ)တွင် "ခွင့်ပြုမိန့်ဖြင့် လုပ်ငန်းလုပ်ကိုင်ခွင့်ပြုထားသော မြေနှင့် အဆောက်အအုံများကို လုပ်ငန်းသက်တမ်းကာလအတွင်း ထိုရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအတွက် အခြားပုဂ္ဂိုလ်တစ်ဦးဦးအား တစ်ဆင့်ငှားရမ်းခြင်း၊

ပေါင်နှံ ခြင်း၊ အစုရှယ်ယာလွှဲပြောင်းခြင်းလုပ်ငန်းနှင့် လုပ်ငန်းလွှဲပြောင်း ခြင်းတို့ကို ကော်မရှင်၏ခွင့်ပြုချက်ဖြင့်ဆောင်ရွက်ခြင်း” ဟု ပြဋ္ဌာန်း ထားသဖြင့် အဆိုပါပြဋ္ဌာန်းချက်နှင့် အညီ ဆောင်ရွက်ရန်လိုအပ်ပါသည်၊

(ဋ) လိုအပ်သောနေရာ၌ မင်နီဖြင့် ပြင်ဆင်၊ ဖြည့်စွက်ပေးလိုက်ပါသည်။

၄။ ဤပြင်ဆင်ချက်သဘောတူစာချုပ်(မူကြမ်း) ကို ပြည်ထောင်စုရှေ့နေချုပ်ဥပဒေနှင့် အညီ ဥပဒေကြောင်း အရသာ ဥပဒေအကြံဉာဏ်ပေးခြင်းဖြစ်ပါသည်။ ဥပဒေရေးရာမဟုတ်သည့် စီမံရေးရာ၊ ဘဏ္ဍာရေးရာ၊ ကျွမ်းကျင်မှုဆိုင်ရာကိစ္စရပ်များကို ဤရုံးအနေဖြင့်မှတ်ချက်ပေးရန်မရှိပါကြောင်းနှင့် ယင်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကျွမ်းကျင်သူများနှင့် ဆွေးနွေးညှိနှိုင်းဆောင်ရွက်ရန် အကြံပြု ပါသည်။

၅။ ဤစာချုပ်(မူကြမ်း) ကို လက်မှတ်ရေးထိုးချုပ်ဆိုပြီးပါက မှတ်တမ်းတင်ထားနိုင်ရန်အတွက် ဤရုံးသို့ စာချုပ်မိတ္တူ(၃)စောင်ပေးပို့ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

၆။ ဤ အကြံပြုချက်ကို လျှို့ဝှက်အဆင့် သတ်မှတ်ဆောင်ရွက်ရန် ဖြစ်ပါသည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)

(မေသီလင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်)

24.1.15

ဦးဆောင်ညွှန်ကြားရေးမှူး
စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း
စက်မှုဝန်ကြီးဌာန

30.1.15

DKPI / MKK / ...

မိတ္တူ - ရုံးလက်ခံ/ မျှောစာတွဲ

ရက်နေ့၌ ချုပ်ဆိုခဲ့ပြီး စာချုပ်၏သက်တမ်းမှာ ၁-၁၀-၂၀၁၃ မှ ၃၀-၉-၂၀၄၃ ရက်နေ့ အထိဖြစ်ကြောင်း၊

(ခ) ရည်ညွှန်းစာအပိုဒ် ၅ ၌ ကုမ္ပဏီသည် စင်္ကာပူနိုင်ငံရှိ Huachu Investment Pte Ltd နှင့်ဖက်စပ်၍ Asia Golden Glory Development Co., Ltd (AGGD) တည်ထောင်ပြီး အမေရိကန်ဒေါ်လာသန်း (၆၀) ရင်းနှီးမြှုပ်နှံ၍ စက်ရုံမြေဧရိယာ (၁၀၀)ဧကတွင် ပထမအဆင့်အနေဖြင့် အထည်ချုပ်စက်ရုံတည်ဆောက်သွားမည်ဖြစ်ပြီး ဒုတိယအဆင့်အနေဖြင့် ၎င်းမြေဧရိယာ(၁၈၀၀)ခန့်တွင် စက္ကူလုပ်ငန်းနှင့်စားသောက်ကုန်လုပ်ငန်းအပေါ် အခြေပြုသည့် စက်မှုလုပ်ငန်းများအပြင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းများ ဆက်လက်လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊

(ဂ) ရည်ညွှန်းစာအပိုဒ် ၇ ၌ ဖက်စပ်ကုမ္ပဏီ AGGD အား တည်ထောင်၍ အထည်ချုပ်စက်ရုံနှင့် ဆက်စပ်လုပ်ငန်းများတိုးချဲ့ဆောင်ရွက်ခွင့်ပြုပါရန် စက်မှု ဝန်ကြီးဌာန၊ ပစ္စည်းဝယ်ယူရောင်းချရေးနှင့် ဘဏ္ဍာရေးဆိုင်ရာကော်မတီ အစည်းအဝေးအမှတ်စဉ် (၆/ ၂၀၁၄-၂၀၁၅)မှ သဘောတူခဲ့ပြီး နိုင်ငံတော်သမ္မတရုံးသို့ တင်ပြခဲ့မှုအပေါ် ပူးတွဲပါစာဖြင့် ပြန်ကြားခဲ့သည်ဟု ဖော်ပြထားကြောင်း၊ သို့သော် နိုင်ငံတော်သမ္မတရုံး၏ ပြန်ကြားစာသည် ယခုရည်ညွှန်းစာနှင့်အတူ ပူးတွဲပါရှိလာခြင်းမရှိသည်ကို တွေ့ရှိရကြောင်း၊

(ဃ) စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း၏ ၂၆-၈-၂၀၁၄ ရက်စွဲပါစာအမှတ်၊ ၁၅၀၆ (၁-စမ) ၂၀၁၄/ ၂၃၈/ ၁၂၂၆ ဖြင့် စက္ကူစက်ရုံ(ရေနီ)၌ အထည်ချုပ်စက်ရုံနှင့် ဆက်စပ်လုပ်ငန်းများအား တိုးချဲ့ဆောင်ရွက်မှုအပေါ် နိုင်ငံတော်သမ္မတရုံး၏ လမ်းညွှန်ချက်အား အကြောင်းကြားခဲ့ကြောင်း၊ အဆိုပါအကြောင်းကြားစာ (မိတ္တူ) ၏ အပိုဒ် ၃ ၌ စက္ကူစက်ရုံကို မထိခိုက်စေဘဲ အထည်ချုပ်စက်ရုံဆောက်လုပ်မည့် မြေနေရာအား လိုအပ်သလောက်သာ ငှားရမ်းရန်နှင့် အဆိုပါအကြောင်း

ကြားစာ(မိတ္တူ)၏ အပိုဒ် ၄ ၌ နိုင်ငံတော်သမ္မတရုံးမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးခြင်းလုပ်ငန်းကို ဆောင်ရွက်ခွင့်မပြုသဖြင့် မိမိစက်ရုံအသုံးပြုရန်အတွက်သာ ဆောင်ရွက်သွားရန် မိန့်မှတ်ချက် ပြုသည်ဟု ဖော်ပြထားကြောင်း၊

(င) သဘောတူစာချုပ်အပိုဒ် ၁၄(စ)၌ ငှားရမ်းခွင့်ရရှိထားသော စက္ကူစက်ရုံ (ရေနီ) မြေနှင့် အဆောက်အဦတွင် ကနဦးတင်ပြထားသော လုပ်ငန်းများအပြင် ဥပဒေနှင့်မငြိစွန်းသည့် အခြားလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်လိုပါက အငှားချထားသူသို့ ညှိနှိုင်းဆောင်ရွက်ခွင့်ရှိကြောင်း၊

(စ) သဘောတူစာချုပ်အပိုဒ် ၁၄(ဆ) ၌ ငှားရမ်းခွင့်ရယူထားသော ရှိပြီးစက်ရုံနှင့် ပစ္စည်းများအား ပေါင်နှံခြင်း၊ရောင်းချခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းပေးခြင်း၊ အသုံးပြုခွင့်ပေးခြင်းတို့ကို မပြုလုပ်ရဟု ဖော်ပြထားကြောင်း၊

(ဆ) သဘောတူစာချုပ်အပိုဒ် ၂၇ ၌ စာချုပ်ပါစည်းကမ်းချက်များကို ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်းနှင့် ထပ်မံဖြည့်စွက်ခြင်းပြုလုပ်လိုပါက စာချုပ်ဝင်နှစ်ဖက် တရားဝင်စာဖြင့် သဘောတူညီချက်ရရှိမှသာ ပြုလုပ်ရမည်ဟု ဖော်ပြထားကြောင်း၊

(ဇ) သဘောတူစာချုပ်အပိုဒ် ၂၉ ၌ လုပ်ငန်းလိုအပ်ချက်အရ သို့မဟုတ် ဤစာချုပ်တွင် မပါရှိသည့်ကိစ္စရပ်များ ပေါ်ပေါက်လာလျှင် စာချုပ်ဝင်နှစ်ဦးနှစ်ဖက် ညှိနှိုင်းခွင့်ရှိစေရမည်ဟု ဖော်ပြထားကြောင်း။

၃။ အထက်အပိုဒ် ၂ ပါ လေ့လာတွေ့ရှိချက်များအပေါ် အခြေခံ၍ ဥပဒေရှုထောင့်မှ လေ့လာစိစစ်ရာ အောက်ပါအတိုင်း တွေ့ရှိရပါသည် -

(က) ဌာနနှင့် ကုမ္ပဏီတို့ ၂၆-၉-၂၀၁၃ ရက်နေ့က ချုပ်ဆိုခဲ့သော စက္ကူစက်ရုံ(ရေနီ) ငှားရမ်းသည့် သဘောတူစာချုပ်ပါ အငှားချထားသည့် စက်ရုံနှင့် မြေဧရိယာအနက် စက်ရုံမြေဧရိယာ(၁၀၀)ကေ၌ ပထမအဆင့်အနေဖြင့် အထည်ချုပ်စက်ရုံ တည်ဆောက်သွားမည်ဖြစ်ပြီး ဒုတိယအဆင့်အနေဖြင့် ကျန်မြေဧရိယာ(၁၈၀၀) ခန့်တွင် စက္ကူလုပ်ငန်းနှင့် စားသောက်ကုန်လုပ်ငန်းအပေါ် အခြေပြုသည့်စက်မှု

လုပ်ငန်းများအပြင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း လုပ်ငန်းများဆက်လက်လုပ်ကိုင်သွားမည်ဖြစ်ကြောင်း၊

(ခ) အထည်ချုပ်စက်ရုံနှင့် ဆက်စပ်လုပ်ငန်းများတိုးချဲ့ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ မိန့်မှတ်ချက်ပြုမှု၌ စက္ကူစက်ရုံကို မထိခိုက်စေဘဲ အထည်ချုပ်စက်ရုံဆောက်လုပ်မည့် မြေနေရာအား လိုသလောက်သာငှားရမ်းရန် ဖြစ်ကြောင်းနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးခြင်းလုပ်ငန်းကို ဆောင်ရွက်ခွင့်မပြုကြောင်း၊

(ဂ) သဘောတူစာချုပ်အပိုဒ် ၁၄(ဆ)အရ အငှားချထားသည့်စက်ရုံနှင့် မြေကို ပေါင်နှံခြင်း၊ ရောင်းချခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းပေးခြင်း၊ အသုံးပြုခွင့်ပေးခြင်းတို့ကို မပြုလုပ်ရသဖြင့် ကုမ္ပဏီအနေဖြင့် သဘောတူစာချုပ်ပါ စက်ရုံနှင့်မြေကို ဖက်စပ်ကုမ္ပဏီသို့ တစ်ဆင့်လွှဲပြောင်းပေးခြင်း သို့မဟုတ် အသုံးပြုခွင့်ပေးခြင်းတို့ ပြုလုပ်၍မရကြောင်း၊

(ဃ) ကုမ္ပဏီအနေဖြင့် ငှားရမ်းထားသည့်စက်ရုံနှင့်မြေ၌ ဖက်စပ်ကုမ္ပဏီ AGGD နှင့် အထည်ချုပ်လုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်မည်ဆိုပါက ဖက်စပ်ကုမ္ပဏီ AGGD သို့ တစ်ဆင့်ငှားရမ်းမှသာလျှင် လုပ်ငန်းဆောင်ရွက်၍ရမည် ဖြစ်ပြီး ထိုသို့တစ်ဆင့်ငှားရမ်းခြင်းကို ဌာနမှလည်း သဘောတူရန် လိုအပ်မည် ဖြစ်ကြောင်း။

၄။ သို့ပါ၍ အထက်ပါတွေ့ရှိချက်များအရ အောက်ပါအတိုင်း အကြံပြုအပ်ပါသည်-

(က) သဘောတူစာချုပ်အပိုဒ် ၁၄ (ဆ)အရ ကုမ္ပဏီသည် ငှားရမ်းထားသော စက်ရုံနှင့် ပစ္စည်းများအား ပေါင်နှံခြင်း၊ ရောင်းချခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းပေးခြင်း၊ အသုံးပြုခွင့်ပေးခြင်းတို့ကို ပြုလုပ်ခွင့်မရှိပါသဖြင့် ကုမ္ပဏီအနေဖြင့် ဖက်စပ်ကုမ္ပဏီ AGGD သို့ တစ်ဆင့်ငှားရမ်းခွင့်ရှိစေရန် သဘောတူစာချုပ်၏ အပိုဒ် ၁၄(ဆ)ကို ပြင်ဆင်ရန် လိုအပ်မည်ဖြစ်ပါသည်။

သို့ပါ၍ ဌာနနှင့် ကုမ္ပဏီတို့သည် ချုပ်ဆိုခဲ့သော သဘောတူစာချုပ်အား ပြင်ဆင်သည့် ပြင်ဆင်ချက်စာချုပ် ချုပ်ဆိုရန် လိုအပ်မည်ဖြစ်ပါ သည်၊

(ခ) အဆိုပါ ပြင်ဆင်ချက်စာချုပ်၌ ပေါင်နှံခြင်း၊ ရောင်းချခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့်လွှဲပြောင်းပေးခြင်း၊အသုံးပြုခွင့်ပေးခြင်းတို့ကိုဌာန၏သဘောတူညီချက်ရရှိမှသာ ဆောင်ရွက်ခွင့်ရှိသည်ဆိုသောအချက်နှင့် ကုမ္ပဏီသည် တစ်ဆင့်ငှားရမ်းခြင်းကို တာဝန်ယူရမည်နှင့် တစ်ဆင့်ငှားရမ်းသူအတွက်ပါတာဝန်ရှိသည်ဆိုသောအချက်တို့ကို ထည့်သွင်းဖော်ပြသင့်ပါသည်၊

(ဂ) ထို့အပြင် လုပ်ငန်းတိုးချဲ့ဆောင်ရွက်ပါက သဘောတူ စာချုပ်အပိုဒ် ၁၁ အရ ငှားရမ်းခအားလုပ်ငန်းအမျိုးအစားအလိုက် ဌာနနှင့် ကုမ္ပဏီတို့နှစ်ဖက်ညှိနှိုင်းသတ်မှတ်ရမည်ဟု ပါရှိသောကြောင့် သဘောတူစာချုပ်ပါ ငှားရမ်းခကို ဌာနအနေဖြင့် ပြင်ဆင်ရန် သင့် မသင့် စဉ်းစားရန်နှင့် ယင်းအချက်ကို ငှားရမ်းခအားနှစ်ဖက်စာချုပ်ဝင်များ ညှိနှိုင်းပြင်ဆင်သတ်မှတ်ပါက ပြင်ဆင်ချက်စာချုပ်၌ ဖော်ပြရန်လိုအပ်မည်ဖြစ်ပါသည်၊

(ဃ) ရည်ညွှန်းစာအပိုဒ် ၆ ၌ ဖက်စပ်ကုမ္ပဏီ AGGD အနေဖြင့် မြေအသုံးချမှုအဖြစ် တစ်စတုရန်းမီတာလျှင် အမေရိကန်(၀.၂) နှင့်အသားတင်အမြတ်ငွေ(၁%) ကို ထပ်ဆောင်းပေးသွင်းမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။အသားတင်အမြတ်ငွေရမှ မြေသုံးချမှုပရီမီယံကြေး (Land Use Premium) ရရှိမည့်သဘောသက်ရောက်နေပါသည်။ Land Use Premium နှင့်မြေငှားရမ်းခမှာ သဘောသဘာဝချင်း မတူညီပါသဖြင့်Land Use Premium အား တိကျစွာသတ်မှတ်သင့်ပါသည်။ Land Use Premium နှင့် စပ်လျဉ်း၍ သဘောတူစာချုပ်၌ ထည့်သွင်းချုပ်ဆိုထားခြင်းမရှိကြောင်း တွေ့ရှိရပါသည်၊ သို့ပါ၍ Land Use Premium အားတိကျစွာ သတ်မှတ်ဖော်ပြချက်အား ဖြည့်စွက်သည့် စည်းကမ်းချက်တစ်ရပ်အနေဖြင့် ပြင်ဆင်ချက်စာချုပ်တွင် ထည့်သွင်းဖော်ပြရန် လိုအပ်ပါသည်၊

(c) ပြင်ဆင်ချက်စာချုပ်ချုပ်ဆိုပြီးမှသာလျှင် ကုမ္ပဏီအနေဖြင့် အဆိုပါငှားရမ်းထားသည့် မြေမှစက်ရုံနှင့်မြေ သို့မဟုတ် မြေ (၁၉၀၀) ဧကအား ဖက်စပ်ကုမ္ပဏီ AGGD သို့ တစ်ဆင့်ငှားရမ်းသည့်စာချုပ် (Sub-Lease Agreement) စာချုပ်ချုပ်ဆိုသင့်ပါသည်၊

(စ) ရည်ညွှန်းစာအပိုဒ်၅အရ ကုမ္ပဏီသည် စင်္ကာပူနိုင်ငံရှိ Huachu Investment Pte Ltd နှင့်ဖက်စပ်၍ Asia Golden Development Co., Ltd (AGGD) တည်ထောင်ပြီး အမေရိကန်ဒေါ်လာသန်း(၆၀)ရင်းပြီးမြှုပ်နှံ၍ ပထမအဆင့်အနေဖြင့် အထည်ချုပ်စက်ရုံ၊ ဒုတိယအဆင့်အနေဖြင့် စက္ကူလုပ်ငန်းနှင့် စားသောက်ကုန်လုပ်ငန်းအပေါ် အခြေပြုသည့် စက်မှုလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မခွဲ ၁၆ (စ) ၌ "နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားကုမ္ပဏီတစ်ခုခုနှင့် ဖက်စပ်လုပ်ငန်း တည်ထောင်လုပ်ကိုင်လိုပါက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိကြောင်း" ပြဋ္ဌာန်းထားပါသည်။ သို့ပါ၍ ကုမ္ပဏီအနေဖြင့် စင်္ကာပူနိုင်ငံရှိ Huachu Investment Pte Ltd နှင့် ဖက်စပ်ကုမ္ပဏီထူထောင်ပါက ထိုဥပဒေပုဒ်မ ၁၆(စ) အရ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရန် လိုအပ်သည်ဟုသဘောရရှိကြောင်း ပြန်ကြားအပ်ပါသည်။

၅။ ဤအကြံပြုချက်ကို ပြည်ထောင်စုရှေ့နေချုပ်ဥပဒေနှင့်အညီ ဥပဒေကြောင်းအရသာ ဥပဒေအကြံဉာဏ်ပေးခြင်းဖြစ်ပါသည်။ ဥပဒေရေးရာမဟုတ်သည့် စီမံရေးရာ၊ ဘဏ္ဍာရေးရာ၊ ကျွမ်းကျင်မှုဆိုင်ရာကိစ္စရပ်များကို ဤရုံးအနေဖြင့် မှတ်ချက်ပေးရန်မရှိပါကြောင်းနှင့် ယင်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကျွမ်းကျင်သူများနှင့် ဆွေးနွေးညှိနှိုင်းဆောင်ရွက်ရန် အကြံပြုပါသည်။

၆။ ဤအကြံပြုချက်ကို လျို့ဝှက်အဆင့်သတ်မှတ်ဆောင်ရွက်ရန်ဖြစ်ပါသည်။

၁၀/၁၁/၂၀၁၅

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)

(မေသီလင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်)

ဦးဆောင်ညွှန်ကြားရေးမှူး

စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း

စက်မှုဝန်ကြီးဌာန

မိတ္တူ - ရုံးလက်ခံ / မျှောစာတွဲ

၁၇၇
၃၀-၁-၁၅

ဝင်စာ ၁၆၀
၂၉-၁-၁၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပြည်ထောင်စုရှေ့နေချုပ်ရုံး

နေပြည်တော်

စာအမှတ်၊ ၂(၅) ၃ - ၁၉ / နပတ(၈၆)

ရက်စွဲ၊ ၂၀၁၅ ခုနှစ် ၊ ဇန်နဝါရီလ ၂၇ ရက်

အကြောင်းအရာ။ **စက္ကူစက်ရုံ(ရေနီ) ၏ မြေ၊ အဆောက်အဦနှင့် စက်ပစ္စည်းများအား ငှားရမ်းသည့် သဘောတူစာချုပ်အား ပြင်ဆင်ချုပ်ဆိုမည့် ပြင်ဆင်ချက်သဘောတူစာချုပ် (မူကြမ်း) အပေါ် သဘောထားမှတ်ချက်ပေးရန်ကိစ္စ**

ရည်ညွှန်းချက် ။ စက်မှုဝန်ကြီးဌာန၊ စက္ကူနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း၏၇-၁-၂၀၁၅ ရက်စွဲပါ စာအမှတ်၊ ၁၅၀၆ (၁- စမ) ၂၀၁၅/ ၂၃၈/ ၅၆

၁။ စက္ကူနှင့် အိမ်သုံးပစ္စည်းလုပ်ငန်းအောက်ရှိ စက္ကူစက်ရုံ(ရေနီ)အား လက်ဝါးကုမ္ပဏီလီမိတက်သို့ ငှားရမ်းချုပ်ဆိုခဲ့သည့် ငှားရမ်းရေးသဘောတူစာချုပ်အားပြင်ဆင်ချုပ်ဆိုမည့် ပြင်ဆင်ချက်သဘောတူစာချုပ်(မူကြမ်း) အပေါ် သဘောထားမှတ်ချက်ပြန်ကြားပေးပါရန် ရည်ညွှန်းချက်ပါစာဖြင့် ညှိနှိုင်းမေတ္တာရပ်ခံလာသောကိစ္စဖြစ်ပါသည်။

၂။ ရည်ညွှန်းချက်ပါစာ၌ စက္ကူနှင့် အိမ်သုံးပစ္စည်းလုပ်ငန်းအောက်ရှိ စက္ကူစက်ရုံ(ရေနီ) အား လက်ဝါးကုမ္ပဏီလီမိတက်သို့ ၁.၁၀.၂၀၁၃ ရက်နေ့မှစ၍ ၁နှစ်လျှင် ငှားရမ်းခ ကျပ်(၉၅၀)သန်းဖြင့် နှစ်(၃၀) ငှားရမ်းခဲ့ကြောင်း၊ ယခုအခါလက်ဝါးကုမ္ပဏီလီမိတက်သည် စင်္ကာပူနိုင်ငံရှိ Hua Chou Investment Pte. Ltd နှင့် ဖက်စပ်၍ Asia Golden Glory Development Co., Ltd (AGGD) တည်ထောင်၍ ပထမအဆင့်အနေဖြင့် အထည်စက်ရုံတည်ဆောက်ပြီး ဒုတိယအဆင့် အနေဖြင့် စက္ကူလုပ်ငန်းနှင့် စားသောက်ကုန်လုပ်ငန်းအပေါ် အခြေပြုသည့် စက်မှုလုပ်ငန်းများ အပြင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများဆောင်ရွက်ရန် စက်မှုဝန်ကြီးဌာန ပစ္စည်းဝယ်ယူရောင်းချရေးနှင့် ဘဏ္ဍာရေး

...အစည်းအဝေးအမှတ်စဉ် (၆/၂၀၁၄-၂၀၁၅)မှသဘောတူခဲ့ကြောင်း၊ သို့ပါ၍ မူလသဘောတူ ...ချုပ်အပေါ် ပြင်ဆင်ချက်သဘောတူစာချုပ်ချုပ်ဆိုနိုင်ရေးအတွက် သဘောထားမှတ်ချက်ပြန်ကြား ...ပေးပါရန်ဟု ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

၃။ ပေးပို့လာသောပြင်ဆင်ချက်သဘောတူစာချုပ်(မူကြမ်း)အားဥပဒေရှုထောင့်မှလေ့လာ စိစစ်ပြီး အောက်ပါအတိုင်း သုံးသပ်အကြံပြုအပ်ပါသည်-

(က) စာချုပ်(မူကြမ်း)နိဒါန်းအပိုဒ်(ဂ)၌လက်ဝါးကုမ္ပဏီလီမိတက်အနေဖြင့် စင်္ကာပူ နိုင်ငံရှိ Hua Chou Investment Pte. Ltd နှင့် ဖက်စပ်ကုမ္ပဏီ (AGGD) တည်ထောင်ပြီး ပထမအဆင့်နှင့် ဒုတိယအဆင့်အနေဖြင့် လုပ်ကိုင်ဆောင်ရွက် မည့်လုပ်ငန်းများကို ဖော်ပြထားပါသည်။ တတိယအဆင့်အနေဖြင့် မည်သည့် လုပ်ငန်း လုပ်ကိုင်ဆောင်ရွက်မည်ဖြစ်ကြောင်း ဖော်ပြထားခြင်း မရှိသည်ကို တွေ့ရှိရပါသည်။ စာချုပ်(မူကြမ်း) အပိုဒ် ၁ပါ မူလစာချုပ်၏ အပိုဒ် ၁၁ အား ပယ်ဖျက်၍ အစားထိုးပြင်ဆင်မည့် အပိုဒ် ၁၁၊ အပိုဒ်ခွဲ (က) နှင့် (ခ) တို့တွင် "တတိယအဆင့်အနေဖြင့်" ဟူ၍ သုံးနှုန်းထားသော်လည်း မည်သည့်လုပ်ငန်း လုပ်ကိုင်ဆောင်ရွက်မည်ဖြစ်ကြောင်း ဖော်ပြထားခြင်းမရှိကြောင်း တွေ့ရှိရပါ သည်။ သို့ပါ၍ လက်ဝါးကုမ္ပဏီလီမိတက်သည် တတိယအဆင့်အနေဖြင့် မည်သည့်လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်မည်ဖြစ်ကြောင်း ဖော်ပြရန်လိုအပ်ပါ သည်၊

(ခ) စာချုပ်(မူကြမ်း) နိဒါန်းအပိုဒ်(ဂ)၌ "စာချုပ်ပြင်ဆင်ချုပ်ဆိုရန် လုပ်ငန်းမှ သဘောတူခဲ့ပြီး-------" ဟူ၍ ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။ လုပ်ငန်း သည် မည်သည့်ဌာန/ အဖွဲ့အစည်းကိုဆိုလိုကြောင်း အပြည့်အစုံဖော်ပြရန် လိုအပ်ပါသည်၊

လျှို့ဝှက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စက်မှုဝန်ကြီးဌာန

အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း

နှင့်

လက်ဝါးကုမ္ပဏီလီမိတက်တို့ ချုပ်ဆိုသော

စက္ကူစက်ရုံ(ရေနီ)အား ငှားရမ်းသည့် သဘောတူစာချုပ်အပေါ်

ဒုတိယအကြိမ် ပြင်ဆင်ချက်သဘောတူစာချုပ်

ရက်စွဲ၊ ၂၀၁၈ ခုနှစ်   လ   ရက်

လျှို့ဝှက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စက်မှုဝန်ကြီးဌာန

စာအမှတ်၊ ၁၅ - စမ (၂) ၂၀၁၈ (၁၃၂၉)
ရက် စွဲ၊ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂ ရက်

အကြောင်းအရာ။ ဒုတိယအကြိမ်ပြင်ဆင်ချက် သဘောတူစာချုပ်(မူကြမ်း)အပေါ် သဘောထားမှတ်ချက်ပြန်ကြားလာခြင်းကိစ္စ

ရည် ညွှန်း ချက်။ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ၂၆.၇.၂၀၁၈ ရက်စွဲပါ စာအမှတ်၊ ၂(၅) ၃ - ၆၇/ နပတ(၇၂၁) (မိတ္တူပူးတွဲလျက်)

၁။ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ စက္ကူစက်ရုံ(ရေနီ)တွင် နှမ်းရွေး၊ နှမ်းလှော်ခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် Lat War Co.,Ltd. နှင့်ချုပ်ဆိုမည့် ဒုတိယအကြိမ် ပြင်ဆင် ချက် သဘောတူစာချုပ်(မူကြမ်း)အပေါ် သဘောထားမှတ်ချက်နှင့် အကြံပြုချက်များ ပြန်ကြားပေးနိုင်ပါရန် တောင်းခံခဲ့ခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရှေ့နေချုပ်ဥပဒေနှင့်အညီ ဥပဒေကြောင်းအရသာ ဥပဒေအကြံဉာဏ်ပေးခြင်းဖြစ်ကြောင်း ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ရည်ညွှန်းပါစာဖြင့် သဘောထားမှတ်ချက်ပြန်ကြားလာမှုအား ပြည်ထောင်စုဝန်ကြီးမှ အောက်ပါအတိုင်း မိန့်မှတ်ချက်ပြုခဲ့ပါသည်-

- ပြင်ဆင်၍ ထပ်မံတင်ပြရန်။

၂။ သို့ပါ၍ ဒုတိယအကြိမ် ပြင်ဆင်ချက်သဘောတူစာချုပ်(မူကြမ်း)အား ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ အကြံပြုချက်များအတိုင်း ပြင်ဆင်ပြုစုပြီး ဝန်ကြီးရုံးသို့ ဆောလျင်စွာ တင်ပြရန် အကြောင်းကြားပါသည်။

ပြည်ထောင်စုဝန်ကြီး (ကိုယ်စား)
(ထွန်းမြင့်၊ ဒုတိယအမြဲတမ်းအတွင်းဝန်)

ဆောင်ညွှန်ကြားရေးမှူး
မှတ်(၃)အကြီးစားစက်မှုလုပ်ငန်း

လျှို့ဝှက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပြည်ထောင်စုရှေ့နေချုပ်ရုံး

နေပြည်တော်

စာအမှတ်၊ ၂(၅)၃ - ၆၇ / နပတ (၇၂၁)

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်

သို့

စက်မှုဝန်ကြီးဌာန

အကြောင်းအရာ။ ဒုတိယအကြိမ်ပြင်ဆင်ချက် သဘောတူစာချုပ်(မူကြမ်း)အပေါ် သဘောထားမှတ်ချက် ပြန်ကြားပေးပါရန်ကိစ္စ။

ရည်ညွှန်းချက် ။ စက်မှုဝန်ကြီးဌာန၏ ၂၅-၆-၂၀၁၈ ရက်စွဲပါစာအမှတ်၊ ၁၅-စမ (၂) ၂၀၁၈ (၈၇၁)

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ စက္ကူစက်ရုံ(ရေနီ)တွင် နှမ်းရွေး၊ နှမ်းလှော်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် Lat War Co., Ltd နှင့် ချုပ်ဆိုမည့် ဒုတိယအကြိမ်ပြင်ဆင်ချက် သဘောတူစာချုပ်(မူကြမ်း)အပေါ် သဘောထားမှတ်ချက် ပြန်ကြားပေးပါရန် ရည်ညွှန်းချက်ပါစာဖြင့် မေတ္တာရပ်ခံသော ကိစ္စဖြစ်ပါသည်။

၂။ ရည်ညွှန်းချက်ပါစာ၌ စက္ကူနှင့် အိမ်သုံးပစ္စည်းလုပ်ငန်းလက်အောက်ရှိ စက္ကူစက်ရုံ(ရေနီ)တွင် ဒုတိယအဆင့်အနေဖြင့် ဆောင်ရွက်မည့် စက္ကူလုပ်ငန်းနှင့် စားသောက်ကုန်လုပ်ငန်းအပေါ် အခြေပြုသည့် စက်မှုလုပ်ငန်းများဖြစ်သော နှမ်းရွေး၊ နှမ်းလှော်ခြင်းလုပ်ငန်း လုပ်ကိုင်ရန်အတွက် Lat War Co., Ltd အနေဖြင့် (၂၀%)၊ DKFL Food Singapore Pte Ltd မှ (၈၀%) ကို့ဖြင့် DKL Food Myanmar Co., Ltd (ဖက်စပ်ကုမ္ပဏီ) တည်ထောင်ပြီး မူလစက်ရုံ ဌားရမ်းမြေတွင် နိုင်ငံတကာအဆင့်မီ နှမ်းရွေး၊ နှမ်းလှော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် အဆောက်အဦ ၂)လုံး ဆောက်လုပ်အသုံးပြုခြင်းအတွက် မူလငှားရမ်းခအပြင် အဆောက်အဦဆောက်လုပ်ပြီးစီး၍ သုံးပြုချိန်တွင် တစ်နှစ်လျှင် ငှားရမ်းခငွေကျပ်(၅.၀၀၀)သန်း ထပ်မံပေးချေမည့်ကိစ္စကို စက်မှု

ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၆/၂၀၁၈) မှ သဘောတူခွင့်ပြုခဲ့ကြောင်း၊ သို့ပါ၍ မူလသဘောတူစာချုပ်အပေါ် ပြင်ဆင်ချက်သဘောတူစာချုပ် ချုပ်ဆိုနိုင်ရေးအတွက် သဘောထားမှတ်ချက်ပြန်ကြားပေးပါရန်ဟု ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

၃။ ပေးပို့လာသော ဒုတိယအကြိမ် ပြင်ဆင်ချက်သဘောတူစာချုပ်(မူကြမ်း)အား ဥပဒေရှုထောင့်မှ လေ့လာစိစစ်ပြီး အောက်ပါအတိုင်း သုံးသပ်အကြံပြုအပ်ပါသည် -

(က) ဒုတိယအကြိမ် ပြင်ဆင်ချက်စာချုပ်(မူကြမ်း) အပိုဒ် (ဆ) တွင် ယခုအခါ မူလစာချုပ်၏အပိုဒ်(၁၄)၊ အပိုဒ်ခွဲ(ဈ)ပါ စည်းကမ်းချက်အရလည်းကောင်း၊ ပထမအကြိမ် ပြင်ဆင်ချက်သဘောတူစာချုပ်၏ အပိုဒ် ၁၂(က) ပါ စားသောက်ကုန်အပေါ် အခြေပြုသည့် စက်မှုလုပ်ငန်းဖြစ်သော နိုင်ငံတကာအဆင့်မီ နှမ်းရွေး၊ နှမ်းလှော်ခြင်းလုပ်ငန်း ဆောင်ရွက်လိုခြင်းကြောင့်လည်းကောင်း၊ ဤ ဒုတိယအကြိမ် ပြင်ဆင်ချက်သဘောတူစာချုပ်ကို စာချုပ်ဝင်များအကြား ချုပ်ဆိုရခြင်းဖြစ်သည်ဟု ဖော်ပြထားပါသည်။ အဆိုပါ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်မည့်နေရာမှာ မူလစာချုပ်ပါ ငှားရမ်းသည့်မြေကွက်၏ မည်သည့်နေရာနှင့် မြေကွက်မည်မျှတွင် လုပ်ကိုင်ဆောင်ရွက်မည်ဖြစ်ကြောင်း စာချုပ်စည်းကမ်းချက်တွင် ထည့်သွင်းဖော်ပြရန်လိုအပ်ပါသည်၊

(ခ) ဒုတိယအကြိမ် ပြင်ဆင်ချက်စာချုပ်(မူကြမ်း) အပိုဒ် (ဇ) တွင် ဖော်ပြထားသော နှမ်းရွေး၊ နှမ်းလှော်ခြင်းလုပ်ငန်းအတွက် ရင်းနှီးမြှုပ်နှံမှုပမာဏမည်မျှဖြစ်ကြောင်း ထည့်သွင်းဖော်ပြသင့်ပါသည်၊

(ဂ) ဒုတိယအကြိမ် ပြင်ဆင်ချက်စာချုပ်(မူကြမ်း) အပိုဒ် (ဇ) နှင့် (ဈ) တို့၌ ရည်ညွှန်းထားသော မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်နှင့် စက်မှုဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ်တို့အား စာချုပ်(မူကြမ်း)တွင် နောက်ဆက်တွဲများအဖြစ် ပူးတွဲဖော်ပြသင့်ပါသည်။

ထို့ပြင် အဆိုပါအပိုဒ် (ဓ) နှင့် (ဈ) ပါ ကွက်လပ်များကို စာချုပ်ချုပ်ဆိုချိန်၌ ပြည့်စုံစွာဖော်ပြထားရန်လိုအပ်ပါသည်၊

(ဃ) ဒုတိယအကြိမ် ပြင်ဆင်ချက်စာချုပ်(မူကြမ်း) အပိုဒ် (ဈ) အောက်ရှိ စာပိုဒ်၌ မူလစာချုပ်အပိုဒ် ၂၇ အရ မူလစာချုပ်ကို ဒုတိယအကြိမ် ပြင်ဆင်ချက်သဘောတူစာချုပ်ကို ချုပ်ဆိုရခြင်းဖြစ်ကြောင်း ဖော်ပြထားပါသည်။ ၈-၁၂-၂၀၁၅ ရက်နေ့၌ ချုပ်ဆိုသော ပထမအကြိမ် ပြင်ဆင်ချက်စာချုပ်၌ မူလစာချုပ် အပိုဒ် ၁၅ မှ ၃၁ အထိ အပိုဒ် ၁၆ မှ ၃၂ အထိ ပြောင်းလဲပြင်ဆင်ခဲ့သဖြင့် မူလစာချုပ်အပိုဒ် ၂၇ သည် အပိုဒ် ၂၈ သို့ ပြောင်းလဲသွားပါသည်။ သို့ပါ၍ အပိုဒ် ၂၇ အား အပိုဒ် ၂၈ ဟု မင်နီဖြင့် ပြင်ဆင်ပေးလိုက်ပါသည်၊

(င) ပြင်ဆင်ချက်စာချုပ်(မူကြမ်း) အပိုဒ် ၁ တွင် မူလစာချုပ်အပိုဒ် ၃(ခ) ပါ မြေဧရိယာအားအစားထိုးပြင်ဆင်ထားကြောင်းတွေ့ရှိရပါသည်။ မူလစာချုပ်၌ မြေဧရိယာအား ၂၀၅၁၉၇၀ ဧက ဟု ဖော်ပြလျက် စက်ရုံဧရိယာ၊ ဝန်ထမ်းအိမ်ရာ၊ ကုန်ကြမ်းစိုက်ခင်းနှင့် မြေလွတ်တို့၏ ဧရိယာမှာမည်မျှ ဖြစ်ကြောင်း အသေးစိတ်ခွဲခြား၍ ဖော်ပြထားပါသည်။ သို့ပါ၍ ယခုပြင်ဆင်ချက် စာချုပ်(မူကြမ်း)ပါ အစားထိုးပြင်ဆင်မည့် မြေဧရိယာသည် မူလစာချုပ်၌ ဖော်ပြထားသကဲ့သို့ အသေးစိတ်ဖော်ပြရန်လိုအပ်ပါသည်။ ဌာနမှ ပြန်လည်စိစစ်ရန် ဖြစ်ပါသည်၊

(စ) ပြင်ဆင်ချက်စာချုပ်(မူကြမ်း) အပိုဒ် ၂ တွင် မူလစာချုပ်အပိုဒ် ၇ ပြင်ပဝန်ထမ်းစည်းကမ်းချက်ဖြင့် လွှဲပြောင်းပေးမည့် ဝန်ထမ်းအင်အားများအား မူလစာချုပ်တွင် ဖော်ပြထားသည့် ဝန်ထမ်းအင်အားများထက် လျော့ချထားကြောင်း တွေ့ရှိရပါသည်။ ပြင်ပဝန်ထမ်းလွှဲပြောင်းသည့်ကိစ္စတွင် လျော့နည်းသွားသည့်ဝန်ထမ်းများနှင့် စပ်လျဉ်း၍ ဌာနသို့ ပြန်လည်ပေးပို့ကြောင်း

သို့မဟုတ် အငြိမ်းစားယူသွားကြောင်း သို့မဟုတ် လျော့နည်းသွားသော

အခါပါ ဝန်ထမ်းများနှင့်စပ်လျဉ်း၍ ဌာနက မည်သို့ဆောင်ရွက်ပေးခဲ့ကြောင်း သို့မဟုတ် ကုမ္ပဏီ(အငှားချထားခြင်းခံရသူ)က မည်သို့ဆောင်ရွက်ကြောင်းတို့ကို ထည့်သွင်းဖော်ပြသင့်ပါသည်၊

(ဆ) ပြင်ဆင်ချက်စာချုပ်(မူကြမ်း) အပိုဒ် ၃ ပါ မူလစာချုပ်အပိုဒ် ၁၂ တွင် အပိုဒ် (ဃ)အဖြစ် ထပ်မံဖြည့်စွက်မည့် အပိုဒ်၌ဖော်ပြထားသော "ထပ်မံ ဆောက်လုပ်သည့် အဆောက်အဦ ၂ လုံးအတွက် တစ်နှစ်ငှားရမ်းခသည်" နိုင်ငံတော်သမ္မတရုံး၏ ၁-၆-၂၀၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်- ၄၁/၂၀၁၈ ဖြင့်ထုတ်ပြန်သော "သဘောတူစာချုပ်များ ချုပ်ဆိုရာတွင် လိုက်နာဆောင်ရွက်ရမည့် လမ်းညွှန်ချက်များ ထုတ်ပြန်ခြင်း" အပိုဒ် ၇(၃) (၁၀) (ဃဃ) နှင့် အညီဒေသအလိုက် ကာလပေါက်ဈေးနှင့် ကိုက်ညီသော မြေငှားရမ်းခနှုန်းထားဟုတ် မဟုတ် ပြန်လည်စိစစ်ရန်လိုအပ်ပါသည်၊

(ဇ) ဒုတိယအကြိမ် ပြင်ဆင်ချက်စာချုပ်(မူကြမ်း) အပိုဒ် ၃ နှင့် ၄ ပါ မူလစာချုပ်အပိုဒ် ၁၂ နှင့် ၁၃ တွင် ထပ်မံဖြည့်စွက်သည့် အပိုဒ် ၁၂(က) နှင့် ၁၃(ဃ) ၌ "အငှား ချထားခြင်းခံရသူသည် စက်ရုံငှားရမ်းမြေပေါ်တွင် နှမ်းရွေး၊ နှမ်းလှော်ခြင်း လုပ်ငန်းဆောင်ရွက်ရန် အဆောက်အဦ(၂)လုံး၊ ဆောက်လုပ်ခြင်းအတွက် အဆောက်အဦဆောက်လုပ် ပြီးစီး၍ စတင်အသုံးပြုချိန်တွင် ငှားရမ်းခ ××××××× ပေးသွင်းရမည်"ဟု ဖော်ပြထားပါသည်။ အဆိုပါ ငှားရမ်းခအား အဆောက်အဦဆောက်လုပ်ပြီးစီး၍ စတင်အသုံးပြုချိန်တွင် ရရှိမည်ဖြစ်သဖြင့် အဆိုပါအဆောက်အဦ ၂ လုံးကို ယခု ဒုတိယအကြိမ် ပြင်ဆင်ချက်စာချုပ် ချုပ်ဆိုပြီး ရက်ပေါင်းမည်မျှအတွင်း ဆောက်လုပ်ရမည်ဖြစ်ကြောင်း၊ အဆောက်အဦ ၂ လုံးဆောက်လုပ်မည့် ကာလမှာ အချိန်ကာလမည်မျှဖြစ်ကြောင်းစသည်တို့ကို ထည့်သွင်းဖော်ပြရန်လိုအပ်ပါသည်။ ထို့အပြင်

အဆောက်အဦဆောက်လုပ်ပြီးစီး၍ ရက်ပေါင်းမည်မျှအတွင်း စကာင် အသုံးပြုမည်ဆိုသောအချက်အား ဖော်ပြရန်လိုအပ်ပါသည်၊

(ဈ) ဒုတိယအကြိမ် ပြင်ဆင်ချက်စာချုပ်(မူကြမ်း) အပိုဒ် ၅ အငှားချထားခြင်းခံရသူ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များခေါင်းစဉ်အောက်ရှိ မူလစာချုပ်အပိုဒ် ၁၅ အပိုဒ်ခွဲ (ဂ) ကို အစားထိုးပြင်ဆင်သည့်အပိုဒ်တွင် "အငှားချထားခြင်းခံရသူသည် နိုင်ငံခြားကုမ္ပဏီနှင့် ဖက်စပ်ကုမ္ပဏီထူထောင်၍ လုပ်ငန်းဆောင်ရွက်ပါက မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မခွဲ ၁၆(ဧ) ၌ နိုင်ငံခြားသား (သို့မဟုတ်) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိကြောင်း ပြဋ္ဌာန်းထားပါသဖြင့် "အငှားချထားခြင်းခံရသူ" နှင့် ×××××× နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရမည်"ဟု ဖော်ပြထားပါသည်။ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအား ၁၈-၁၀-၂၀၁၆ ရက်နေ့၌ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်- ၄၀/ ၂၀၁၆ ဖြင့် ပြဋ္ဌာန်းခဲ့သော မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေဖြင့် ရုပ်သိမ်းပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအစားထိုးပြင်ဆင် သည့် အပိုဒ် ၁၅(ဂ) အား ထည့်သွင်းဖော်ပြရန် မလိုအပ်သဖြင့် မင်နီဖြင့် ပယ်ဖျက်ပေးလိုက်ပါသည်၊

(ည) ယခုပြင်ဆင်ချက် စာချုပ်(မူကြမ်း)ကို မချုပ်ဆိုမီ စာချုပ်(မူကြမ်း) အပိုဒ် (စ)ပါအတိုင်း Lat War Co., Ltd အနေဖြင့် DKL Food Singapore Pte. Ltd ဖြင့် DKL Food Myanmar Co., Ltd ဖြစ်သော ဖက်စပ်ကုမ္ပဏီကို တည်ထောင်ပြီးဖြစ်ရန် လိုအပ်ပါသည်၊

(ဋ) လိုအပ်သောနေရာတွင် မင်နီဖြင့် ပြင်ဆင်ဖြည့်စွက်ပေးလိုက်ပါသည်။

၃။ ဒုတိယအကြိမ် ပြင်ဆင်ချက်စာချုပ်(မူကြမ်း)ကို ပြည်ထောင်စုရှေ့နေချုပ်ဥပဒေနှင့်သို့ ဥပဒေကြောင်းအရသာ ဥပဒေအကြံဉာဏ်ပေးခြင်းဖြစ်ပါသည်။ ဥပဒေရေးရာမဟုတ်သည့်

ဝိမံရေးရာ၊ ဘဏ္ဍာရေးရာ၊ ကျွမ်းကျင်မှုဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဌာနက လိုအပ်သလို ဆောင်ရွက်ရန်ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

၅။ Lat War Co., Ltd သည် စာချုပ်ပါလုပ်ငန်းကို လုပ်ကိုင်နိုင်ခွင့်နှင့် လုပ်ကိုင်နိုင်စွမ်း ရှိ မရှိ၊ ငွေကြေးအင်အားပြည့်စုံမှုရှိ မရှိ၊ စာချုပ်တွင် လက်မှတ်ရေးထိုးမည့်သူသည် တရားဝင်လွှဲအပ်ခြင်းခံရသူဟုတ် မဟုတ် စသည့်အချက်များနှင့်စပ်လျဉ်း၍ စာချုပ်မချုပ်ဆိုမီ ကြိုတင်စိစစ်ရန် လိုအပ်မည်ဖြစ်ပါသည်။

၆။ ဤ ဒုတိယအကြိမ်ပြင်ဆင်ချက်စာချုပ်(မူကြမ်း)ကို လက်မှတ်ရေးထိုးချုပ်ဆိုပြီးပါက မှတ်တမ်းတင်ထားနိုင်ရန်အတွက် ဤရုံးသို့ မိတ္တူ(၃)စောင်ပေးပို့ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ပြည်ထောင်စုရှေ့နေချုပ်(ကိုယ်စား)

(ဒေါက်တာသီတာဦး၊ ညွှန်ကြားရေးမှူးချုပ်)

မိတ္တူ - ရုံးလက်ခံ/ မျှောစာတွဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စက်မှုဝန်ကြီးဌာန
အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း
နှင့်
လက်ဝါးကုမ္ပဏီလီမိတက်တို့ ချုပ်ဆိုထားသော
စက္ကူစက်ရုံ(ရေနီ)အား ငှားရမ်းသည့် သဘောတူစာချုပ်အပေါ်
ဒုတိယအကြိမ် ပြင်ဆင်ချက်သဘောတူစာချုပ်

ဤ ပြင်ဆင်ချက် သဘောတူစာချုပ်ကို ၂၀၁၈ ခုနှစ် လ( )ရက် နေ့တွင် နေပြည်တော်ရှိ ဦးသိန်းဟန်၊ ဦးဆောင်ညွှန်ကြားရေးမှူး ကိုယ်စားပြုသော အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း (နောင်တွင် "အငှားချထားသူ" ဟုခေါ်ဆိုမည် ဖြစ်ပြီး ယင်းစကားရပ်၌ ၎င်းအား ဆက်ခံသူများ နှင့် ဥပဒေအရ လွှဲအပ်ခြင်းခံရသူများ ပါဝင်သည်။) က တစ်ဖက်

နှင့်

ဒေါက်တာခင်မောင်အေး နိုင်ငံသားမှတ်ပုံတင်အမှတ်၊ ၁၂/အလန(နိုင်)၀၀၀၉၀၂ ကိုယ်စားပြုသော လက်ဝါးကုမ္ပဏီလီမိတက်၊ အမှတ်(၉၆)၊ နှင်းဆီကုန်းလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး(နောင်တွင်"အငှားချထားခြင်းခံရသူ"ဟု ခေါ်ဆိုမည်ဖြစ်ပြီး ယင်းစကားရပ်၌ ၎င်းအား ဆက်ခံသူများ၊ တရားဝင်ကိုယ်စားလှယ်များ၊ ဥပဒေအရလွှဲအပ်ခြင်းခံရသူများ ပါဝင်သည်။) က အခြားတစ်ဖက်တို့သည် အောက်ပါသဘောတူညီချက်များကို သတ်မှတ်၍ နှစ်ဦးသဘောတူစာချုပ် ချုပ်ဆိုကြပါသည်-

ရည်ရွယ်ချက်

(က) ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ ရေနီမြို့ စက္ကူစက်ရုံ(ရေနီ)ကို "အငှားချထားခြင်းခံရသူ" မှငှားရမ်းပြီး လက်ရှိဘွိုင်လာများအား Gas Burner ပြောင်းလဲ၍ Internal Gas Line သွယ်တန်းခြင်း၊ 36MW ~ 45MW Power Plant တည်ဆောက်ခြင်း၊ နိုင်ငံခြားသားပညာရှင်များခေါ်ယူ၍ စက္ကူနှင့်ပျော့ဖတ်စက်ရုံအားပြုပြင်မွမ်းမံမှုများ ဆောင်ရွက်ခြင်း၊ Replantation Plan စီမံဆောင်ရွက်ခြင်း၊ အထည်ချုပ်လုပ်ငန်းဆောင်ရွက်ခြင်း လုပ်ငန်းများနှင့် စက္ကူနှင့်ပတ်သက်သော စက်မှုလုပ်ငန်းများအား အထည်အလိပ်နှင့်စက္ကူလုပ်ငန်း အထူးပြုသည့် စက်မှုနယ်မြေ (Industrial Complex) အဖြစ်ထူထောင်၍ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများကို ဖိတ်ခေါ်ဆောင်ရွက်နိုင်ရန် ရည်ရွယ်လျက် ပြည်ထောင်စုအစိုးရအဖွဲ့၏ (၂၈.၁၁.၂၀၁၃)ရက်စွဲပါ ခွင့်ပြုချက်အမှတ်(၃၂/၂၀၁၃)အရ စက်ရုံငှားရမ်းသည့်

